www.burmeseclassic.com

စိန်သရဖူစာပေ

# မောင်လှမျိုး

၊ချင်းချောင်းခြံ၊

## နှလုံးသား၏နောက်ဆုံးထုတ်ပုံသဏ္ဌာန်သစ်

အသစ်စက်စက် လုံးချင်းဝတ္ထုသစ်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၇၄၇၁၂၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၂၅၀၀၃၁၀

ထုတ်ဝေသည့်ကာလ - ၂၀၁၀ ခုနှစ်၊ ဧပြီလ။

ပုံနှိပ်ခြင်း - ပထမအကြိမ်

စာအုပ်ရေ - ၅၀၀

တန်ဖိုး - ၁၀၀ ကျပ်

ကွန်ပျူတာစာစီ - လှမျိုးအောင်

မျက်နှာဖုံးဒီဇိုင်း - သက်ထားအိ၊ မင်းမြင့်နိုင်

**ထုတ်ဝေသူ**

ဒေါ်တင်တင်အုန်း (၀၃၇၄၈) စိန်သရဖူစာပေ

အမှတ် (၆၆)၊ (၆)လမ်း၊ လမ်းမတော်မြို့နယ်။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ**

ဦးကျော်ရင် (၀၅၄၁၇)၊ ရွှေခြင်္သေ့ပုံနှိပ်တိုက်

၂၅၊ အခန်း-၂၊ ၃၁-လမ်း၊ ပန်းဘဲတန်း၊ ရန်ကုန်။

ဂ၉၅. ၈၃

မောင်လှမျိုး (ချင်းချောင်းခြံ)

နှလုံးသား၏နောက်ဆုံးထုတ်ပုံသဏ္ဌာန်သစ်/မောင်လှမျိုး (ချင်းချောင်းခြံ)။ - ရန်ကုန်

စိန်သရဖူစာပေ ၂၀၁၀

၂၉၈ - စာ ၊ ၁၂. ၅ × ၁၇. ၅ စင်တီ။

(၁) နှလုံးသား၏နောက်ဆုံးထုတ်ပုံသဏ္ဌာန်သစ်



## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်

ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင်တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com

# မောင်လှမျိုး (ချင်းချောင်းခြံ)

## နှလုံးသားဆီနောက်ဆုံးထုတ်
## ပုံသဏ္ဍာန်သစ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



၁။

"အဲဒီဘဲကြီး"ဟု၊ သိန်းမြင့်ဇော်က၊ လက်ညှိုးထိုးပြသည်။ ညွှန်ပြရာဘက်သို့ မြသီတာ လှမ်းကြည့်၏။ ပြီးမှ . .

"ဟဲ့ ။ငါတို့ထက် ၊ အသက်ကြီးတယ်နော်။ ဆယ်နှစ်လောက် ကြီးလိမ့်မယ် ထင်တယ်။ ဘဲကြီး လို့တော့၊ မခေါ်ပါနဲ့ဟ"

"ဘာလဲ။ ကျောင်းဒကာကြီးလို့ ခေါ်ရမှာလား"

သိန်းမြင့်ဇော်၏ အပြောကြောင့်၊ မြသီတာ ရယ်လေသည်။ အရယ်ရပ်ပြီး . .

"နင့်အစ်မ,က၊ ဘာလုပ်စေချင်တာလဲ"

"လမ်းမှာတွေ့ရင်၊ချောင်းရိုက်ခဲ့ဖို့ ၊ မှာထားတာ"

"နင် . . တကယ်သွားရိုက်မှာလား"

သိန်းမြင့်ဇော် ခေါင်းညိတ်၏။

"ငါ . . ကြောက်တယ်နော်"

"နင်,ကြောက်ရင်၊ ဒီမှာနေခဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း။ မနေခဲ့ဘူး"

"ငါက၊ ရိုက်ပြီး ပြေးမှာ"

"နင်, ပြေးနိုင်ရင်၊ လိုက်ခဲ့ပေါ့"

"မလိုက်ရဲပါဘူးဆို"

သိန်းမြင့်ဇော်က ၊ ခြေစုံရပ်လျက် . .

"ငါလည်း၊ တစ်ခါမှ၊ ရန်ဖြစ်ဖူးတာ မဟုတ်ဘူး။ရိုက်ပြီးတာနဲ့၊ ပြေးရမှာ။ အဲဒီတော့၊ နင်,အရင်၊ ကားလမ်းကူးသွားနှင့်။

ပြီးရင်၊ နင့်ဘာသာပြန်။ငါလည်း၊ငါ့ဘာသာ၊ အိမ်အရောက် ပြေးမယ်။ ဘယ့်နှယ့်လဲ"

"နေပါဦးသိန်းမြင့်ဇော်ရယ်။ငါ . . ,ရင်တွေ တုန်လို့ပါ။နင် . . ။ အဲဒီ့လူကို၊ မရိုက်လို့၊ မဖြစ်ဘူးလား"

"လူရှင်းတုန်း ၊ ရိုက်ရမှာဟ။ ဒီလို အခွင့်အရေးမျိုးက၊ ရခဲတယ်။

သူ့ကားကို၊ သူမှီပြီး၊ ရပ်နေတုန်း။နောက်က၊ ဝင်ရိုက်လိုက်ရုံပဲ"





"သူ့နာမည်၊ ဘယ်သူတဲ့လဲ"

"သီဟ"

"လူမှားဦးမယ်နော်"

"မမှားဘူး။ငါ့အစ်မ, ငါ့ကို ၊ သေသေချာချာ ပြထားတာ။နှစ်ခါ"

"နင်, ဘာနဲ့ရိုက်မှာလဲ"

"တွေ့တာနဲ့၊ ကောက်ရိုက်မှာ"

"လူမမှားအောင်၊ ဒီလိုလုပ်ပါလား"

"ဘယ်လို လုပ်ရမလဲ"

"နာမည်၊ အရင် မေးကြည့်ပါလား"

"အာ . . ။ နင် . . တော်တော်နောက်တာပဲ မြသီတာ"

မြသီတာရယ်ပြန်၏။

"တုတ်ကိုင်ပြီး ၊ နာမည်သွားမေးမှတော့ ၊ ဟိုက၊ ငါ့ကို၊ အရင် ဆော်လိုက်မှာပေါ့ဟ"

"ငါက,တော့၊ မရိုက်စေချင်ဘူးဟာ။ အထူးသဖြင့်၊ ခေါင်းမရိုက်စေချင်ဘူး။

www.burmeseclassic.com



နင် . . , ယောကျ်ားပဲ။ မကျေနပ်တာကို၊ မျက်နှာချင်းဆိုင်ပြောပြီး၊ လုပ်ချင်တာ၊ လုပ်ပေါ့။ နောက်ပြီး ။ နင့်အစ်မ,တို၊ နင်, သေသေချာချာမေးပြီးပြီလား"

"ဘာမေးရမှာလဲ"

"ဘာကြောင့်၊ ပြတ်သွားကြတာလဲဆိုတာ"

"ဩော် . . ။အဲဒီ့ သီဟ, ဆိုတဲ့လူက ၊ အရင်ဖြတ်လိုက်လို့ပါဆို"

"အေးလေ။ ဘာကြောင့်ဖြတ်တာလဲ . . လို့"

"မေးစရာ ၊ မလိုပါဘူးဟာ ။ မိန်းကလေးတစ်ယောက်ကို၊ တွဲတုန်းက တွဲပြီး၊ ယောကျ်ားလေးက၊ အရင်ဖြတ်စရာလား"

"အကြောင်းရှိလို့နေမှာပေါ့ဟဲ့"

"ဘာအကြောင်းရှိရှိဟာ၊ ငါ,ရိုက်မယ်"

ပြောပြောဆိုဆိုဖြင့်၊ သိန်းမြင့်ဇော်က ၊ ခပ်လှမ်းလှမ်းမှ၊ ဝါးဆစ်ပိတ် တစ်ချောင်းကို၊ ကောက်ယူပြီး၊ သီဟ ဆိုသူရှိရာသို့ ပြေးသွား၏။ မြသီတာလည်း၊ အပြေးလိုက်သွားမိသည်။





"ဟဲ့၊ သိန်းမြင့်ဇော်"

အသံဗလံကြောင့်၊ သီဟ လှည့်ကြည့်သည်။ တုတ်တိုဖြင့် ပြေးလာနေသော၊ ကောင်လေးတစ်ယောက်ကို၊ တွေ့၏။ နောက်မှ၊ ကောင်မလေးတစ်ယောက်ပြေးလိုက်လာသည်ကိုလည်း၊ မြင်သည်။

A

"ဝေါ . . ။ကျွိ"

မြန်ဆန်လွန်းသော၊ အဖြစ်အပျက်။

သိန်းမြင့်ဇော်က ၊ သီဟကို၊ ရိုက်ဖို့, ပြေးသွားပြီးမှ ၊ သီဟ လှည့်ကြည့်သည်ကို ၊ မြင်လိုက်သဖြင့်၊ လူကိုမရိုက်ဖြစ်တော့ဘဲ ၊ ကားနောက်မီးကိုသာ ရိုက်ပြီး ၊ ကားလမ်းကူး၍၊ ထွက်ပြေးလေသည်။

မြသီတာက,လည်း၊ ကြောက်လန့်တကြား၊ ကားလမ်းကူးဖို့, အပြင်၊ သီဟက,လည်း၊ သိန်းမြင့်ဇော် နောက်သို့၊ လိုက်ဖို့အထွက်၊ ကားတစ်စီးက၊ မြသီတာကို၊ တည့်တည့်တိုး။ မြသီတာကို၊ သီဟက၊ ပလက်ဖောင်းဘက်သို့၊ တွန်းလှဲ ကူကယ်လိုက်လေသည်။

မြသီတာ၏ နားထင်စောင်းတွင်၊ သွေးတွေ ဖြာကနဲ။သီဟ ၏ ညာဘက်ပခုံးသည်လည်း၊ သွေးများက၊ ရဲရဲတောက်။ထို့အပြင် မြသီတာမှာ၊ သတိလစ်မေ့မျောလျက်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုဘက်ကားလမ်းသို့ရောက်နေပြီဖြစ်သည့်၊သိန်းမြင့်ဇော်သည်ဘက် ကားလမ်းဆီသို့ ပြန်ကူးခဲ့ရလေတော့၏။

"ဒါ, ကျွန်တော့်သူငယ်ချင်း"

သိန်းမြင့်ဇော်ကို၊ သီဟက၊ သေသေချာချာ ကြည့်လျက်၊

"မင်း , သူငယ်ချင်း ဆိုတော့၊ ငါ့ ကားနဲ့ ဆေးခန်းပို့လို့ မရဘူးလား"

"တိုက်တဲ့ကား၊ လိုက်ပို့ရမှာပေါ့"

အနီးအနားတွင်၊ လူတချို့ရှိနေ၏။တိုက်မိမလို ဖြစ်ခဲ့သည့်ဂျစ်ကားမောင်းသူလည်း၊ အနားမှာ၊ ရှိ၏။ သီဟက . .

"ဘယ်ကားနဲ့မှ၊ မတိုက်မိဘူးကွ ။ မင်းတို့ဘာသာ၊ မင်းတို့၊ ပြေးကြလွှားကြတာလေ"

ကားကို၊ တုတ်နှင့်ရိုက်သည့်ကိစ္စအား၊ တမင် ထည့်မပြောခြင်းဖြစ်သည်။

"ဒီမှာ၊ သတိလစ်နေပြီ။မင်း,ဘာလုပ်မှာလဲ။ . . ရော့"

သတိလစ်နေသော၊ မြသီတာကို၊ သီဟက၊သိန်းမြင့်ဇော်ထံသို့၊ လှမ်းပေးမည်ပြု၏။ သိန်းမြင့်ဇော်၊ ဘာလုပ်ရမှန်းမသိခင်၊





ဂျစ်ကားမောင်းသူက . .

"ကျွန်တော် . . လိုက်ပို့ဆို ၊ လိုက်ပို့ပါ့မယ်။ ဒါပေမဲ့၊ ကျွန်တော့်ကားနဲ့တိုက်မိတယ် ဆိုတာမျိုးကြီးတော့၊ ကျွန်တော်၊ အဖြစ်မခံနိုင်ဘူးလေ"

"ကျွန်တော် သိပါတယ်" . . ဟု၊ သီဟ ပြော၏။

"ခင်ဗျားမှာလည်း၊ ဒဏ်ရာနဲ့ပဲ။ ခင်ဗျားပါ၊ ခေါ်သွားပေးပါလားဗျာ။ပွင့်ပွင့်လင်းလင်းပြောရရင်၊ကျွန်တော် , အမှုမပတ်ချင်လို့ပါ။

အခုတောင်၊ ကျွန်တော့်ကားနဲ့တိုက်မိတယ်၊ ထင်နေကြပြီ။သူ . . ပလက်ဖောင်းနဲ့၊ တိုက်မိတာ"

ဂျစ်ကားမောင်းသူက၊ သိန်းမြင့်ဇော်ကို၊ တစ်ချက်ငဲ့ကြည့်ကာ၊ ပြော၏။

"ညီလေး။ မင်းပဲ၊ဆေးခန်းခေါ်သွားလိုက်ပါကွာ။ လူနာက၊သတိမရသေးဘူးလေ"

အနီးမှ၊ လူ တစ်ယောက် ဝင်ပြော၏။သီဟ,က၊ မြသီတာကို၊ ပွေ့ထားရင်း၊ သိန်းမြင့်ဇော်ကိုကြည့်ကာ . .

" ဟော့ကောင် ။ ငါ့ကားနဲ့ ၊ ပို့ရမှာလား ။

www.burmeseclassic.com



မင်း . . မြန်မြန်ပြော။ ဒီမှာ၊ လျှော့သွားဦးမယ်"

သိန်းမြင့်ဇော်၊ ခေါင်းညိတ်လိုက်ရ၏။ ကားတံခါးကို၊ ဖွင့်ပေးရင်း . . " သူမှာ၊ နှလုံးရောဂါရှိတယ်" . . ဟု၊ သီဟ ကို၊ ပြောပြသည်။ "အဲဒါဆိုလည်း၊ မြန်မြန်လုပ်" . . ဟု၊ သီဟ ပြော၏။

သိန်းမြင့်ဇော်ကို၊ ကားနောက်ခန်းတွင်၊ အရင် ဝင်ထိုင်စေပြီးမှ၊ မြသီတာကို၊ သိန်းမြင့်ဇော် နံဘေးတွင်၊ တင်လိုက်၏။ ပြီးလျှင်၊ ကားကို၊ အမြန်မောင်းလိုက်သည်။

♥ A ♥

"လန့်သွားတာပါ" . . . ဟု၊ မြသီတာ၏ အခြေအနေကို၊ ဒေါက်တာ ဟန်စိန်က၊ သီဟကို၊ ပြောပြ၏။ သတိရနေပြီဖြစ်သော၊ မြသီတာ၏ နားထင်အထက်နားရှိ၊ ပေါက်ပြဲဒဏ်ရာကို၊ ဆေးထည့်ပေးပြီး . .

"မင်း . . ပခုံးကတော့၊ နှစ်ချက်လောက်ချုပ်ရမယ်"

သီဟ၊ ခေါင်းညိတ်၏။ မြသီတာက၊ မျက်စေ့မှိတ်ထားသည်။ ဒေါက်တာ ဟန်စိန်က . .

"တော်သေးတယ်။ မင်း . . . ထိုးထားတဲ့





ကက်တူး လေး၊ လွတ်ရုံပဲ"

ကွဲရှဒဏ်ရာကို၊ အရက်ပျံ သုတ်ပေးရင်း၊ ပြော၏။ သီဟ ညာဘက် ပုခုံးစွန်းရှိ အင်္ဂလိပ်စာလုံး(အေ) အမှတ်အသား၊ ဆေးမင်ကြောင်ကို၊ ဖွဖွကိုင်လျက် . .

"အသည်းနှလုံးရဲ့၊ အမှတ်အသားဆိုတာ၊ ဘာ ဒဏ်ရာဖြစ်ဖြစ်၊ အလိုအလျောက်၊ ကင်းလွတ်တယ်ကွ"

ကြွားဝါ ဟန်ပြုလျှက်ပြောလေသည်။ ဒေါက်တာ ဟန်စိန်က . . ,

"ကြွားတာလည်း၊ ကြည့်ကြွား။ နောက်တစ်ခါ၊ လက်တစ်ချောင်းလုံး၊ ဖြတ်နေရဦးမယ်"

"လက်ပြတ်ရဲ့၊ အရေပြားအပေါ်က၊ အဲဒီ့၊ အေ အမှတ်အသားလေးကို၊ လှီးယူထားလိုက်မှာပေါ့ကွ။ ဘာခက်တာမှတ်လို့"

"အခု၊ တစ်ခါတည်း လှီးပေးလိုက်ရမလား"

"အာ . . ။ အဲဒီလိုတော့၊ မလုပ်နဲ့ လေကွာ"

ဒေါက်တာ ဟန်စိန်၊ တဟားဟားရယ်လေ၏။ သွေးစွန်းချင်း



www.burmeseclassic.com

www.burmeseclassic.com



နီရဲနေသော၊ ဒဏ်ရာကို၊ အမှုမထားဘဲ၊ နောက်ပြောင်ရယ်မော နေသူ၊ သီဟ,နှင့်၊ သူငယ်ချင်းဖြစ်သူ၊ ဒေါက်တာ ဟန်စိန်တို့ကိုငေး ကြည့်ကာ၊ သိန်းမြင့်ဇော်၊ အံ့သြနေလေ၏။

မြသီတာက ၊ သီဟ,ကို ၊ ကျေးဇူးတင်စကားပြောသည်။

"ငါ့ကို၊ ကျေးဇူးမတင်နဲ့။ဒီဒေါက်တာကိုပဲ ၊ ကျေးဇူးတင် ။ ယာဉ် တိုက်မှုကြောင့်၊ ဒဏ်ရာရတာဆိုရင်၊ ရန်ကုန်ဆေးရုံကြီးပဲ သွား လိုက်ပါ . . လို့၊ နှင်မထုတ်ဘဲ၊ ကုသ,ပေးတဲ့အတွက်၊ သူ့ကို, ကျေးဇူးတင်လိုက်" . . ဟု၊ ဒေါက်တာ ဟန်စိန်ကို၊ ညွှန်ပြလျက်၊ သီဟ, ပြော၏။

"ကျေးဇူးတင်ပါတယ် ဆရာ" . . . ဟု၊ မြသီတာက၊ ဒေါက်တာဟန်စိန်ကို၊ ရိုသေစွာ ပြောသည်။

A

သီဟ,က ၊ ကားမောင်းနေရင်းမှ ၊ ကားနောက်ခန်းတွင်၊ သိန်းမြင့်ဇော်နှင့်ထိုင်နေသူ၊ မြသီတာကို၊ တစ်ချက်လှည့်ကြည့်သည်။ ပြီးမှ၊ ရှေ့သို့ မျက်နှာ ပြန်မူလျက် . .

"ကောင်မ,လေး။ ဆရာဝန်ပေးတဲ့ဆေးကို၊ မပျက်မကွက်သောက်နော်"





"ဟုတ်ကဲ့"

"ပွန်းရုံပဲ့ရုံဆိုပေမဲ့၊ အနာရင်းတတ်တယ်။ ညှော်လည်း၊ မမိစေနဲ့။

သုံးရက်လောက်နေရင်၊ စောစောက၊ ဆေး ခန်းမှာ၊ ဆေးသွားတည့်။ ဒါမှမဟုတ်လည်း၊ တခြားဆေးခန်း ထပ်ပြချင်ပြပေါ့"

"ကျွန်မ, အဲဒီမှာပဲ၊ သွားပြမှာပါ"

"အေး။ကောင်းတယ်။အခု၊ ဘယ်ကိုလိုက်ပို့ ရမလဲ။ဒီကောင်လေးနဲ့၊တစ်ရပ်ကွက်တည်းလား"

"ဟုတ်"

"ဒါဆို၊ နင့်အိမ်ပဲပြ။နင့်အိမ်ရှေ့မှာပဲ၊ ချ ပေးခဲ့မယ်"

သိန်းမြင့်ဇော်ကို၊ တစ်ချက်ငဲ့ကြည့်ကာ . .

"မင်းလည်း၊ အဲဒီမှာပဲ၊ ဆင်းလိုက်ပေါ့"

သိန်းမြင့်ဇော် ခေါင်းညိတ်၏။ပြီးနောက်၊ မဝံ့မရဲ

"ကျွန်တော်တို့ရပ်ကွက်ကို၊ သိလို့လား"



www.burmeseclassic.com

www.burmeseclassic.com



သီဟက . .

"မင်းတို့ရပ်ကွက်လည်း၊ သိတယ်။ မင်းကိုလည်း၊ သိတယ်"

ပြောပြီး၊ကားကို၊ လမ်းမကြီးပေါ်မှ၊ လမ်းသွယ်ဘက်သို့ ချိုးကွေ့လိုက်သည်။

"ဟောင်မလေး ဘာကြောင့်၊ ဒဏ်ရာရခဲ့သလဲဆိုတာ၊ မင်းတို့ဘာသာမင်းတို့၊ မိဘ,တွေကို အဆင်ပြေသလို၊ ကြည့်ပြောလိုက်။

အမှန်အတိုင်းပြောရင်၊ မင်း. . ,ရှက်စရာကြီး။လူမရိုက်ဘဲ၊ ကားကို၊မထိတထိရိုက်ပြီးထွက်ပြေးတာ။ ကောင်မလေးက၊ ကြားထဲကား လျှောတော့မလို့"

သိန်းမြင့်ဇော်က၊ ဘာတစ်ခွန်းမျှ၊ မပြောဘဲ၊ မြသီတာက,

"အစ်ကိုက၊ သူ့ကို သိတယ်။ ဟုတ်လား"

"သိပါတယ်ဆို။ပြီးတော့ . . ငါ့ကို၊တီးဖို့ ဇဝေဇဝါဖြစ်နေတာလည်း၊ ငါသိတယ်။

သူ့အစ်မနဲ့လာခင်နဲ့၊ ပတ်သက်ပြီး၊ ငါ့ကို၊





ဘယ်လို ထင်နေသလဲတော့၊ မသိဘူး"

ကားကို၊ လူနေရပ်ကွက်အတွင်းသို့၊ ကွေ့ဝင်ကာ . . ခဏ ရပ်လျက်၊ နောက်ဖက်လှည့်ပြီး၊ သိန်းမြင့်ဇော်ကို၊ ကြည့်ရင်း . .

"မင်း, ဘယ်လိုထင်ထင် ကိစ္စမရှိဘူး။ငါ့အားနာနာနဲ့ ၊ ပြောရရင် ၊ ဒီကောင်မလေး ၊ကားတိုက်မိမလိုဖြစ်သွားလို့၊ မင်း . . , ကံကောင်းသွားတာပါ။

ငါ့ကား၊ ပွန်းပဲ့သွားလို့၊ တိုင်တာတောတာမျိုးလည်း၊ ငါ,လုပ်မယ် မထင်နဲ့။ ငါက, ငါခံရရင်လည်း၊ ငါ့ခေါင်းကြီး၊ သွေးတွေနဲ့၊ ရဲတွတ်သွားမှ၊ ကြိုက်တယ်။ ငါ,ပြန်လုပ်ရမယ့်ကိစ္စဆိုရင်လည်း၊ ကိုယ်တိုင် ဆောင်ရွက်ရမှ၊ အားရတယ်။

နောက်ကို။ တစ်ယောက်ယောက်ကို၊ ဆော်ပလော်တီးဖို့၊အစီအစဉ်ရှိတယ်ဆိုရင်၊မိန်းကလေး အဖော်၊ ခေါ်မလာနဲ့"

ဒေါသ,စိတ်ငယ်ကို၊ ထိန်းသိန်းစွာ၊ သီဟ ပြော၏။

သိန်းမြင့်ဇော်က . .



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးဗျာ။ ကျွန်တော် မှားသွားပါတယ်"

"မမှားပါဘူး။ မောင် တစ်ယောက်ရဲ့ စိတ်ကာ၊ ဒီလိုပဲ၊ ဖြစ်မှာပဲ။ဒါပေမဲ့၊ ဘာကြောင့်လဲ . . ဆိုတာတော့၊ သေသေချာချာ၊ စူးစမ်းသင့်တယ်။

ဒီလို ကိစ္စမျိုးမှာတွင်၊ မဟုတ်ဘူး။ ဘယ်ကိစ္စ ဘယ်အလုပ်ပဲ၊ ဖြစ်ဖြစ်။ အကြောင်းအရင်းမှန်ကို၊ မသိရင်၊ လုံးဝ, မလုပ်သင့်ဘူး။

ကြီးတဲ့သူက၊ ခိုင်းလို့၊ ကိုယ့်ဘက်သားကို၊ ထိလို့ ဆိုပြီး၊ မစူးစမ်းဘဲ၊ ဆောင်ရွက်ရင်၊ အမှန်တရားနဲ့၊ ဝေးသွားလိမ့်မယ်။

ခိုင်းတိုင်း မလုပ်နဲ့ကွ။ကိုယ်တိုင်, မစူးစမ်းဘဲ၊ ခိုင်းတာလုပ်တာ။လူ့စရိုက်မဟုတ်ဘူး"

ပြောပြီး၊ ကားစက်ကို၊ ပြန်နှိုးသည်။ဘီးလိမ့်ရုံသာ၊ မောင်းတော့၏။ရပ်ကွက်အတွင်းပိုင်းလမ်းက၊ ပို၍သွယ်လာ၏။

♥A♥ ♥A♥





"ငါ ။အဲဒီအစ်ကိုကြီးကို၊ မြင်ဖူးသလိုလိုပဲ"

မြသီတာ၏၊ သုံးသပ်ချက်။

သိန်းမြင့်ဇော်က . . ,

"နင့်ကို ၊ ကယ်တင်လိုက်လို့၊ ကျေးဇူးတင်ချင်တယ်ဆိုလည်း၊ ငါ . . , ဘာမှ၊ မပြောပါဘူး မြသီတာရယ်။

မြင်ဖူးတယ်, ခင်ဖူးတယ်တော့ ၊ မလုပ်ပါနဲ့။ ငါတောင်၊ ငါ့အစ်မ,ပြလို့။နှစ်ခါလောက်မြင်ဖူးတာ။

ပြီးတော့။ နင်က ၊ လှိုင်သာယာမှာနေတာ။ သူက, ဒီ . . ရန်ကုန်ဘက်မှာ၊ နေတာ။မြင်ဖူးတယ်ဆိုတာ၊ မဖြစ်နိုင်ဘူး"

"ကမ္ဘာကြီးက၊ ကျဉ်းကျဉ်းလေးပဲဟဲ့။သွားရင်း,လာရင်း၊ တွေ့ဖူးမြင်ဖူးတာ နေမှာပေါ့"

"ကမ္ဘာကြီးက၊ ကျဉ်းကျဉ်းလေးလို့၊ နင့်ကို, ဘယ်သူပြောလဲ"

မြသီတာက၊သိန်းမြင့်ဇော်ကို၊သူ့လောက်မှ၊မသိရှာသေးခြင်း



www.burmeseclassic.com

www.burmeseclassic.com



. . ဟု၊ အဓိပ္ပါယ်သက်ရောက်စေသော၊အကြည့်မျိုးဖြင့်၊ကြည့်ကာ,

"နင် . . , ဒါလေးတောင် ၊ မသိဘူးလား။ တစ်နိုင်ငံလုံးသိတယ်။ ကမ္ဘာကြီးက၊ ကျဉ်းကျဉ်းလေးပါ,ကျဉ်းလေးပါမောင်ရယ် . . ဆိုပြီး၊ သီချင်းထဲမှာ၊ ထည့်ဆိုထားတာတောင်၊ ဘယ်နှစ် နှစ် ရှိနေပြီလဲ။

နင်, တော်တော် ဗဟုသုတ နည်းတာပဲ သိန်းမြင့်ဇော်။အဲဒါကြောင့်၊ နင့်ကို၊ အဲဒီ ,ကိုသီဟ ဆိုတဲ့၊ အစ်ကိုကြီးက၊ ဩဝါဒ ပေးသွားတာ"

"နင့်ကို ၊ အကူအညီပေးလို့ ၊ ငါ, ဘာမှ၊ ပြန်မပြောဖြစ်တာပါဟာ" . . ဟု၊ သိန်းမြင့်ဇော်၊ စကား ကာ၏။"ပြောပုံဆိုပုံက၊ ဘယ်သူ့မှ၊ ဂရုမစိုက်တဲ့ ပုံပဲနော်" . . ဟု၊သီဟ,ကို၊ ချီးမွမ်းသည့် စကား၊ မြသီတာပြော၏။သိန်းမြင့်ဇော် ခေါင်းညိတ်သည်။ပြီးနောက်, "မှန်တဲ့လူက၊ ဘာကိုမှ၊ ဂရုမစိုက်ဘူး"ဟု၊ ပြောလေ၏။

"နင် , ကိုသီဟကို၊မှန်တယ်လို့၊ပြောတာလား"

မြသီတာက၊မျက်ခုံးတန်းလေး၊ တွန့်ကွေးလျက် . . , မေး၏။သိန်းမြင့်ဇော်က . .





"ဟုတ်တယ်။ ငါ့ အစ်မ,မှားတာ။ကိုသီဟ, မှန်တယ်"

"အလို . . ။ အနောက်က၊ နေထွက်။ အရှေ့ကို၊ နေဝင်။ရုပ်ရှင်မင်းသား ဗေလုဝ၊ ဗင်လာဒင်ကို၊ လေးခွနဲ့၊ ပစ်ဖမ်းလိုက်တယ် . . ဆိုတာထက်၊ တောင်ပိုပြီး၊ အံ့ဩဖို့ကောင်းနေပါလား။

ဘယ်လိုဖြစ်တာလဲဟာ။ဟိုနေ့,ကပဲ၊ရိုက်မယ် နှက်မယ်နဲ့။ အခုကျတော့၊ ကိုသီဟ၊ မှန်တယ်ဆိုပါလား။လုပ်စမ်းပါဦး၊ သတင်းစာရှင်းလင်းပွဲလေး"

"မရှင်းဘူးဟာ ။ ငါ့ အစ်မ၊ မှားတယ်ဆို၊ ပြီးရောပေါ့"

"ဘယ်လို၊ မှားတယ်ဆိုတာလောက်တော့၊ ပြောပြသင့်ပါတယ်ဟာ"

"မပြောတော့ဘူး။ နင့်ဘာသာ သွားမေး"

"နင့်အစ်မနဲ့မှ၊ ငါ မသိတာ"

"အဲဒါဆိုလည်း၊ ကိုသီဟ,ကို ၊ သွားမေးပေါ့"

မြသီတာတ၊ စဉ်းစားဟန်ပြုကာ . .



www.burmeseclassic.com

www.burmeseclassic.com



"ငါ့, အိမ်မသိဘူး။နင်သိလား"

သိန်းမြင့်ဇော်က၊ စိတ်မရှည်တော့သဖြင့် . .

"နင်, တော်တော်ထူတယ်နော် မြသီတာ ။ ငါ,နင့်ကို၊ ရွဲ့ပြောနေတာ"

"ငါက၊ တည့်တည့်ပဲတွေးတယ်။တည့်တည့် တွေးတဲ့သူကို ၊ ခနဲ့သလိုလို, ရွဲ့သလိုလိုပြောရင်၊ ပြောတဲ့သူပဲ၊ ပင်ပန်းလိမ့်မယ်"

"နင် ကျတော့၊ မခနဲ့ဘူးလား"

"ငါက ၊ မိန်းကလေးလေ။ ဘာလဲ၊ နင်က, မိန်းကလေးနဲ့အပြိုင်၊ အစွမ်းကုန်၊ ခနဲ့ချင်လို့လား။ ဘယ် သူ့ရဲ့ကောင်းမှု ၊ မိန်းမသားတွေနဲ့ ၊ မပြိုင်ခဲ့ပါဘူးဟယ်။နင်, စိတ်လျှော့လိုက်စမ်းပါ။ တော်ကြာ၊ နင့်ကို, ငါ့၊ သိန်းမြင့်ဇော်လို့၊ မခေါ်ဘဲ၊ မာမီသိန်းလို့၊ ခေါ်လိုက်မှာနော်"

သိန်းမြင့်ဇော်က၊ မြသီတာကို၊ မိန်းမ,ဟန်ဖြင့်၊ မျက်စောင်း ထိုးလိုက်လေတော့၏။

ပြီးမှ . .





"တိုက်ခန်းတစ်ခန်း၊ တင်တောင်းရမယ် . . လို့ပြောလိုက်မိတာတဲ့"

"ဘယ်သူက၊ တင်တောင်းခိုင်းတာလဲ"

"ငါ့အစ်မက၊ ကိုသီဟကို၊ ပြောလိုက်တာ ပါဆို"

"ဩော်"

"အဲဒါ၊ကိုသီဟ,က၊ တင်တောင်းမှု၊ ရမယ် ဆိုရင်၊ လုံး၀,မယူဘူး . . လို့၊ ပြောပြီး၊အဆက်ဖြတ် သွားတာတဲ့"

"ဒါလေးပြောတာနဲ့၊ ဖြတ်သွားရောလား"

သိန်းမြင့်ဇော်က၊ ခေါင်းညိတ်ပြီး . .

"သူ . . ,တင်မတောင်းနိုင်လို့လားမှ ၊မသိ တာ"

"လူတိုင်းနီးပါး ၊ ဒီလိုပဲ ၊ တင်တောင်းကြ ရတာပဲဟာ"

"အဲဒါတော့၊ငါ မသိဘူး။ငါသိတာက၊ ငါ့ အစ်မက၊ ငါ့ကိုလိမ်ပြောခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို လိမ်တာလဲ"

"သီဟ,ဆိုတာ ငပွေရှုတ်။ သူနဲ့ခြောက်လ, လောက်တွဲပြီးမှ၊အပြစ်မရှိ အပြစ်ရှာပြီး၊ ဖြတ်သွားတာ။တွေ့ရင်အေါင်းကွဲအောင်ရိုက်ပစ်လိုက် ဆိုလို့ ငါ . . ရိုက်ဖို့လုပ်တာ"

"အဲဒီ့ ကိုသီဟ,က၊ တကယ်ပွေလို့လား"

"မသိဘူးလေ။နောက်တစ်ခါတွေ့ရင်တော့၊ ငါ,မရိုက်တော့ဘူး"

"နင်, ခွင့်လွှတ်တယ်ပေါ့"

"ခွင့်လွှတ်တယ်တော့ မဟုတ်ပါဘူး။ဒါပေမဲ့၊ တင်တောင်းခိုင်းတာတော့ ၊ ငါ,မကြိုက်ဘူး . . ။ တစ်ဖက်သားက ၊ တင်တောင်းစရာမရှိရင်၊ဘယ်လိုလုပ်မလဲ"

"တင်တောင်းစရာတောင်၊ မရှိရင်တစ်သက်လုံး၊ အားကိုးဖို့၊ ဘယ်လိုလုပ်ဖြစ်နိုင်တော့မှာလဲဟာ"

"မိန်းမသားတွေ၊ အိမ်ထောင်ပြုတာ၊ ယောကျ်ားအပေါ်၊ အားကိုးဖို့လား" . . ဟု၊ သိန်းမြင့်ဇော်မေးသည်။





မြသီတာက . .

"ငါ, ဘယ်လိုလုပ်သိမှာလဲဟဲ့။ ဒါပေမဲ့ . . , ငါ့အမေက၊ ငါ့အဖေကို၊ အားကိုးခဲ့တာတော့၊ ငါ, သိတယ်။

ဆုံးခါနီးတုန်းကတောင်၊ ကိုမြခက်၊ ရှင့်ကို၊ ကျွန်မ အားကိုးပါတယ်နော် . . တဲ့၊ ပြောသွားသေးတယ်"

"ဘာ အားကိုးတာလဲ"

"မသိဘူးလေ။ အစစအရာရာနေမှာပေါ့"

"စားဝတ်နေရေး ၊ လူမှုရေးတွေ အတွက်တော့၊အားကိုးလို့ရမှာပေါ့။သေတဲ့အရေးကျတော့၊ ယောကျ်ားကို၊ အားကိုးလို့၊ မရခဲ့ဘူး မဟုတ်လား"

"ဒါကတော့၊ နင်ပြောမှလား။လူတိုင်းဒီလိုပဲဟာ"

သိန်းမြင့်ဇော်က . .

"ငါ ပြောချင်တာ၊ အဲဒါပဲ။ မိန်းမသားမို့၊ အားကိုးရပါတယ် ဆိုတာကြီးကို၊ ငါ, မကြိုက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



မြသီတာက . .

"နင် . . ။ကိုသီဟ,ကိုယောက်ခံနေတာလား သိန်းမြင့်ဇော်"

"ယောက်ခံတာမဟုတ်ဘူး ။ အပြစ်မတင်ချင်တော့တာ"

"နင့် အစ်မ နာမည်၊ ဘယ်သူ "

"နီလာခင်"

"အေး . . ။ မနီလာခင်က၊ နင့်အစ်မ, နော်"

"အဲဒါ, ဘာဖြစ်လဲ"

"ကိုသီဟ,က၊ သူစိမ်းလေ"

"စိမ်းစိမ်းကျက်ကျက်။ငါ, ယောက်ျားချင်း၊ ကိုယ်ချင်းစာတယ်။ မိန်းမနဲ့ယောက်ျား၊ ချစ်လို့ကြိုက်လို့မှ၊ မကြာသေးဘူး ။

ဟိုဟာတင်တောင်းရမယ်,ဒီဟာတင်တောင်းရမယ် ဆိုတာကြီးက ၊ ကုန်ရောင်းကုန်ဝယ် လုပ်သလိုမျိုးကြီးပဲ။

ပြီးတော့ . . ။





ငါ့ အစ်မက၊ သူနဲ့ကြိုက်တဲ့သူတိုင်းကို၊ အဲဒီလိုခြည်းပဲ၊ တောင်းဆိုတာ။အကုန်လန်ထွက်ကုန်တာပဲ"

ပြောပြီး၊ သိန်းမြင့်ဇော်က၊ ရှက်ရွံ့စွာရယ်လေ၏။မြသီတာလည်း ရယ်လေသည်။

ပြီးမှ၊ မြသီတာက . .

"ဘာပဲဖြစ်ဖြစ် ။ ငါ စိတ်က ၊ သိသလိုလို၊ ဖြစ်နေတာကတော့။ အဲဒီ့ ကိုသီဟ,က၊ လူရမ်းကားတော့၊ မဟုတ်လောက်ဖူး။

ပြီးတော့၊ ငါ, သူ့ကို၊ မြင်ဖူးတယ်။ ဘယ်မှာမြင်ဖူးမှန်းကို၊ မသိဘူး"

သိန်းမြင့်ဇော်က . .

" ဟို ရုပ်ရှင်မင်းသားနဲ့၊ နည်းနည်း ဆင်လို့၊ မြင်ဖူးသလိုလို၊ ဖြစ်တာနေမှာပါဟာ။ ငါ့ အစ်မတောင်၊ အဲဒီ့မင်းသားနဲ့တူလို့ ၊ သူ့ကို၊ ကြိုက်တာ . . တဲ့"

"မဟုတ်ဘူး။ အဲဒီလို၊ ထင်ယောင်ထင်မှား မြင်ဖူးတာမဟုတ်ဘူး"

www.burmeseclassic.com



"ဒါ ဆိုလည်း ၊ နင် . . ,ဟို ဆေးခန်းကို ဆေးသွားထည့်ရင်းနဲ့၊ သူ့ လိပ်စာမေးခဲ့ပေါ့"

"လိပ်စာမေးပြီး ငါ့ ဘာလုပ်ရမှာလဲ"

"ကိုသီဟ,ဆီ သွားပေါ့။သွားပြီး၊ ဒီမယ် . . ကိုသီဟ။ ရှင်,ကျွန်မကို၊ မြင်ဖူးသလား။ ကျွန်မ, ရှင့်ကို၊ မြင်ဘူးသလိုလိုပဲ။

ဒီကိစ္စနဲ့ပတ်သက်ပြီး၊ ရှင်, သေသေချာချာ၊ ဖြေပါ။ ရှင်နဲ့ကျွန်မနဲ့၊ ဘယ် ဘဝတုန်းက၊ သိခဲ့သလဲ . . လို့၊ မေးပစ်လိုက်ပေါ့"

"နင့် ဘာသာသွားမေး" ဟု၊ မျက်စောင်းထိုးကာ၊ မြသီတာ ပြော၏။ သိန်းမြင့်ဇော် ရယ်မောနေလေသည်။ မြသီတာက . .

"နင်, မေးရမှာ။ ခင်ဗျားနဲ့၊ ကျွန်တော်နဲ့၊ ဘဝ, သံသရာ အဆက်ဆက်မှာ၊ သမီးယောက်ဖ ဘယ်နှစ်ကြိမ်တော်ခဲ့သလဲလို့၊ မေးရမှာ"

အခဲ မကျေသေးစွာ ၊ ပြော၏ ။သိန်းမြင့်ဇော် ၊ အရယ် မရပ်သေး။





"မင်းက၊ ရည်းစားများတာကိုးကွ"

ဒေါက်တာဟန်စိန်က၊ ချုပ်ရိုးဖြည်ပေးပြီး၊ သီဟကို၊ ပြောသည်၊ကျီစယ် စကား။ သီဟက . .

"ဟိုကောင်မ,လေးကို၊ ကားတိုက်မိမလိုဖြစ်လို့၊ တွန်းလှဲလိုက်ရင်း ၊ ဖြစ်တာပါဆို ။ ဘယ်နှယ့်ကြောင့်၊ ရည်းစားများတဲ့ကိစ္စက၊ ဝင်ပါရတာတုန်း၊ ဒေါက်တာ ရေးထိုးရဲ့"

ဒေါက်တာ ဟန်စိန်က . .

"မင်း . . ,ပြောပြတယ်လေ။ မင်းရည်းစားဟောင်း၊နီလာခင်ရဲ့မောင်က၊ မင်းကို၊ ပြေးရိုက်ဖို့ လုပ်ရင်းက၊ ဖြစ်တာဆို"

"ဟုတ်တယ်လေ။ အဲဒါ"

"ငါ,ပြောတာလည်း၊ အဲဒါပဲပြောတာလေ။ မင်းသာ၊ အဲဒီ,နီလာခင်ကို၊ မဖြတ်ခဲ့ရင်၊ ဒီ,ဒဏ်ရာ၊ မရဘူးလို့၊ ပြောချင်တာ၊ ဟဲဟဲ။

ပြီးတော့ ၊ မင်း . . , စိတ်တိုင်းမကျတိုင်း၊ ဖြတ်ဖြတ်ပစ်နေလို့က တော့ ... ၊



www.burmeseclassic.com

www.burmeseclassic.com



မင်း . . ,ရည်းစားများတာပဲ ၊ အဖတ်တင်မယ်။ချစ်သူ စစ်စစ်တော့၊ တွေ့မှာမဟုတ်ဘူး။

အဲဒါလေး ၊ ထည့်ပြောချင်လို့ ၊စကားစရှာလိုက်တာကွ"

"ငါ . . , ဘယ်သူ့ကိုမှ ၊ ရွေးချယ်နေတာမဟုတ်ဘူး ဟန်စိန် ။ သူတို့ရွေးချယ်တာကို၊ ငါမကြိုက်တာ။

ရိုးရိုးသားသားချစ်။ရိုးရိုးသားသား လက်တွဲကြီးကြီးစားစား ရင်ဆိုင်။ပြီးနေတဲ့ဟာ။ဟို အဆင့်ရှိမှ၊ ဒီ အဆင့်ရှိမှ ဆိုတဲ့ ပုံစံမျိုးနဲ့တော့၊ ငါ့ကိုလာရွေးချယ်လို့မရဘူး။

လယ်ထဲမှာ ခိုင်းဖို့နွားရွေးသလိုမျိုး၊ ရွေးလို့ကတော့ ၊ ငါ, အရွေးမခံနိုင်ဘူး။ အဲဒါကြောင့်၊ငါရည်းစားဦးရေများသွားတာဖြစ်မယ်"

"အဲဒါ . . မင်းလည်း၊ ရွေးချယ်နေလို့ပေါ့ကွာ။ စိတ်တိုင်းမကျဘူးဆိုကတည်းက၊ စိတ်တိုင်းကျတာ၊ ရှိချင်နေလို့ပေါ့"





"ဟုတ်ချင်ဟုတ်မှာပေါ့။ဒါပေမဲ့၊ ငါ , ရွေးနေတာတော့၊ မဟုတ်ဘူး။အရွေးအချယ် မခံချင်တာ"

ဒေါက်တာ၊ဟန်စိန်က . .

"ကန်စွန်းရွက်ဝယ်ရင်တောင် ၊ စိတ်ကြိုက်ရွေးခြယ်ကြတယ်မဟုတ်လား။အပြစ်တင်မနေပါနဲ့တော့။ခေတ်ကိုက၊ ဒီလိုဖြစ်နေပြီလေ။

ဆေးကုတာတောင်၊ ကိုယ်တိုင်က,သာ၊ ဆေးပညာကို၊ မသိကြတာနော်။ဘယ်ဆရာဝန်မှ၊ဆေးတိုးတာ။ ဘယ်ဆရာဝန်မှ၊ ဂရုစိုက်တာ၊ ဆိုတာမျိုးကို၊ ရွေးချယ်ကုသ,ကြတာပဲ မဟုတ်လား။

ဒါတောင်၊ ငွေရှိရင်၊ ရှိသလောက်။ ပါရဂူကြီးနဲ့မှ၊ ပြချင်ကြတာ၊ မဟုတ်ဘူလား"

"အင်း ။ အကောင်းဆုံးမှ ၊ လိုချင်ကြတဲ့ , သဘောပေါ့"

"မင်း,စကားထဲမှာ၊ပါသွားပြီနော်။လူတိုင်း၊ အကောင်းဆုံးကို ၊ ခုန်မင်ကြတာ ၊ သဘာဝ,ပဲ ။



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားလေးက,လည်း ၊ သူချစ်သူကို ၊ အကောင်းစား ၊ ဖြစ်ချင်သလို ၊ မိန်းကလေးက, လည်း၊ သူချစ်သူကို၊ ပြိုင်စံရှား၊ ဖြစ်စေချင်တာပါပဲ။

ချစ်သူအပေါ်ထားတဲ့၊ စေတနာကြောင့်၊ အကောင်းစား၊ဖြစ်စေချင်ကြသလို၊ တချို့ကျတော့ အကောင်းစား . . အမြင့်စားကို ၊ တော်ရ, စပ်ရ ပတ်သက်ရတဲ့အပေါ်မှာ ၊ ဂုဏ်ယူချင် , ကြွားဝ ချင်ကြတာလည်း၊ ပါတတ်တာပေါ့။

ကိုယ်ပိုင် အရည်းအသွေးနည်းတဲ့သူတွေက အဲဒါမျိုးလောက်ပဲ၊ ဂုဏ်ယူနိုင်ကြတာလေ။မင်း မကြိုက်တာ၊ အဲဒါ ဖြစ်လိမ့်မယ်"

"ဟုတ်တယ်" . . ဟု၊ သီဟ ဝန်ခံ၏။ဒေါက်တာ ဟန်စိန် စကားဆက်၏။

"မင်းတောင်၊ မင်းမကြိုက်တာရှိတတ်သေး ရင်၊ သူတစ်ပါးလည်း၊ မကြိုက်တာ၊မနှစ်သက်တာ ရှိနိုင်တာပဲ။ မကြိုက်တာ, မနှစ်သက်တာ၊ ရှိနိုင် တယ် ဆိုကတည်းက ၊ ကြိုက်တဲ့ , နှစ်သက်တဲ့





ရွေးချယ်စရာ ၊ ပုံသဏ္ဍာန်တော့ ၊ လူတိုင်းမှာ ၊ ရှိနေကြမှာပဲ"

"နွားရွေးသလိုတော့၊ မရွေးစေချင်ဘူး" . . ဟု၊ အကျီပြန် ဆတ်ရင်း၊ သီဟ ပြော၏။ဒေါက်တာဟန်စိန်က . .

"ဉာဏ်မီသလောက် ရွေးကြပါစေကွာ ။ သဘာဝ, လို့ပဲ၊ မင်းနှလုံးသွင်းလိုက်ပေါ့။

ဒါပေမဲ့ ၊ ရွေးချယ်ရတယ်ဆိုကတည်းက ၊ အကောင်းအဆိုးရောနှောနေလို့ပဲ ဆိုတာ၊ သတိ ပြုသင့်တယ်။

ငါ့အထင်ပြောရရင်၊ချစ်ခြင်းမေတ္တာလောက, မှာ ၊ ရွေးနေချယ်နေရတယ်ဆိုတာ ၊ တော်တော် စိတ်နွမ်းစရာကောင်းတဲ့၊ ကိစ္စပဲ။

ချစ်တယ် . . ဆိုတဲ့၊ စကားတစ်ခွန်းဟာ၊ လက်ရှိ ပစ္စုပ္ပန်မှာမှ၊ ပြောဖြစ်တဲ့စကားလုံးလား။ သံသရာအဆက်ဆက်က၊ ထားခဲ့တဲ့၊ သစ္စာပန္နက် စကားလား . . ဆိုတာ၊ ဘယ်သူမှ၊ ထဲထဲဝင်ဝင်၊ မတွေးဆ, တတ်ကြတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့်၊ အခုလိုက်၊ အခုကြိုက်၊ အခု ကွဲတွေ . . ဖြစ်ကုန်တာ။

သံသရာက . . ကံ၊ ပါမလာခဲ့ရင်တောင် လက်ရှိပစ္စုပ္ပန်ကာလ,မှာ၊ သဒ္ဓါတူ . . သီလ,တူ . . ဒါနတူ အောင်ကြိုးစားပြီး၊ ထပ်ထူပြုနေထိုင်တတ် ကြရင်လည်း ၊ ကွေကွင်းခြင်းဘေးက ၊ ကင်းလွတ် တယ်ဆိုတာကို၊ တော်ရုံလူတွေ ၊ လက်မခံတတ် ကြတော့ဘူး။

လောလောဆယ်၊ ငါ,လိုချင်တာ၊ သူပေးနိုင် ရဲ့လား၊ ငါ့ အပေါ်၊ အနစ်နာခံရဲ့လား ၊ ငါ့ကို . ရှာကျွေးနိုင်ရဲ့လား၊ ငါ့အပေါ်၊ အာရုံထားရဲ့လား . . . ဆိုတာတွေလောက်ပဲ ၊ စိတ်ဝင်စားတတ်ကြ တော့တယ်လေ။

ကိုယ့်စိတ်တိုင်းလည်း၊ မကျရော၊ လမ်းခွဲဖို့၊ စွန့်လွှတ်ဖို့ကို၊ ဝန်မလေးကြတော့ ဘူး။ လာစမ်း နောက်တစ်ယောက်ဆိုပြီး၊ ရွေးချယ်ကြပြန်ရော၊

အဲဒါ , စိတ်တူ,ကိုယ်တူဖြစ်ဖို့ မကြိုးပမ်းဘဲ





ကိုယ့်အလိုဆန္ဒကိုပဲ ၊ ဦးစားပေးလို့ ဖြစ်ကြတဲ့ ၊ ရွေးချယ်မှု ပြဿနာ"

သီဟ,က . .

"ဟာ။ သိလှချည်လား ဒေါက်တာရယ်"

"သိလို့၊ ငါ,အိမ်ထောင်မကျသေးတာပေါ့။ ငါ, ဘာကိုမှ၊ မရွေးချယ်ဘူး။ ငါ့ကို၊ ရွေးချယ်ချင် နေသူတွေအပေါ်မှာတောင် ၊ ငါ , သင့် မသင့်, တော်မတော်၊ ပြန်ပြီး မရွေးချယ်ဘူး။

ဘာဖြစ်လို့လဲဆိုတော့၊ခုနက၊ပြောခဲ့သလို။ သံသရာအဆက်ဆက်က၊ပါလာတဲ့၊ ချစ်ခြင်းမေတ္တာ လား။ အခုမှ၊ ပေါ်လာတဲ့၊ ချစ်မက်မှုလား ဆိုတာ ကို၊ မခွဲခြားနိုင်သေးလို့ပဲ။

သံသရာအဆက်ဆက်က၊ ပါလာတဲ့၊ချစ်ခြင်း မေတ္တာဆိုရင်တောင်၊ လက်ရှိပစ္စုပ္ပန်မှာ၊ သဒ္ဓါမတူ, သီလ,မတူ၊ ဒါန မတူရင်၊ သံသရာအဆက်ဆက်က၊ ထားခဲ့တဲ့၊ သစ္စာပန္နက်၊ ပျက်တတ်သေးတယ်လေ၊

အဲဒီတော့ . . ၊ အရွေးကောင်းလို့ ၊ ရခဲ့ရင်တောင်၊



www.burmeseclassic.com

www.burmeseclassic.com



ကံ မတူတဲ့အခါ၊ ဖျက်ပြယ်သွားတတ်တာမို့၊ ကံတူ၊ အကျိုးပေးလေးကို၊အေးအေးဆေးဆေး၊ထိုင်စောင့်နေတယ်ဆိုပါတော့။

မင်းလိုလည်း ၊ ဒေါသ ၊ မများတော့ဘူး။ မင်းလိုလည်း၊ လူမုန်း မများတော့ဘူးပေါ့"

"မင်း ဆိုလိုတာက၊ ကံကိုယုံပြီး၊ ငုတ်တုတ်ထိုင်နေ ဆိုတာမျိုးကြီးလား"

"နိုး။ မဟုတ်ဘူး။ ကံဆိုတာ၊ အလုပ်ပဲလေ၊ မင်းရဲ့ . . စိတ်ထား၊ မင်းရဲ့နှလုံးသားဟာ၊ မင်းရဲ့ကံတရားပေါ့။

မင်း၊ စိတ်ထားကိုက၊ ငါ့ကို၊ လိမ်မယ့်သူတွေ ငါ့ကို၊ အခွင့်အရေးယူမယ့်သူတွေ၊ ငါ့ကို၊ ရွေးချယ်မယ့်သူတွေလို့ ၊ တွေးမြင်နေမှတော့ ၊ မင်းရဲ့ . . . နှလုံးသားမှာ၊ မင်းရဲ့စိတ်အဟုန်ကြောင့်၊ အလိုလိုညစ်နွမ်းနေတော့တာပေါ့။

အဲဒီလို၊ ညစ်နွမ်းနေမှတော့၊ မင်းဆီကို၊ အဲဒီအညစ်အနွမ်းတွေပဲ ၊ ရောက်လာတော့တာပေါ့၊





အဲဒါ . . မင်းရဲ့ ကံပေါ့။ တချို့က၊ ကံဆိုတာ . . မမြင်ရတဲ့နေရာက၊နေ၊ လူကို၊ ထိန်းကျောင်းနေတဲ့၊ စွမ်းအားကြီးတစ်ခုလို့၊ ထင်နေတတ်ကြတယ်။

စွမ်းအားကြီးတစ်ခုပါ . . လို့၊ ဆိုရင်တောင်၊ မင်းရဲ့ . . ,စိတ်ထား၊ မင်းရဲ့ . . အပြုအမူ၊ မင်ရဲ့၊ နှလုံးသားကြောင့်၊ ဖြစ်ပေါ်လာရတဲ့စွမ်းအားကြီးပဲ။ တခြားက ၊ လာတာမဟုတ်ဘူး ။ မင်းဆီက၊ လာတာ။

ကံကို ယုံတယ်.ကံကို ယုံတယ် ဆိုပြီးတော့၊ မမြင်ရတဲ့ ၊ အရာကြီးအပေါ်ကို ၊ ပုံချသလိုကြီး၊ ယုံနေတာဆိုရင်၊ မှားတယ်။ငါ လုပ်ခဲ့တဲ့၊ အလုပ်တိုင်းဟာ ၊ ငါ့ဘဝပဲ . . လို့ ၊ လက်ခံနိုင်မှသာ ၊ ကံကိုယုံတယ် . . လို့၊ ပြောလို့ရတယ်။ငုတ်တုတ်ကြီး၊ ထိုင်ပြီး၊ ယုံနေတာမျိုး၊ မဟုတ်ဘူလေ"

သီဟက ၊ စိတ်တိုင်းမကျသေးဟန်ဖြင့် . .

"မင်း . . ,ဆိုလိုချင်တာက၊ငါက . . , သူတစ်ပါးအပေါ်၊ မယုံကြည်တာတွေ၊ များနေလို့ ၊



www.burmeseclassic.com

www.burmeseclassic.com



မယုံကြည်စရာ လူတွေနဲ့ပဲ၊ တွေ့နေရတယ်လို့၊ ဆိုလိုချင်တာလား"

"ဒါပေါ့။ ဟုတ်တာပေါ့"

"ဒါဆို၊ ငါ့ တစ်ခု ထပ်မေးမယ်"

"မေး"

"ငါက ၊ အားလုံးအပေါ် ၊ ကိုယ် စိတ် နှလုံး အကောင်းဆုံးနဲ့ ၊ ဆက်ဆံနေပါလျက် ၊ သူတို့ ၊ ငါ့အပေါ်မကောင်းကြတာကျတော့ရော ၊ မင်း ၊ ဘာပြောမလဲ"

ဒေါက်တာ ဟန်စိန်က၊ ရေနွေးဖြင့်၊ လက်ဆေးရင်း . .

"မင်းဆီမှာ ၊ မကောင်းခဲ့စဉ် ကာလ,က ၊ အရှိန်အဟုန်တွေ၊ ကျန်နေသေးလို့ပေါ့။မင်းလည်း၊ ကြားဖူးမှာပါကွာ။ ဘယ်သူမပြုမိမိမှုဆိုတာလေ။

မင်း, ဘယ်တုန်းကမှ၊ မပြုမှုခဲ့ဘဲနဲ့၊ မင်း, ရင်ဆိုင်ရတဲ့ကံဆိုတာ၊ ရှိကို၊ မရှိဘူး။မင်း, ပြုမူခဲ့မိတာကို၊ မင်း, မှတ်မိနိုင်စွမ်း၊ မရှိတာပဲဖြစ်လိမ့်မယ် . . သူငယ်ချင်း"





"ဒါဆို၊ စိတ်ကောင်းမထားဘဲ၊ အရာရာ ၊ သူတို့လိုတဲ့အတိုင်း၊ ဖြစ်နေကြတဲ့သူတွေကျတော့ရော၊ ဘာဖြစ်လို့၊ အဆင်ပြေနေကြတာလဲ"

ဒေါက်တာ ဟန်စိန်က၊ ပြုံးလျက် . .

"မင်းမေးခွန်းက,လည်း၊ ကလေးဆန်လိုက်တာ ၊ အဆင်ပြေနေသူတွေအပေါ်၊ မနာလိုတဲ့ ၊ လေသံမျိုးကြီး"

"ဟုတ်တယ်။ မနာလိုလို့၊ မေးတာ"

"မနာလို မဖြစ်နဲ့၊ သူငယ်ချင်း။သူတို့,သူတို့တွေက၊ တစ်ချိန်ချိန်တုန်းက၊ ကောင်းတဲ့ကံ အမှုတွေကို၊ လုပ်ခဲ့ကြသူတွေလေ။

ဒါပေမဲ့၊ အဲဒီ့, ကောင်းကံတွေ၊ ကုန်သွားခဲ့ရင်တော့၊ အခု၊ ပြုမူနေတဲ့၊ ဆိုးကံတွေရဲ့၊ အရှိန်အဟုန်က၊ အကျိုးပြန်ပေးမှာပါပဲ ။ ကိုယ်ပြုခဲ့တဲ့ကံက,နေ၊ လွတ်သွားတဲ့သူ၊ တစ်ယောက်မှ၊ မရှိဘူးကွ"

"ဟုတ်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်မဟုတ်သိချင်ရင်၊သို့တစ်ပါးကောင်း၊
မကောင်းကို၊အာရုံမထားဘဲ၊ မင်းဘာသာ၊ကောင်း
အောင်နေကြည့်လိုက်ပေါ့ကွာ။

လွယ်တော့၊ မလွယ်ဘူးနော် . . သူငယ်ချင်း။
ငါးတွေက ၊ ရေမှာပဲ ပျော်နိုင်ကြသလို၊ လောက်
ကောင်တွေက၊ မစင်မှာပဲ၊ နေချင်ကြသလို ၊ လူ
ဆိုတာ၊ ကိုယ့်ဝါသနာလေးတွေကြားမှာပဲ၊ နေပျော်
တတ်ကြတယ်။ရုန်းထွက်ဖို့ ဝန်လေးတတ်ကြတယ်"

"အများကြီးမဟုတ်တောင်၊ နည်းနည်းတော့၊ ပြင်ကြည့်ရမှာပေါ့"ဟု ၊ သီဟ,ပြော၏။"ပြင်သင့်တာ၊ ကြာပြီ သူငယ်ချင်း" . . ဟု၊ ဒေါက်တာ ဟန်စိန်ပြော၏။"ငါ,လူဆိုးမဟုတ်ပါဘူးကွာ"ဟု၊ သီဟ ပြောသည်။ ဒေါက်တာ ဟန်စိန်က၊ "လူဆိုးမဟုတ်ဘူး၊ လူပေ။ ဟိုးတုန်းက,လည်း၊ ဒီ, ကံတရားအကြောင်းကို၊ ငါ,ပြောပြဘူးပါတယ်။မင်း, မမှတ်ထားဘူးလား"ဟု၊ ပြောလေ၏။ သီဟ ပြုံးနေလေသည်။

♥A♥ ♥A♥





ကျူရှင်ဆင်းသည်နှင့် ၊ ဆေးခန်းသွားဖို့ ၊ မြသီတာက ၊ ...ကို၊ အဖော် ခေါ်လာသည်။သိန်းမြင့်ဇော်လည်း၊ လိုက်လာ၏။ သိန်းမြင့်ဇော်က၊ ရဲမင်းခေါင်ကို၊ အဖော်ခေါ်လာသည်။

"ငါက၊ မိန်းကလေး အဖော်မရှိလို့၊ နီနီဦးကို၊
ခေါ်လာတာ။နင်က, ယောကျ်ားလေးအဖော်မရှိလို့၊
ရဲမင်းခေါင်ကို၊ ခေါ်လာတာလား"

မြသီတာ၏ အမေးစကားကြောင့်၊ သိန်းမြင့်ဇော်က . .

"နင့်စကား၊ဘယ်ရောက်သွားပြီလဲမြသီတာ။
ငါက၊ ယောကျ်ားလေး အဖော်ရှာနေတဲ့အခြောက်
ကြီးဖြစ်သွားပြီဟ၊ သိရဲ့လား"

"ဟဲ့တီးတိုးပြောပါ။ငါ တို့ သိက္ခာကျတယ်။
သူများတွေများ၊ ကိုယ်ခြောက်တာ၊ လူသိမှာစိုးလို့၊
ရှက်ရှက်ရွံ့ရွံ့လေး၊ နေကြတာ။
နင်က၊ လမ်းမ,မှာ၊ လာ အော်ပြနေတယ်။
အရှက်ကို၊ မရှိဘူး"

"ဟဲ့ . . မြသီတာ . . "



www.burmeseclassic.com

www.burmeseclassic.com



သိန်းမြင့်ဇော်၊ ဘာပြန်ပြောရမှန်းမသိသေးခင်၊ ဆေးခန်း အနီးသို့၊ ရောက်လာကြသဖြင့်၊ မြသီတာက . .

"ဪ . . သိပြီသိပြီ။ ကိုသီဟနဲ့တွေ့ရင် နင်, အတီးခံရမှာစိုးလို့ ၊ ရဲမင်းခေါင်ကို၊ လူမိုက် ငှားလာတာပေါ့၊ ဟုတ်လား"

အထိတ်တလန့်မေးပြီး . .

"ဒီ တစ်ခါ၊ ငါ, မပါဘူးနော် သိန်းမြင့်ဇော်"

"ဒုက္ခပါပဲ မြသီတာရယ် . .။ငါ ဘာသာ တစ်ယောက်တည်း၊ ဖြစ်နေလို့၊ ဒီကောင့်ကို၊ ခေါ် လာတာပါဟာ။တစ်ခုမှကို၊ အကောင်း မပြောဘူး"

"ဟိုမှာ၊ နင့်ယောက်ဖ"

မြသီတာ ညွှန်ပြရာ၊ ကားလမ်းတစ်ဖက်သို့၊ သိန်းမြင့်ဇော် ကမန်းကတန်း၊ ကြည့်လိုက်မိလေသည်။ သီဟ,ကို၊ တွေ့လေ၏။

"ငါ့ယောက်ဖ, မဟုတ်ဘူး။နင့် ဘကြီး။နင့် အသက်ကို၊ ကျွမ်းထိုးပြီး၊ ကယ်တင်ထားတဲ့၊ နင့် ဘကြီး"

"ကိုသီဟ,ဆိုတာ၊ သူလား"





ရဲမင်းခေါင်၏ အမေး။

"ဟုတ်တယ်။ မင်းသိလို့လား"

"သိတာပေါ့။ငါတို့ရဲ့ ဆရာကြီးပဲ"

"သူက၊ ကျူရှင်ပြလို့လား" . . ဟု၊ မြသီတာ မေးသည်။

"ကျူရှင်ပြတာမဟုတ်ပါဘူး ။ ငါ တို့, က၊ ဆရာတင်ထားတာ။ သူက . . ဖိုက်တာဟ"

ရဲမင်းခေါင်က၊ သိန်းမြင့်ဇော်ကို၊ ငဲ့ကြည့်ကာ . .

"သူ့ကားကို၊ မင်း, တုတ်နဲ့ရိုက်တာ၊ မင်းကို၊ သူ . .၊ ဘာမှ၊ မလုပ်ဘူး။ ဟုတ်လား"

သိန်းမြင့်ဇော် ခေါင်းညိတ်၏။မြသီတာက . .

"ငါ့ မျက်နှာကြောင့်၊ သူ သက်သာသွားတာ"

ရဲမင်းခေါင်က . .

"နင့် မျက်နှာကို၊ ကိုသီဟက၊ ကြောက်သွား လို့လား"

"မိန်းကလေး ပါလာလို့၊ ရန်မလုပ်တာကို၊ ပြောတာဟဲ့"

"ဪ . . ဒီလိုလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"ငါ့ သွားနှုတ်ဆက်လိုက်ဦးမယ်" ဟု ပြောကာ၊ရဲမင်းခေါင် ထားလစ်ကူးသွားလေ၏။

♥A♥

"ကိုငှက်ကြီး"ဟု၊ ရဲမင်းခေါင်၊ လှမ်းခေါ်လေ၏။ သီတာ လှည့်ကြည့်သည်။"ကိုငှက်ကြီးလို့၊ ဘာဖြစ်လို့၊ ခေါ်တာလဲ" . . ဟု သိန်းမြင့်ဇော်၊ တီးတိုးမေးသည်။"နောက်မှ၊ ပြောပြမယ်" . . ဟု ရဲမင်းခေါင် ပြောပြီး ၊ သီဟ,၏ အနီးသို့သွားသည်။

"ကိုငှက်ကြီး။ဒါ, ကျွန်တော့် ဘော်ဒါ"

သီဟ,က၊ သိန်းမြင့်ဇော်ကို၊ တစ်ချက်ကြည့်ပြီး . .

"အေး။ငါ,ထင်တယ်။မင်းတို့, ရပ်ကွက်ထဲက ဆိုတော့ . ."

ရဲမင်းခေါင်က . .

"အဲဒါ, ကိုငှက်ကြီး၊ ဒီကောင့်ကို၊ တင်းနေ မှာ၊ စိုးလို့၊ ကျွန်တော် လိုက်လာတာ"

"ကျွန်တော် , အထင်မှားသွားတယ် ကိုသီဟ" . . . ဟု သိန်းမြင့်ဇော် ဝင်ပြော၏။သီဟ,က . .





"မင်း, သက်ဆိုင်ရာကို ၊ မေးမြန်း စုံစမ်း ပြီးပြီထင်တယ်။ ဟုတ်လား"

သိန်းမြင့်ဇော် ပြုံးလျက်ခေါင်းညိတ်၏။ သီဟ,က . . ,

"စိတ်ထဲ၊ မထားပါဘူးကွာ။ ကိုယ့်ညီ အရွယ် တွေပဲဟာ"

မြသီတာတို့ နှစ်ယောက်၊အနီးသို့, ရောက်လာ၏။သီဟ,ကို မြသီတာ ပြုံးပြ နှုတ်ဆက်သည် ။ သီဟက ၊ မျက်ခုံးပင့်ကာ ၊ နှုတ်ဆက်၏။

"အစ်ကို . . ။ အနာသက်သာလား"

မြသီတာ ၊ အမေး။

"ချုပ်ရိုးတော့၊ ဖြေပြီးသွားပြီ ညီမ။ညီမ, ရော၊ ပျောက်သွားပြီလား"

"ဆေးလာထည့်တား။ပျောက်တော့မှာပါ"

နီနီဦးက၊ မြသီတာနှင့်သီဟကို၊ တစ်လှည့်စီ၊ ကြည့်နေလေ

"အိမ်က၊ လူကြီးမပါဘူးလား။ခေါင်းပေါက် သွားတဲ့ကိစ္စ။ အိမ်က၊ ဘာပြောသေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မပြောဘူး။ရတယ်"

သီတာ၊ မှတ်ချုံးတွန့်ကာ . .

"သမီး မိန်းကလေး ၊ သွေးထွက်သံယိုကိစ္စ ဖြစ်တာလေ။အိမ်က၊ ဘာမှ မပြောဘူး ဟုတ်လား"

မြသီတာက ၊ မျက်နှာ အနည်းငယ် ၊ ငယ်လျက် . .

"ကျွန်မက ၊ အခေါ် အိမ်မှာ၊ ခဏလာနေတာပါ။ခေါင်းပေါက်တာကိုတောင်၊ ပြီးစလွယ် ပြောထားတာ။

ဆေးခန်းကို ၊ သူငယ်ချင်းတွေနဲ့ပဲလာဖြစ်တယ်"

"သြော် . . ၊ ဒီလိုလား။အနာသေးပေမဲ့၊ ဂရုတော့စိုက်"

ပြောပြီး၊ ကားထဲသို့၊ ဝင်ထိုင်လိုက်၏။

"အားလုံးပဲ၊ သွားပြီ"

နှုတ်ဆက်ထွက်ခွာသွားလေသည်။မြသီတာက၊ လက်ပြ၏။

A

အနာကို၊ ဆေးထည့်ရင်း၊ ဒေါက်တာ ဟန်စိန်က . .





"နှစ်ရက်သုံးရက်နေရင်၊ ပျောက်လောက်ပါပြီ။ နောက်တစ်ခေါက်လာပြီးရင်၊ အိုကေပဲ။ အညော်တော့၊ မမိစေနဲ့။ သောက်ဆေးလေးလည်း၊ ထပ်သောက်လိုက်ပါဦး"

မြသီတာက၊"ဟုတ်ကဲ့" . . ဟု၊ ပြောပြီး၊ ဆေးဖိုးပေးသော [illegible] ဒေါက်တာ ဟန်စိန်က၊ ပြုံးလျက် ,

"ပေးဖို့၊ မလိုဘူးလေ။သီဟ,နဲ့ဆရာနဲ့က ၊ သူငယ်ချင်းတွေ"

မြသီတာက၊ ဘာမျှပြန်မပြောဘဲ၊ ဒေါက်တာ ဟန်စိန်၏, ခြင်နှစ်ဖက်စလုံးရှိ၊ ပါးချိုင့်လေးတွေကို၊ ငေးကြည့်နေမိ၏။

"ဟဲ့"

နီနီဦး၏; အဟန့်။

"ကျေးဇူးပဲ . . လို့ပြောလိုက်လေဟာ . . ။ နင်က,လည်း၊ ဆေးဖိုး မယူဘူးဆိုတာနဲ့၊ ဝမ်းသာလုံး၊ဆို့နေတယ်"

"အာ။ မဟုတ်ပါဘူး။ ဆရာ၊ ကျေးဇူးပဲနော်"

"ဆရာ့ကို ၊ ကျေးဇူးမတင်နဲ့ ။ သီဟကို ၊



www.burmeseclassic.com

www.burmeseclassic.com



တွေးဖူးတွင်။ ဒီကောင်က ၊ ကပ်စေးနဲ့။တော်ရုံ လူကို၊ စေတနာ ထားတတ်တာ၊ မဟုတ်ဘူး"

"ဟုတ်။ နှစ်ယောက်လုံးကို ၊ ကျေးဇူးပါ . . ဆရာ"

ပြောပြီးထိုင်ရာမှ၊ထ,ရင်း၊ဒေါက်တာ ဟန်စိန်၏ မျက်နှာကိုမြသီတာ၊ သေသေချာချာ ကြည့်လိုက်ပြန်သည်။

"ဆရာ"

"ပြော . ."

"လှိုင်သာယာမှာ၊ဆေးခန်းဖွင့်ဖူးလားဟင်"

"ဟင့်အင်း၊ မဖွင့်ဖူးပါဘူး။ဆရာက၊ နယ်ရောက်နေတာ၊ ကြာပြီ။ ရန်ကုန်ပြန်ရောက်တာ သိပ်မကြာသေးဘူး"

"ဪ . . ၊ဟုတ်ကဲ့။ သွားပါဦးမယ် ဆရာ"

"ကောင်းပါပြီ"

ဆေးခန်းအပြင်သို့၊ ရောက်ခဲ့ကြ၏။သိန်းမြင့်ဇော်၊ အသံထွက်လေပြီ။

"ဆေးခန်းထဲမှာမို့ ၊ ငါ . . , မပြောဘဲ၊





အောင့်ထားရတာ ။ နင် တော်တော် လွန်တာပဲ မြသီတာရယ်"

"ဘာလဲဟ"

"ငါတောင် အသက်နှစ်ဆယ်ကျော်ပြီ။ ဒီ, အရွယ် အထိ ၊ ဘယ်မိန်းကလေးကိုမှ ၊ နင့်လို ၊ ခေါ်တောကြည့်နဲ့၊ မကြည့်ဖူးဘူး။

နင် . . ။ ဆရာဝန်ကို၊ ကြည့်နေတာလေ။ ကုလားမကြီး၊ ငြပ်သီးတောင့်၊ ကိုက်စားတော့မယ့် အကြည့်မျိုး။

မိန်းကလေးပဲဟယ်။ကြွေလေး နည်းနည်း လောက်တော့၊ စောင့်စည်းဦးပေါ့။မသကာ၊ မဂို အကြည့်လေးနဲ့၊ ကြည့်ပေါ့ဟယ်။ အခုနင့် အကြည့်က၊မိန်းကလေးဖြစ်ပြီး၊ခေါ်တော ကောင်ရေ . . , ငါးယောင်အားလောက်နဲ့၊ ကြည့်နေတော့၊ ဘေးက, နိနိဦးပါ ၊ ဝင်ဟန့်ရတော့တာပေါ့။

ဆရာဝန်ကို၊ မိန်းကလေး တော်တော်များများ၊ အကြိုက်တွေ့ကြပါတယ်ဟယ် ။ ဒါပေမဲ့ . . ၊



www.burmeseclassic.com

www.burmeseclassic.com



နင့်လောက်တော့၊ အသည်းအသန်မလုပ်ဘူး"

သိန်းမြင့်ဇော်က၊ အခွင့်သာတုန်း၊ အပိုင်တွယ်လိုက်သည့် မျက်နှာထားဖြင့်၊ အားပါးတရ ဝမ်းပမ်းတသာ ပြောလေ၏။

မြသီတာက . .

"သိန်းမြင့်ဇော် ၊ နင်, ဘာတွေ၊ လျှောက်ပြောနေတာလဲ"

ပြောပြီး၊ သိန်းမြင့်ဇော်၏ ငယ်ထိပ်ကို၊ ဒေါက်ကနဲမြည်အောင်၊ခေါက်လိုက်လေသည်။ (သိန်းမြင့်ဇော်၏ အကြားအာရုံတွင်မူ ဒေါက်ကနဲ မကြားရ။ "ဒေါင်ကနဲ"သာ၊ ကြားရသည်)။

"အား"

အော်ဟစ်ပြီး ငြီးငြူလျက်၊ သိန်းမြင့်ဇော်က . .

"မြသီတာ ၊ ကြီးထိပ်ကို ၊ မခေါက်နဲ့ဟာ ဘုန်းနိမ့်တယ်"

နီနီဦးက . .

"ဟဲ့ ။ သိန်းမြင့်ဇော် ။ ငယ်ထိပ်ပါဟယ် ဘာလို့၊ ကြီးထိပ်လို့၊ ခေါ်တာလဲ"

အတည်အမှတ်ဟု၊ထင်ကာ၊မေးမြန်းလေ၏။သိန်းမြင့်ဇော်က





"နင့် အသက်၊ ဘယ်လောက်ရှိပြီလဲ"

"နင်တို့နဲ့ ရွယ်တူပဲလေ။ နှစ်ဆယ့်နှစ်"

"နင့်ကိုယ် . . နင်၊အရွဲလေးလို့ထင်သလား။ အရွယ်ရောက်ပြီလို့ထင်သလား"

"ဘာဖြစ်လို့လဲ"ဟု၊ နီနီဦး မေး၏။"နင်မေးတဲ့ မေးခွန်းကို၊ နင့်ကိုမေးတာလေ။ ငါမေးတာကိုပဲ ဖြေစမ်းပါ" ဟု၊ သိန်းမြင့်ဇော် ပြော၏၊နီနီဦးက . . ,

"အသက်နှစ်ဆယ်ကျော်နေပြီပဲဟာ၊အရွယ်ရောက်ပြီ လို့တော့၊ ထင်တာပေါ့"

"ဒီ . . နဖူးအပေါ်ပိုင်း။ ငယ်ငယ်တုန်းက၊ လှုပ်စေ့လှုပ်စေ့ ဖြစ်နေတဲ့ ၊ နေရာလေးကို၊ ဘာခေါ်လဲ"

"ငယ်ထိပ်လေ"

"အခု,အသက်ကြီးလာတော့၊အဲဒီနေရာလေး၊ လှုပ်သေးသလား"

နီနီဦးက၊ ကိုင်စမ်းကြည့်လျက် . .

"ဟယ် . . ။ မလှုပ်တော့ဘူးဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမျှ ၊ စေစ်းသပ် ဘူးသူ၏ ၊ တအံ့တသြလေသံဖြ
ပြော၏။သိန်းမြင့်ဇော်က၊ ခေါင်းပေါ်မှ၊ လက်ကိုပြန်မရုတ်သေးသ
ယောက်အောင်းပေါ်တွင်၊ခြေစုံရပ်လိုက်ပြီး၊ ဒိသာပါမောက္ခ ဆရ
ကြီး၏ လေသံဟန်ပန်ဖြင့် . .

"အိမ်း . ."

"ဟော့ကောင် ၊ အိမ်း . . ဆိုတာ ဘာကို

ပြောတာလဲ"

ရဲမင်းခေါင် ဝင်မေး၏။သိန်းမြင့်ဇော်က . .

"အေး . . လို့ ပြောတာကွ"

"အဲဒါဆိုလည်း၊ ကောင်းကောင်းပြောကွာ"

သိန်းမြင့်ဇော်က၊ နီနီဦး/ဘက်သို့ ပြန်လှည့်ကာ . .

"အိမ်း"

"သိန်းမြင့်ဇော် . . ၊ မအိမ်းနဲ့ကွာ။ ရိုးရိုး

ပဲပြော"

သိန်းမြင့်ဇော်က ၊ ရဲမင်းခေါင်ကို ၊ မျက်လုံးထောင့်က
ကြည့်ပြီးမှ . .

"အေး ။ ငယ်ငယ်တုန်းက၊ အဲဒီနေရာက . .





လှုပ်လည်းလှုပ်နေတယ်။ငယ်လည်းငယ်သေးတယ်
ဆိုတော့။ငယ်ထိပ်လို့ ခေါ်တာပေါ့။

အခု အသက်အရွယ်မှာ၊ အဲဒီနေရာလေးက၊
လှုပ်လည်း ၊ မလှုပ်တော့ဘူး ။ အသက်က,လည်း၊
ကြီးနေပြီဆိုတော့၊သဘာဝ,ကျကျ၊ခေါ်မယ်ဆိုရင်၊
ဒီနေရာကို၊ ကြီးထိပ် လို့ပဲ၊ ခေါ်သင့်တယ်။ သေသေ
ချာချာ မှတ်ထား"

"ဘာမှ၊ မဆိုင်ဘူး" ဟု၊ မြသီတာ ပြော၏။ ရဲမင်းခေါင်က,

"အေးလေ။ မင်းပြောသလိုဆိုရင်၊တစ်ကိုယ်
လုံးကို၊ ကြီး . . တပ်ခေါ်ရမလို ဖြစ်နေပြီ"

မြသီတာက၊ နီနီဦး၏ လက်ကိုဆွဲလျှောက်ရင်း . .

"အလကား၊ သူ့ပါးစပ်ထဲ ရှိတာ၊ လျှောက်
ပြောနေတာ။နီနီဦး၊ နင်, သိန်းမြင့်ဇော် ပြောတာ၊
ဘာတစ်ခုမှ၊မှတ်မထားမိစေနဲ့နော်။ အကုန်တလွဲ
တွေခြည်းပဲ"

နီနီဦး ခေါင်းညိတ်၏။သိန်းမြင့်ဇော်က၊ အမီလိုက်လျှောက်



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့တွေ . . ၊ အဟောင်းထဲမှာ ၊ ထ
လည်လည်ဖြစ်နေလို့၊ အသစ်အဆန်းလေးတွေ
တွေးတတ်တောတတ်အောင်၊ သင်ပေးနေတာ။
သမိုင်းပါမောက္ခ ၊ ဆရာကြီး ဒေါက်တာ
သန်းထွန်းရဲ့ ၊ အဆိုတစ်ခုရှိတယ် ။ အသိသစ်
အတွေးသစ်၊အယူအဆသစ်၊ မပါရင်၊စာအုပ်သ
မရေးနဲ့ . . တဲ့။
အဲဒါကြောင့်၊ နင်တို့ . . ၊ အဟောင်းကို
ကြည့်ပြီး ၊ အတွေးသစ်၊ အယူအဆ၊သစ် တွေ
တွေးနိုင်အောင်၊ ငါက၊ လေ့ကျင့်ပေးတာ"
"ပါမောက္ခကြီးရဲ့၊စကား၊ နင့်ပါးစပ်ထဲ၊ ရောက်သွားတာ
တာဝတိံသာက၊ နတ်စောင်း။ ရပ်ကွက်ထဲက၊ နတ်ကတော် လက်ထဲ
ရောက်သွားသလိုပဲ။ မတန်မရာ" . . ဟု၊ မြသီတာ ပြော၏။
သိန်းမြင့်ဇော်က၊ အားကျမခံစွာဖြင့် . .
"ထားပါတော့။ငါ့၊ ငယ်ထိပ်ကိစ္စ။ဆရာဝန်
ကို၊ နင့်၊အငန်းမရ၊ရှိတ်နေတာက၊ဘာသဘောလဲ
ပြော"





မြသီတာက . .
"ဘာသဘောမှ၊ မဟုတ်ဘူး။မြင်ဖူးသလိုလို၊
ရှိလို့"
သိန်းမြင့်ဇော်က . .
"ကိုသီဟကိုရော၊ ဒေါက်တာဟန်စိန်ကိုရော၊
မြင်ဖူးသလိုလိုရှိတယ်ဆိုတော့။ ဟဲဟဲ . . ၊ နင်၊
ငါးမန်းနှစ်ကောင်ဖမ်းချင်နေလို့လား"
"ငါးရံ့နှစ်ကောင်ပါကွာ" . . ဟု၊ ရဲမင်းခေါင် ပြော၏။
သိန်းမြင့်ဇော်က . .
"အခုခေတ် လူတွေက၊ငါးရံ့ လောက်ကို၊
စိတ်မဝင်စားတော့ဘူး။ ငါးမန်းတို့၊ ဝေလ၊ငါးတို့၊
လင်းပိုင်တို့လောက်မှ၊ စိတ်ဝင်စားကြတော့တာ။
အကောင်ကြီးကြီးတောင်၊ နှစ်ကောင်လောက်၊
တပြိုင်တည်း၊ ဖမ်းချင်ကြတာလေ။ ဟဲဟဲ"
"သိန်းမြင့်ဇော်၊ နင် . . နှမ၊ချင်း၊ မစာမနာ
မပြောနဲ့နော်။ငါ၊စိတ်ဆိုးတော့မယ်"
"စိတ်ဆိုးမယ်ဆိုရင်တော့၊ မနောက်တော့ပါဘူးခင်ဗျာ"ဟု၊



www.burmeseclassic.com

www.burmeseclassic.com



သိန်းမြင့်ဇော်၊ ရယ်လျှက်ပြော၏။ မြသီတာက . .

"ဒေါက်တာ ဟန်စိန်၊ ရယ်လိုက်ရင်၊ပါးချိုင့်လေးပေါ်သွားတာကိုရော၊ ကိုသီဟ၊ မျက်နှာထားတည်တည်နဲ့၊စကားပြောပုံဆိုပုံကိုရော၊ငါ, အတူတူမြင်ဖူးသလိုလိုပဲ။ မြင်ကို မြင်ဖူးတယ်။ ငါ, မမှတ်မိတာ"

"သြော် . . အဲဒါကြောင့်၊ နင် ,ဒေါက်တာ့ကို၊ သေသေချာချာ ငေးကြည့်တာကိုး"

နီနီဦးက၊ ယခုမှ၊ သဘောပေါက်စွာ၊ ပြော၏။

"မြသီတာကို၊ မြင်ဖူးသလား . . လို့၊ကိုငှက်ကြီးကို၊ ငါ, မေးပေးရမလား"

ရဲမင်းခေါင်၏ အမေး။ မြသီတာက . .

"ကိုငှက်ကြီး။ ဘယ်က, ကိုငှက်ကြီးလဲ"

"သြော်။ ကိုသီဟကိုပြောတာပါ။ ကိုသီဟကို၊ ငါတို့က၊ ကိုငှက်ကြီးလို့၊ ခေါ်တာ"

"သူသိမှတော့၊ငါ့ကို၊ မြင်တာနဲ့၊မြင်ဖူးတယ် . . ပြောမှာပေါ့ ။ မသိလို့၊ မပြောတာ နေမှာပါ။





သွား မမေးပါနဲ့။ အရေးမကြီးဘူး"

သိန်းမြင့်ဇော်က . .

"မင်းနဲ့၊ ကိုသီဟနဲ့က၊ ဘယ်တုန်းက၊သိတာလဲ။ နောက်ပြီး ၊ သူ့ကို၊ ဘာဖြစ်လို့၊ ငှက်ကြီး လို့၊ ခေါ်တာလဲ"

"ယောက်ဖ, အကြောင်းကို ၊ စိတ်ဝင်တစားမေးနေပြန်ပြီ"

မြသီတာ ဝင်နောက်၏။

"မြသီတာ။ နင်,မောင် နှမချင်းမစာမနာ၊ မနောက်နဲ့နော် ။ ငါ့အစ်မ,နဲ့ ၊ ကိုသီဟ ကိစ္စက၊ ပြီးသွားပြီ။

ယောက်ဖ, တော်ချင်ရင်တောင် ၊ နောက်ထပ်၊ ငါ့ နှမ, တစ်ယောက်၊ ထပ်ပေးမှ၊ တော်လို့ရမှာ။ အစ်မ, နဲ့တော့၊ ဘယ်လိုမှ ၊ ဖြစ်တော့မှာ

www.burmeseclassic.com



မတော့ဘူး"

"နင့်မှာ၊ နှမ ရှိလို့လား"

"ရှိတယ်"

"ဟုတ်လို့လား"

"ဟုတ်တယ်"

"ငါက၊ မရှိဘူး အောင်းမေ့လို့"

"ရှိပါတယ်ဆို"

"နင့်နှမ က၊ ဘယ်သူလဲ"

"မြသီတာ"

ပြောပြီး၊ သိန်းမြင့်ဇော်၊ ထွက်ပြေး၏။မြသီတာက၊ ပြေ

မလိုက်ဘဲ . .

"ရဲမင်းခေါင်ကာ၄က်ကြီး အကြောင်း၊ပြော

ပြမလို့တဲ့"





"နောက်နေ့မှပဲ၊ နားထောင်တော့မယ်။ဒီနေ့

တော့၊ နင့် အနားကို၊ ငါ, လုံး၀ . . မလာတော့ဘူး

. . နှမတော်"

မြသီတာက၊ ခဲကောက်ဟန် ပြု၏။ သိန်းမြင့်ဇော်၊ ပို၍

အားမြင့်သည်။

♥A♥ ♥A♥



www.burmeseclassic.com

www.burmeseclassic.com







သူငယ်ချင်း ညီအစ်ကိုနှစ်ယောက်၏ ရန်ပွဲတစ်ပွဲအား၊ ဝင်ရောက်ဟန့်တားခဲ့သည်ကို၊ ရဲမင်းခေါင် ကြုံဖူးခဲ့လေ



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုက ၊ အဲဒီငှက်ကြီးကို ၊ ကျွတ်တာ

လား"

တင်ထွေး၏ အမေးစကား။ ကိုမြင့်ကိုက ..

"ကျွတ်တာယ်တော့မဟုတ်ပါဘူး။တစ်ယောက်

ရှိတဲ့ခွင်ထဲမှာ၊ တစ်ယောက်က၊ အပြင်းစားကြီး

မဟော့စေချင်တဲ့သဘောနဲ့၊ သူ့ တားတာပါ။

သူ .. တစ်နေရာရာမှာ၊ အရမ်းဟော့နေ

လို့ငါနဲ့ နီးစပ်ရာမှာ၊ ငါက၊ ဝင်ရပ်လိုက်ရင်လည်း

သူ .. ဆင်ခြင်ပေးမဲ့၊ သဘောပေါ့။





ပြီးတော့ .. ငါတို့ အုပ်စု၊ လူ .. များသွား

တာကို၊ သူ .. လက်မခံချင်လို့ ဝင် ဟော့လိုက်တာ၊

ဖြစ်မယ်"

"ဝမ်းဘိုင်ဝမ်းဆိုရင်၊ သူ့ ဝင်မပါဘူးပေါ့။ ဟုတ်လား"

ခမ်းခေါင်မေး၏။ ကိုမြင့်ကို၊ ခေါင်းညိတ်သည်။

"သူက၊ ဖိုက်တာလား"

အုပ်စုထဲမှ၊ တခြားတစ်ယောက်ကမေးသည်။ကိုမြင့်ကိုက၊

"နာမည် အရင်းတော့၊ ငါ .. မသိဘူး။

ငှက်ကြီး ဆိုတာပဲသိတယ်။ငါနဲ့က၊ ရန်ပွဲ တစ်ခုမှာ၊



www.burmeseclassic.com

www.burmeseclassic.com



သိတာ။ငါတို့ဘက်က၊ သူ, ဝင်တီးပေးတယ်။

ငယ်ငယ်လေးနဲ့၊ ယောက်ဖ,ကို၊ ငှက်ကြီး

တောင်နဲ့ လိုက်ခုတ်လို့ ရပ်ကွက်ထဲသူကို၊ ငှက်ကြီး

. . လို့၊ ခေါ်တာ။ အဲဒီတော့၊ ဖိုက်တာ . . ဟုတ်

မဟုတ်၊ စဉ်းစားကြည့်တော့"

"လူ ရမ်းကားပုံတော့၊ မပေါက်ဖူးဗျ" . . ဟု၊ ရဲမင်းခေါင်

ထင်မြင်ချက်၊ ပေးသည်။

"သဘော ကောင်းတယ် ။ မင်းကိုတောင်

ပြုံးပြီး၊ တောင်းပန်တယ်မဟုတ်လား"







●

ရဲမင်းခေါင်၊ ခေါင်းညိတ်၏။

"သူ , ပြုံးရဲ့သားနဲ့မှ၊ မင်းက, မပြေမလည်

ဆိုရင်၊ သူ့ခါးကြားထဲမှာ၊ မင်း သံလက်သီးထက်၊

ထိရောက်တာ၊ ပါတယ်"

"ဩော် . ."

ငှက်ကြီးဆိုသူကို ၊ လူမိုက်လား . . ., လူဇော်လား . . .,

လူတွင်ကျယ်လား . . ဆိုတာ၊ထိုစဉ်က၊ ရဲမင်းခေါင် မခွဲခြားတတ်ခဲ့။

အဲဒီတုန်းက၊ သူ . . ,နဝမတန်း ဖြေဆိုထားသည့် အရွယ်။

နောင်တွင်၊ ငှက်ကြီးဆိုသူကို၊ခဏခဏတွေ့ကြုံဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အနေအထိုင်၊ အေးအေးသည်။ ထို့အပြင်နောင် . . သုံးနှစ်လောက်

ကြာသောအခါ ပိုမို ကြွယ်ဝ, နေသည်ကို၊ တွေ့မြင်ရ၏။ ရင်းရင်း

နှီးနှီး မဟုတ်သော်လည်း၊ ပြုံးပြုံးနွတ်ဆက်လေ့၊ ရှိစမြဲ။

♥A♥





"ဒါဆို . . နင်နဲ့ မရင်းနှီးဘူးပေါ့" . . ဟုမြသီတာ၊ မေး၏။

ခေါင်းခေါင်က . .

"အကျွမ်းတဝင်တော့၊ မရှိဘူးပေါ့။ ဒါပေမဲ့,

သူ . . ဖိုက်တာဆိုတာလောက်တော့၊ သိတာပေါ့"

"ဒီခေတ်မှာ၊ ဖိုက်တာဆိုတာရှိလို့လား"

မြသီတာက၊ ဘဝင်မကျစွာ၊ မေး၏။

"ဟို . . ရမ်းကား၊ ဒီ . . ရမ်းကား လူတွင်

ကျယ်မျိုးတော့၊ မဟုတ်ဘူးပေါ့ဟာ။ မတရား မမှုတ,



www.burmeseclassic.com

www.burmeseclassic.com



တာမြင်ရင်၊ ဘာကိုမှ၊ ဂရုမစိုက်ဘဲ၊ အားနည်းတ

ဘက်က၊ ဝင်ပါတတ်တဲ့ . . လူမျိုး"

"ညွှန်းလိုက်တာ၊ အရမ်းပဲ။ အဆိုတော် . .

ကိုထူးအိမ်သင်ကို၊ အားနာစရာ။

ငှက်ပျောသီးရောင်းတဲ့သူကိုလည်း၊ ငှက်ကြီး

. . လို့ ၊ ခေါ်ကြတာပဲ ။ ငှက်ကြီးတောင် ဆွဲတဲ့

သူကိုလည်း၊ ငှက်ကြီးလို့ ခေါ်လိုက်တာပဲ။ ဘာတွေ

မှန်းလည်း၊ မသိဘူး"

"ကိုထူးအိမ်သင်ကို ၊ သဘောကျလို့ ချစ်လို့





ဘော်ဒါတွေကိုလည်း၊ဂုဏ်ပြုပြီး၊ ခေါ်တာ

နေမှာပေ့ါဟ"

သိန်းမြင့်ဇော် ဝင်ပြောသည်။မြသီတာက . .

"ဂုဏ်မပြုတတ်ရင် ၊ စော်ကားသလို၊ ဖြစ်

တတ်တယ်။

တကယ်ဆို ၊ သီဟ . . ဆိုတဲ့နာမည်နဲ့ ၊

လိုက်ဖက်အောင်၊ ခေါ်စရာ နာမည်က၊ တစ်ခု

တည်းပဲရှိတာ"

"ဘာနာမည်လဲ"

"ဖားပြုတ်"

"ဘာဆိုင်လို့လဲ"

ရဲမင်းခေါင်က၊ နားမလည်စွာမေးသည်။မြသီတာက၊ ရွှံ့စွာ

ရယ်လျက် . .

"ဟဲဟဲ ။သီဟ, ဆိုတာ၊ခြင်္သေ့လေ။ ခြင်္သေ့နဲ့

ဖားနဲ့က၊ ထိုင်ပုံချင်းတူတယ်။

အဲဒါကြောင့်၊ကိုသီဟ,ကို၊ ငှက်ကြီးလို့ ခေါ်

ကြမယ့်အစား၊ ဖားပြုတ်ကြီး လို့ပဲ၊ ခေါ်သင့်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ။ နင် . . ကျေးရွာရှင်ကို ၊ စော်ကား တယ်။ အေး . . နောက်တစ်ခါ။ကိုသီဟ,နဲ့တွေ့ရင်၊ အပြုတ်လို့ ခေါ်တယ်လို့ ငါ, ချွန်မယ်။ ကြည့်နေ"

"ချွန်ပေါ့။ သူကိုယ်တိုင်၊ ကြားတာမှ၊ မဟုတ်တာ"

"ဟုတ်ဟုတ်, မဟုတ်ဟုတ်၊ နင့် အသက်ကို ကယ်ထားတဲ့သူကို၊ နင်, မနှောက်သင့်ဘူး။ အ, ဂါရဝ ဖြစ်တယ်"

"အ, ဂါရဝ ဆိုတာ၊ ဘာကိုပြောတာလဲ"

"ဟာ . . ၊ နင်, ဒါတောင် မသိဘူး"

"သေသေချာချာ မသိလို့ပေါ့ဟယ်" . . ဟု၊ မြသီတာက၊ မျက်စောင်းချိကာ၊ ပြော၏။ သိန်းမြင့်ဇော်က . .

"ဂါရဝ, ဆိုတာ၊ ရိုသေတယ် လေးစားတယ် . . လို့၊ အဓိပ္ပါယ်ရတယ်။

အ, ဂါရဝ,ဆိုတာ၊ မရိုမသေ, မလေးမစား ပြုမူတယ် . . လို့၊ အဓိပ္ပါယ် သက်ရောက်တယ်"

"အဲဒီတော့၊ ဘာဖြစ်လဲ"





"ဘာဖြစ်ရမလဲ၊ ငရဲကြီးတာပေါ့"

"ဟုတ်လို့လား"

"ဟုတ်,မဟုတ်၊ ငါ, သက်သေမပြတတ်ဘူး။ အဖိုးအဖွားက၊ ဒီလိုပဲ သင်ပေးထားတယ်။ငါက, လည်း၊ မလိုက်နာနိုင်ရင်တောင်၊ သူတစ်ပါးမေးရင်၊ ခွေးအ, လှည်းနင်းသလို၊ မဖြစ်အောင်၊ မှတ်ထား ရတာပေါ့"

"အဂါရဝ, တွေက၊ ဘာတွေလဲ"

"မရိုမသေ မလေးမစား ပြုမူတဲ့၊ အပြုအမူ တိုင်းက၊အ,ဂါရဝ,ပေါ့ဟ။ဟိုး တစ်နေ့က၊ ကိုသီဟ ကို၊ အဲဒီ့ဘဲကြီးလို့၊ ငါ, ပြောမိတယ်မဟုတ်လား"

မြသီတာ ခေါင်းညိတ်၏။

"အဲဒါ . . အ, ဂါရဝ ပေါ့"

"ဪ . ."

"ရဟန်းသံဃာရဲ့ ၊ အရိပ်ကိုနင်းလျှောက် မိတာ။ကိုယ်ထက် အသက် ဂုဏ်ရှိန်ကြီးတဲ့ ပုဂ္ဂိုလ် ရှေ့မှာ၊ ကိုယ်ကို၊ မကိုင်းမရှိုင်းဘဲ၊ ဖြတ်လျှောက်



www.burmeseclassic.com

www.burmeseclassic.com



မိတာနောက်ပြီး၊ ရဟန်းသံဃာကို၊ ဘုန်းကြီး . ဘုန်းဘုန်း ဘုန်း လို့ ခေါ်ဝေါ်မိတာ။ အဲဒါတွေ အားလုံး၊ အ,ဂါရဝ တွေပဲ"

"ဘုန်းဘုန်း လို့ မခေါ်ရဘူးလား"

"မခေါ်ကောင်းပါဘူးဆို"

"ဒါဆို ဘယ်လို ခေါ်ရတာလဲ"

"ဆရာတော်လို့ ခေါ်ရတယ် ။ငယ်ရွယ်တဲ့ ရဟန်းကို၊ ဦးပဇင်းလို့ ခေါ်ကောင်းတယ်။

ဒါပေမဲ့ . . ။ ဆရာတော် ဦးဘယ်သူ ဆိုပြီး မခေါ်ကောင်းဘူး။ လယ်တီဆရာတော်, မိုးကုတ် ဆရာတော်, သီတဂူဆရာတော် . . ၊ အဲဒီလိုမျိုးပဲ ခေါ်အပ်တယ်"

ရဲမင်းခေါင်က . .

"မှားခေါ်မိတာနဲ့ ငရဲကြီးတာပဲလား"

သိန်းမြင့်ဇော်က . .

"ငရဲ ကိစ္စကို ၊ ငါ, မပြောတတ်သေးဘူး။ လောလောဆယ်၊ အထင်အရှားကိစ္စတော့၊ ငါ . . .





ပြောတတ်တယ်"

"ပြော"

"မင်း၊ အခု, အသက် ဘယ်လောက်ရှိပြီလဲ"

"နှစ်ဆယ့်တစ်"

"မင်းကို၊ ဆယ့်လေးနှစ်သားတစ်ယောက်က၊ ကိုရဲမင်းခေါင်လို့ မခေါ်ဘဲ ။ ရဲမင်းခေါင် . . လို့ ခေါ်ရင်၊ မင်း . . . , အဲဒီ ဆယ့်လေးနှစ်သားလေးကို ယဉ်ကျေးတယ်ပြောမလား ၊ ရိုင်းတယ်လို့ ၊ ပြော မလား"

"ရိုင်းတယ်လို့၊ ပြောရမှာပေါ့"

"မင်း, မေးတဲ့၊ မေးခွန်း၊ မင်း , ဘာသာ ဖြေပြီးသား၊ ဖြစ်သွားပြီ။

အ, ဂါရဝ ကို၊ ကျူးလွန်မိတဲ့သူဟာ ၊ ငရဲကြီး, မကြီး၊ငါ, မပြောတတ်ဘူးနော်။ဒါပေမဲ့၊ ရိုင်းစိုင်း တဲ့သူ ဖြစ်တယ် လို့တော့၊ငါ, သိတယ်"

မြသီတာက . .

"ကိုသီဟ,တွန်းဖယ်လိုက်လို့၊ ငါ, ကားတိုက်



www.burmeseclassic.com

www.burmeseclassic.com



ခံရတာကိုရင်ထဲ အသည်းထဲက၊ ငါ, သိပါတယ်၊

အခု၊ နောက်လိုက်ပြောင်လိုက်မိတဲ့စကားက၊ အ, ဂါရဝ ဖြစ်တယ်ဆိုတော့ ။ ငါ, ဘယ်လို ငရဲမျိုးကျနိုင်သလဲ"

သိန်းမြင့်ဇော်က . .

"ငါ့ အဖွားက ၊ ပြောဖူးတယ် ။ နိဗ္ဗာန်တို့ ငရဲတို့ဆိုတာ၊ လက်မခံချင်တဲ့သူကို၊ သိပ်မသိတဲ့ သူက၊ မပြောတာ ကောင်းတယ်တဲ့။

ငါကလည်း . . ၊ သိပ်သိတဲ့သူမဟုတ်တော့ ဗဟုသုတ,အနေနဲ့၊ ပြောပြတတ်တာပဲရှိပါတယ် ။ ငရဲ အမျိုးအစားတော့၊ ငါ့ကို၊ လာမခွဲခိုင်းနဲ့လေ"

"အမျိုးအစား၊ ခွဲခိုင်းတာ မဟုတ်ပါဘူးဟာ။ ပြုမူမိရင်၊ ဘာဖြစ်တတ်တယ်ဆိုတာလောက်၊သိရ ရင်၊ တော်ပါပြီ"

"ကျေးဇူးရှိတဲ့သူ . . ရိုသေအပ်တဲ့သူ . . ကို၊ ဂါရဝ, မထားမိရင်၊ လက်တလောမှာပဲ ဖြစ်ဖြစ်၊ နောင်ကာလ,မှာပဲဖြစ်ဖြစ်။ကိုယ့်ကိုလည်း . . ၊





မရိုမသေ၊ ပြုမူသူတွေနဲ့ ၊ တွေ့တတ်တယ်တဲ့။

သေးသေးမွှားမွှား ကျူးလွန်မိတဲ့သူက၊ ဝတ် လိုက်ရုံလောက်ပေါ့ဟာ။ ကြီးကြီးမားမား, စိတ်ပါ လက်ပါ၊ ပက်ပက်စက်စက်, ရက်ရက်စက်စက် , ကျူးလွန်ဝံ့တဲ့သူတွေ အတွက်တော့၊ ငရဲခန်းဆိုတာ၊ သီးသန့်၊ ရှိချင် ရှိနေမှာပေါ့။ငါ, သိပ်မပြောတတ် ဖူး"

"ဒါဆို၊ကိုသီဟ,ကို၊ နောက်မိတဲ့စကား၊ ငါ, ပြန်ရုတ်သိမ်းပါတယ်ဟာ ။ အဲဒါဆို၊ ငါ . . , ငရဲ မကြီးတော့ဘူး မဟုတ်လား"

"နည်းနည်း ကျူးလွန်းမိတာဆိုတော့၊ နည်းနည်းတော့၊ ယ်ထင်တယ်ဟ" ဟု၊ သိန်းမြင့်ဇော်က၊ ချောက်လှန့်ကျီစယ်၏။

"ရှေး လူကြီးတွေကလည်း၊ ငါတို့ကို၊ ငရဲနဲ့ တော်တော် ခြောက်တယ်နော်"

မြသီတာက၊ မျက်နှာရှုံ့ကာပြော၏။

"ကိုယ်နားမလည်ရင် ၊ နားမလည်တဲ့ အတိုင်း ၊ အေးအေးနေ မြသီတာ။ရှေးလူကြီးတွေရဲ့, အဆုံး



www.burmeseclassic.com

www.burmeseclassic.com



အမေ့တွေကလက်လွှတ်စပယ်၊ တစ်ခုမှ မပါဘူး

ငရဲ ဆိုတာကို၊ မယုံချင်ရင်တောင်၊ သဘာ

ဝ,ကျကျ၊ ရိုးရိုးလေးတွေးကြည့်ပေါ့ဟာ ။ နင်တို့

ငါတို့ကိုယ်တိုင်၊ ရိုသေသင့်တဲ့သူကို၊ မရိုသေကြရင်

ငါတို့လူကြီးဖြစ်တဲ့အခါမှာလည်း၊ ကိုယ့်ထက်ငယ်

တဲ့သူတွေက ၊ မရိုမသေ ပြုမူ ဆက်ဆံကြမှာ

အမှန်ပဲ။

ငရဲ ကြီးတာ, မကြီးတာ ဘေးချိတ်။ ရှေးလူ

ကြီးတွေက၊ ကိုယ့်ထက် အသက် ဂုဏ်ရှိန် ကြီးတဲ့

သူကိုရိုသေကြပါလို့ဆုံးမ,တာကို၊ နင်က, ဟင့်အင်း

စော်ကားမှာပဲ . . စော်ကားမှာပဲ ဆိုပြီး၊ အပျင်းပြေ

ဆန့်ကျင်ချင်တာလား"

"အဲဒီလိုတော့၊ မဟုတ်ပါဘူးဟယ်"

"မဟုတ်ရင်ပြီးရော။ငါတို့လည်း၊နောင် . .

နှစ်ပေါင်းများစွာကြာရင်၊ရှေးလူကြီး ဆိုတဲ့၊အရွယ်

ကိုသေချာပေါက်၊ ရောက်ကြရမှာလေ။

အဲဒီ အရွယ်ရောက်ရင်၊ လူကြီးသူမ,တွေကို





မရိုမသေ လုပ်ကြ ။ ကိုယ့်ထက် အသက် ဂုဏ်ရှိန်

ကြီးတဲ့လူတွေကို၊ စော်ကားကြ . . လို့တော့၊ဆိုဆုံး

မ,မှာ၊ မဟုတ်ဘူး"

"မှန်တယ်" ဟု၊ ရဲမင်းခေါင် စကားထောက်၏။သိန်းမြင့်ဇော် ၊ ဆက်သည်။

" နောက်ပြီး၊ကိုယ်, ငယ်ရွယ်တုံးကတော့၊

လူကြီးသူမ,ကို၊ မရိုမသေတွေ၊လုပ်ခဲ့ပြီး။ကိုယ် . .

လူကြီးအရွယ်ရောက်တော့မှ၊ အရိုအသေခံချင်

လို့တော့၊ မရဘူး။

ကိုယ်တောင်၊ ဆိုဆုံးမ, မှုကို၊ မလိုက်နာ

ခဲ့ရင်၊ ကိုယ့်ရဲ့, အဆုံးအမကိုလည်း၊ ဘယ်သူမှ၊

လိုက်နာမှာ မဟုတ်ဘူး။ ဒါ . . သဘာဝ, ကျကျ၊

တွေးကြည့်တာပဲ။ငရဲမပါဘူး၊ နတ်ပြည်မပါဘူး။

နောင်တစ်ချိန်မှာ၊ လူငယ်တွေကို၊ ဘယ်လို

ဆုံးမ,ရမှန်းမသိတဲ့၊ လူကြီး မဖြစ်ချင်ရင်၊ မိမိ ,

ကိုယ်တိုင်၊တကယ့် လူကြီးသူမ, ရဲ့, ဆိုဆုံးမ, မှုကို၊

တကယ်လိုက်နာပါ . . တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ငါ့, အဖိုး၊ ဆုံးမ, ဖူးတယ်။ နောက်ပြီး . .

မိဘ, ဖြစ်ပြီး၊ သားသမီးကို၊ ဘယ်လို . . ဆုံး

မှန်းမသိတဲ့ . . မိဘ ။ ဆရာဖြစ်ပြီး ၊ တပည့်

ဘယ်လို ဆုံးမ, ရမှန်း မသိတဲ့ . . ဆရာမျိုး။မြ

ချင်ရင်၊ မိကောင်း ဘကောင်း ဆရာ ကောင်း

သင်အံ ဆုံးမ,မှုကိုခံယူဖို့မပျက်ကွက်စေနဲ့ . .

အတိအကျ၊ မလိုက်နာနိုင်သေးရင်တော

သိထားမှတ်ထားတော့၊ အကျိုးရှိတာပေါ့"

သိန်းမြင့်ဇော်က၊ စကားရပ်လျက် ၊ မြသီတာဘက် လှ

ကာ . .

"နင်က၊ ငါ့ထက်၊ အသက် တစ်နှစ်ကျော်

လောက်တောင်၊ ကြီးပါတယ်။နင်, အဲဒါတွေ . .

နင်, မသိဘူးလား။နင့် မိဘက၊ နင့်ကို။ မပြောပြ

ဘူးလား"

မြသီတာက ၊ မျက်ခုံးလေးတွန့်ကွေးရင်း . .

"သိန်းမြင့်ဇော်ရယ်။နင်ကလည်း၊သတိ

တတ်ရန်ကော။ငါ့မှာ၊ အမေ မရှိတော့ဘူးလေဟာ





အဖေကလည်း . . ၊ သူ့ဟာနဲ့သူ . . ။

အမေရှိတုန်းက,တော့၊ ဆုံးမ,ခဲ့တာတွေ၊

ရှိသင့်သလောက်တော့ . . ၊ ရှိတာပေါ့ ။ သိသင့်

သလောက်တော့ , သိတာပေါ့။ ဒါပေမဲ့ . . "

မြသီတာ တမင် စကားမဆက်တော့ ။ ထိုအခါကျမှ ၊

သိန်းမြင့်ဇော်က၊ အားနာစွာဖြင့် . . ,

"ဟာ . . ။ ဆောရီး မြသီတာ။ ငါ, လုံး၀

မေ့သွားတယ်"

ပြောပြီး၊ ရဲမင်းခေါင် ဘက်လှည့်ကာ . .

"မြသီတာက၊ အဒေါ်အိမ်ကနေကျောင်း

လာတက်တာ။

အဖေက ၊ လှိုင်သာယာမှာ ။ နောက်အိမ်

ထောင်နဲ့၊တော်တော်ကိစ္စ ရှိုပ်၊ ဖအေဆိုသွားတာ၊

သူက . . "

မြသီတာကို၊ လက်ညှိုးညွှန်၍၊ ပြော၏။ ရဲမင်းခေါင်က ,

" ဟာ . . ။ ဒါ . . ၊ ဘ၀, အပြင်းစားပေါ့။

စိတ်မညစ်နဲ့ဟာ။ငါတို့, လူကြီးဖြစ်သွားရင်၊ အဲဒါ

www.burmeseclassic.com



တွေတ ၊ သေးသေးလေးဖြစ်သွားမှာ၊ သိလား ..

မြသီတာ"

မြသီတာ ခေါင်းညိတ်၏။ အသက်မပါ။မျက်ရည် မကျ

မျက်ဝန်းငွေဝဲကို၊ ကြည့်လျက်၊ သိန်းမြင့်ဇော်က ..

"ငါ စကားလောသွားတာကို၊ စိတ်မဆိုး

နော် မြသီတာ"

"မဆိုးပါဘူး" ဟု၊ မြသီတာပြော၏။ ပြီးမှ ၊ မျက်တော

ခပ်လျှက် ၊ စကားဆက်သည်။

"အမေမိဘရဲ့၊ အဆို အဆုံးမ နဲ့၊ မတွေ့

တော့ပေမဲ့ ၊ ငါ့မှာ .. သူငယ်ချင်းကောင်းတွေ

ရှိတယ်လို့၊ ငါ, ခံယူထားပါတယ်ဟာ"

သိန်းမြင့်ဇော်နှင့်ရဲမင်းခေါင်တို့၊ ခေါင်းညိတ်လိုက်ကြ

ချိန်းဆိုထားရာသို့၊ နီနီဦး ရောက်မလာသေး။





သီဟ,၏ ဒဏ်ရာလည်း၊ ပျောက်ကင်းသလောက် ရှိပေပြီ။ ကို ပြန်ဝတ်နေသည့်၊သီဟ,၏ လက်ဝှာဘက်လက်မောင်းရှိ၊ အဖြ တ်အသား ဆေးမင်ကြောင်ကို တစ်လှည့်၊ သီဟ၏ မျက်နှာကို တစ်လှည့်၊ မြသီတာ ငေးကြည့်နေသည်။

"ဟဲ့"

သိန်းမြင့်ဇော်၏ ဟန့်တားသံ။ မြသီတာ ရှက်ကိုးရှက်ကန်း ဖြစ်သွား၏။

"အားလုံးပဲ ၊ သွားပြီနော်"

သီဟ,၏ နှုတ်ဆက်စကား။ မြသီတာက၊ "ဟုတ်ကဲ့"ဟု၊ သံပြုသည်။ပြီးနောက် .., ဒေါက်တာ ဟန်စိန်၏ မျက်နှာကို၊ သေအချာ ငေးကြည့်ပြန်သည်။

ပျောက်ကင်းလုလု၊ အနာနေရာသို့ ဒေါက်တာ ဟန်စိန်က၊ သန့်စင်ပေးသည် ။ ဆေးထည့်ရန်သာထည့်ဖို့ ၊ လိုတော့ကြောင်း ၊ လာစတာ ကပ်ဖို့ နှင့်၊ ဆေးသောက်ဖို့ မလိုတော့ကြောင်း၊ ပြော၏။

"ဆရာ"

"ပြော"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာနဲ့၊ကိုသီဟနဲ့က၊သူငယ်ချင်းတွေနော်"

"ဆရာတို့ နှစ်ယောက် ၊ လှိုင်သာယာ

ရောက်ဖူးသလားဟင်"

"ရောက်ဖူးတာပေါ့။လှိုင်သာယာနဲ့၊ရန်ကု

နဲ့၊ ဘယ်လောက်ဝေးတာမှတ်လို့"

"ဘယ်တုန်းက၊ ရောက်ဖူးတာလဲ ဆရာ"

ဒေါက်တာ ဟန်စိန်က၊ ပြုံးလျက် . .

"လမ်းကြုံရင်ရောက်ပါတယ် ။ ဘယ်တုန်း

က ၊ ရောက်ဖူးတာလဲတော့၊ မပြောတတ်ဘူး"

မြသီတာက၊ နှစ်ကာလကို၊ စဉ်းစားတွက်ချက်ပြီး . .

"ဟို . . ၊ ကျွန်မ, မေးတာက၊ ကိုသီဟနဲ့

ဆရာနဲ့၊ အတူတူ၊ ရောက်ဖူးသလားလို့၊ မေးတာ"

"သြော် . . ။ လှိုင်သာယာမှာ ၊ သီဟ,ရဲ့

အစ်မ, ရှိတယ်လေ။ အင်း . . "

ဒေါက်တာဟန်စိန်က၊ စဉ်းစားပြီး . .

"သူ့ အစ်မ,အိမ်ကို၊ သူ . . , ခဏ သွားနေ

တုန်းက၊ ရောက်ဖူးတာ။ အင်း, ဟုတ်တယ်။ အဲဒီ





တုန်းက၊သီဟ,ရော . . ဆရာရော . . ငယ်သေး

တယ်။

သီဟ,ကိစ္စ တစ်ခုနဲ့၊ အဲဒီမှာ၊ သွားရှောင်

နေတုန်း ၊ သူ့ကို ၊ သွားတွေ့တာ ။ဟုတ်တယ် . .

ဟုတ်တယ်။ အဲဒီတုန်းက,မှ၊ စ, ရောက်ဖူးတာ ။

ဘာဖြစ်လို့လဲ။ အကြောင်းထူးရှိလို့လား"

မြသီတာက၊ သိန်းမြင့်ဇော်နှင့်နီနီဦးကို၊ ငဲ့ကြည့်ပြီးမှ . .

"ကျွန်မ,မှာ . . ၊ဆွဲကြိုးလေးတစ်ကုံးရှိတယ်

ဆရာ"

"နင်, ဆရာ့ဆီမှာ၊ ပေါင်မလို့လား"

သိန်းမြင့်ဇော်၏ အရွှန်းစကားကြောင့်၊ ဒေါက်တာ ဟန်စိန်

. . နီနီဦးပါ ပြုံးရယ်ကြ၏။မြသီတာ မရယ်မော။

"ကဲ . . ကဲ။ပြော . . ။ဆက်ပြော"

စကားလမ်း၊ မလွဲစေလိုသောကြောင့်၊ ဒေါက်တာ ဟန်စိန်

မြသီတာကို၊ စကား ,ကြောင်းပေးလိုက်၏။ မြသီတာ၊ စကား

တ်သည်။

"ဆွဲကြိုးလေးက၊ အပြတ်ကလေးပါ ဆရာ။

www.burmeseclassic.com



ဆွဲပြားလေးလည်းပါတယ်။နှစ်ခုစလုံးကိုပလက်တီနံနဲ့လုပ်ထားတာပါ"

ခြသိတာ၊စကားမဆုံးမီပင်၊ဒေါက်တာ ဟန်စိန်၏ စိတ်အာရုံ အတွင်းသို့ လွန်ခဲ့သော၊ ကာလ,တစ်ခု၏အမှတ်ရစရာတစ်ခု ပေါ်လာနဲ ရောက်လာ၏။

♥A♥

သီဟက၊ သွေးပေနေသည့်လက်ကို၊ တစ်သျှူးစက္ကူဖြင့် ပိသုတ်သန့်စင်ရင်း . .

"ဟာ။ငါ့ ဆွဲကြိုး"

ဟန်စိန်က . .

"အင်း။ ပျောက်ပြီနဲ့တူတယ်"

"ပျောက်လို့မဖြစ်ဘူးကွ။ဒုက္ခပဲ။ပြဿနာပဲ"

"ခုနက၊ ဝရုန်းသုံးကားနားမှာ၊ ကျန်ခဲ့တယ်ထင်တယ်"

"ငါ, သွားရှာမယ်ကွာ"

"ငါ, ရထားနောက်ကျတော့မယ်လေကွာ". . ဟု ဟန်စိန်ပြောမှ၊ သီဟ,ငြိမ်သွား၏။





"သွားရောကွာ"

"ဘာသွားတာလဲ"

ဟန်စိန်၏ အမေးကို မဖြေဘဲ၊သီဟ,က . . ၊တစ်ကိုယ်တည်း ၊ ကြေကွဲစွာ ၊ ညည်းတွားလေသည်။

ထိုညည်းတွားသံကို၊ဒေါက်တာဟန်စိန်ဘယ်တော့မှ၊ မမေ့။ သီဟ, အကြောင်း ၊ စဉ်းစားမိစဉ်တိုင်း ၊ စကားစပ်မိစဉ်တိုင်း ၊ အစဉ်မှတ်မိနေရစမြဲ။

"သွားပြီ။လူကို၊ စွန့်လွှတ်လိုက်ရတဲ့အပြင်၊ အမှတ်တရ ပစ္စည်းလေးပါ ၊ ပျောက်သွားပြီဆိုတော့ . . ။

ငါက ၊ ဘာနဲ့မှကို၊ မထိုက်တန်တဲ့ကောင်ပါလားကွာ"

♥A♥

အတိတ်၏ အဖြစ်အပျက်များက၊ ဒေါက်တာဟန်စိန်၏ စိတ္တခဏ အတွင်းသို့ ၊ အဟုန်များစွာဖြင့်၊ ထင်း,လင်းစွာ၊ ရောက်ရှိလာခြင်းဖြစ်သည်။

"အင်း . . ဆရာမှတ်မိပြီ။ လိုင်သာယာမှာ၊

www.burmeseclassic.com



ကောင်မ,လေးတစ်ယောက် ၊ စက်ဘီးအတိုက်ခံ

ပြီး သတိလစ်သွားလို့ ဝင်ကူရင်းသီဟ,ဆွဲကြိုးတစ်ကုံး

ပျောက်သွားဖူးတယ်။ဟုတ်တယ်၊ ဆွဲကြိုးက၊

ပလက်တီနံ ဆွဲကြိုး။

ဆွဲပြားက,လည်း ၊ ပလက်တီနံနဲ့,လုပ်ထား

တာပဲ။ဆွဲပြားလေးက . . အင်း . . "

ဒေါက်တာဟန်စိန် သေသေချာချာစဉ်းစားသည်။ ပြီး

"ဟို . . ။ သီဟ, လက်မောင်းမှာ၊ထိုးထားတဲ့

တက်တူးလိုမျိုး။ အင်္ဂလိပ်စာလုံး အေ- ကို၊ ကနုတ်

ပန်းလိုမျိုး၊ လုပ်ထားတာလေး။အဲဒီလို၊ လုပ်ထား

တဲ့ ၊ အေ-ဆွဲပြားလေး ။ သူက ၊ အဲဒါလေးကို

တော်တော်မြတ်နိုးတာ"

"မနက်ဖြန်။အဲဒီ ဆွဲပြားလေးရော၊ ဆွဲကြိုး

လေးရော၊ ကျွန်မ, လာပေးမယ် ဆရာ"

မြသီတာက ၊ လွမ်းမော ဝမ်းမြောက် တုံရီစွာ ပြောသည်။

"ဘယ်လို"

မြသီတာ ၊ ထောက်ဒူးထောက်ထိုင်လိုက်ပြီး ၊ ဒေါက်တာ





ဟန်စိန်ကို၊လက်အုပ်ချီလိုက်၏။

"ကျွန်မ . . . ဆရာတို့ , နှစ်ယောက်ကို ၊

မြင်ဖူးသလိုလို၊ရှိနေတာ ဆရာရဲ့။ ဆရာ့ ပါးချိုင့်

လေးကိုရော ၊ ကိုသီဟ,ကိုရော ၊ တစ်နေရာရာမှာ၊

သေသေချာချာမြင်ဖူးတယ်လို့ သိနေတာ။ကိုသီဟ,

ရဲ့,လက်မောင်က၊ အေ - အမှတ်အသားလေးကို

တွေ့,လိုက်တော့မှ၊ ဆက်ဆပ်တွေးမိပြီး၊ ဆရာ့ကို၊

မေးကြည့်မိတာ"

ဒေါက်တာ ဟန်စိန်က၊ အံ့သြစွာ၊ ပြုံးလျက် . .

"သြော် . . ။ ဒါဆို၊ စက်ဘီးအတိုက်ခံရတဲ့

ကောင်မ,လေးက၊ ညည်းပေါ့"

"ဟုတ်ကဲ့ပါ ဆရာ။ အဲဒီ့တုန်းက၊ ကျေးဇူး

အတွက်၊ ဆရာ့ကိုရော၊ ကိုသီဟ,ကိုရော။ကျွန်မ,

ကန်တော့ချင်ပါတယ် ။ အခု ၊ ကျွန်မ, ဆရာ့ကို၊

ကန်တော့ပါရစေ"

"မကန်တော့ပါနဲ့,ရပါတယ်။ ကြာပြီပဲ"

"ကျေးဇူးဆိုတာ၊ ဘယ်တော့မှ၊ မပျောက်

www.burmeseclassic.com



ပျော်တတ်တဲ့ အထောက်အပံ့ . . လို့ အမေ ဆုံး

ရှုံးပါတယ်"

"သမီး . . ။ သွားဖုံး ပေါက်သွားရှ် ဆိုပေမဲ့။ သမီး

အတိုင်းသွားတဲ့ အချိန်။ အမေတို့ ဘာမှ မလုပ်တတ်ဘူး သမီးရဲ့

ညီ့ ထောင်လေးနှစ်ယောက်တာ၊ ကျွမ်းကျွမ်းကျင်ကျင်၊ ဝင်ကုပေးလို့

သမီး အသက်မဆုံးရှုံးတာ။ အဲဒီ အစ်ကိုကြီးတွေကို၊ သမီး ကန်တော့

ရမယ်နော်။ ကျေးဇူးရှင်ဆိုတာ၊ ကန်တော့ရတယ်"ဟု၊ မြသီတာ၏

မိခင်၊ ပြောသည်။

"အဲဒီ အစ်ကိုကြီးတွေက၊ ဘယ်မှာနေမှန်း၊ မသိဘူးအမေ

ရဲ့" ဟု၊ မြသီတာပြောသည်။ "ပြော် . . ။ တစ်နေ့နေ့တော့၊ တွေ့

မှာပေါ့။ ဘယ်တော့တွေ့တွေ့၊ ဘယ်မှာ တွေ့တွေ့၊ တွေ့တဲ့အချိန်မှာ

ကန်တော့ပေါ့။ ကျေးဇူးဆိုတာ၊ ဘယ်လောက်ကြာကြာ၊ မပျောက်

ပျက်ဘူး သမီးရဲ့။ အခု၊ သမီးက၊ အသက် ဆယ့်သုံးနှစ်။ အမေ့နို့ကို

မစို့တော့ဘူး။ ဒါပေမဲ့၊ ကလေးသေးသေးလေးတုန်းက ၊ စို့ခဲ့တဲ့

နို့ရဲ့၊ အဟာရ ကျေးဇူး . . . အထောက်အပံ့က၊ သမီးတစ်သက်လုံး

သံသရာတလျှောက်လုံးမှာ၊ အမြဲတမ်း၊ ရှိနေမှာသမီးရဲ့။ ဘယ်တော့

မှ၊ မပျောက်ဘူး။ အဲဒီလိုပဲ၊ သမီးကို၊ ကူညီခဲ့တဲ့၊ အစ်ကိုကြီးတွေရဲ့





ကျေးဇူးတလည်း၊ သမီး အသက်တည်နေသ၍၊ ဘယ်တော့မှ၊

ပျောက်ဘူး ။နောက်ဘဝ၊ ရှိနေရင်တောင်၊ အဲဒီ . . . , ကျေးဇူး၊

ရှိနိုင်တယ်သမီးရဲ့"ဟုမိခင်က၊ဆေးဖျော်ပေးရင်၊ပြောပြ၏။

"ကျေးဇူးဆိုတာ၊ ဘာလဲ အမေ"ဟု၊ မြသီတာ၊ မေးသည်။

"သမီးရဲ့ တည်ရာတည်ကြောင်းအတွက် ၊ ထောက်အပံ့ပြုတာကို ၊

ကျေးဇူးပြုတယ်လို့၊ ခေါ်တယ်သမီးရဲ့။ သမီးက၊ ငယ်သေးတော့၊

နောက်ပဲ၊ မှတ်ထား။ ပါဠိလို၊ ပစ္စယောလို့လည်း၊ ခေါ်တယ်"ဟု၊

မိခင်က ၊ ရှင်းပြစဉ် ၊ မြသီတာက၊ "ပျစ်စယော"ဟု၊ လိုက်ဆို၏။

"ပျစ်စယော . . မဟုတ်ဖူး၊ သမီးရဲ့။ ပစ်စယော . . ။ ပ,စောက်

အသံနဲ့ပဲ ဆိုရတယ်။ ယ,ပင့်သံနဲ့၊ မဆိုရဘူး။ အဓိပ္ပါယ် , တလွဲဖြစ်

သွားလိမ့်မယ်"ဟု၊သင်ပေးသည်။မြသီတာ"ဟုတ်ကဲ့"သည်။

ထိုကာလ၌ မကြာမီတွင်၊ မိခင်ဆုံးပါး၏။ အမေ မှာကြား

ခဲ့သည့်အတိုင်း၊ အသက်တည်ရာတို၊ကျေးဇူးပြုခဲ့သူ၊ နှစ်ဦး

အား၊ ရှိခိုးကန်တော့ရမည်ဟု၊ တွေးသိ မှတ်ပိုက်ထားခြင်းအပြင်၊

ထိုသူ . . နှစ်ဦးအနက်၊ တစ်ဦးဦး၏ ရတနာ ဆွဲကြိုးငယ်တစ်ကြိုး

ကိုလည်း၊ ပြန်ပေးရမည့် ပစ္စည်းအဖြစ်၊ တရိုတသေ၊ သိမ်းဆည်း

ထားခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ့ရဲ့၊ ကျေးဇူးကို၊ ရည်စူးပြီး။ ကန်တော့

ပါတယ်ဆရာ"

မျက်ရည် ဝေ့ဝေ့ဖြင့်၊ မြသီတာ၊ ကန်တော့၏။ဒေါက်တာ

ဟန်စိန်တ . .

"အေး . .။သာဓု, သာဓု, သာဓု။မိမိကိုယ်

ကိုရော . . သူတစ်ပါးကိုရော . . ၊ ကျေးဇူးပြုနိုင်

ပါစေ"

"ပေးတဲ့ဆုအတိုင်း၊ ကျင့်ဆောင်နိုင်ရပါလို၏" . . ဟု

မြသီတာ၊ ဆုပန်သည်။ဒေါက်တာ ဟန်စိန်က . .

"အခု။ အဲဒီ့တုန်းက၊ နေတဲ့။ ပင်လုံဈေးမှာ

မနေတော့ဘူးလား"

"နေတယ်ဆိုပါတော့ဆရာ။ဒါပေမဲ့၊ အဒေါ်

အိမ်မှာ၊ အနေပိုများတယ်။ ဟို . ."

မြသီတာက၊ စကားအမ်းနေသေး၏။ ပြီးမှ . .

"အမေဆုံးပြီးအဖေကား နောက်, အိမ်ထောင်

ပြုထားတော့။ ဒီ,ရန်ကုန်က၊ အမေ့ အစ်မ,ဆီမှာ

နေရင်းပဲ ၊ ကျောင်းတက်တယ်။လောလောဆယ်





ရန်ကုန်မှာ၊နေတယ်ဆိုပါတော့ ဆရာ"

"ဪ"ဟု၊ ပြောပြီး ၊ ဒေါက်တာဟန်စိန်က၊ မြသီတာနှင့်၊

...နီးမြင့်ဇော်တို့ကိုပါကြည့်ပြီး . .

"ကျောင်းက၊ ပြီးကြတော့မလား"

"ဟုတ်ကဲ့ ဆရာ။ ဖိုင်နယ် တက်နေကြတာ

ပါ"

"အင်း။ မြန်မြန်ကြိုးစားကြ။ အချိန်မဖြုန်း

ကြနဲ့"

"ဟုတ်ကဲ့ပါ ဆရာ။ ဪ . . ဒါနဲ့ ဆရာ၊

ကိုသီဟ,ကို၊ ကျွန်မ, ဆွဲကြိုးလေးလည်း၊ ပေးရင်း။

ကန်တော့လည်း၊ ကန်တော့ချင်တယ်ဆရာ။ အဲဒါ,

ဘယ်လို၊ ဆက်သွယ်ရမလဲ"

"သန်ဘက်ခါ ၊ သူ . . လာလိမ့်ဦးမယ်လေ။

ဒီကြားထဲ၊ သူနဲ့တွေ့ရင်၊ဆရာပြောထားလိုက်မယ်။

ဒါမှ၊ မဟုတ်, သူ့အိမ်ကိုပဲ၊ သွားချင်တယ်ဆိုရင်၊

ဆရာလိပ်စာပေးလိုက်မယ်"

အပြင်မှ၊ လူနာတချို့ရှိရာသို့၊ ဝေ့ကြည့်ကာ၊ မြသီတာက,



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ဆိုရင်။ ဆရာ့ကိုရော။ လူနာတွေ

ရော ၊ အားနာတယ် ။ လိပ်စာယူသွားချင်တယ်

ဆရာ။ ဒါပေမဲ့ . . , အကျိုးအကြောင်းကို၊ ဆ

ကြိုပြောထားပေးပါလား ဆရာ"

ဒေါက်တာ ဟန်စိန်တ၊ အံဆွဲအတွင်းမှ၊ လိပ်စာ ကဒ်ပြား

ထုတ်ပေးရင်း . .

"ပြောထားလိုက်မယ်။ ညည်းကဖုန်းဆက်

ပြီးမှ၊ သွားပေါ့။ သူက၊ အိမ်, သိပ်မကပ်ဘူး"

"ဟုတ်ကဲ့ဆရာ"

မြသီတာ၏ ရင်ထဲတွင်၊ ကြည်နူးနေချေ၏။ ကာလ ကြာ

ရှာ ဝေးတွာ ပျောက်ဆုံးနေခဲ့သည့် ၊ အရာများစွာအား ၊ ပြန်တွေ့

ရသကဲ့သို့၊ အေးမြပျော်ရွှင်နေရသည်။

ဘာကြောင့်ပျော်နေလေသည်ကို ၊ သူငယ်ချင်းများပင်

မသိနိုင်၊ ပြောပြပြန်လျှင်လည်း၊ ပြောသလောက်သာသိပေမည်

ရှိသလောက်ကို၊ မြင်တတ်ကြမည်၊ မဟုတ်။

မိခင်ကောင်း၏စကားကို၊ နာကြားလိုက်နာနိုင်အပ်သော

သားသမီးကောင်းတစ်ဦး၏၊ ပီတိကို၊ မည်သူကမျှ၊ တူညီစွာ . .





ာနိုင်လိမ့်မည် မဟုတ်။

A

ဆေးခန်းအပြင်ဘက်၊ ပလက်ဖောင်းပေါ်သို့ရောက်သော်၊

မြင့်ဇော်က . . ,

"ပလက်တီနံ ဆွဲကြိုးကို၊ နင် . . , သေသေ

ချာချာ၊ သိမ်းထားခဲ့ရတာပေါ့"

"အင်း"

"အခုလို၊ ပြန်ပေးနိုင်မယ်၊ ထင်လို့လား"

"ထင်တော့မထင်ဘူးပေါ့။ ဒါပေမဲ့၊ တွေ့လို

တွေ့ငြားဆိုတဲ့စိတ်နဲ့၊ သိမ်းထားရတာပေါ့"

"အကြာကြီးပဲနော်"ဟု၊ နီနီဦးပြော၏။ မြသီတာ ခေါင်း

ညိတ်သည်။ နီနီဦးက . .

"ဆရာဝန်ကို၊ နင်ကန်တော့တာ၊ ကြည့်ပြီး၊

ငါတောင်၊ ပျော်သလိုလို၊ ငိုချင်သလိုလို၊ ဖြစ်သွား

တယ်။

ဆယ်နှစ်ကျော်လောက်ကြာမှ၊ ကိုယ်, တွေ့

ချင်တဲ့သူတွေကို ၊ တွေ့ခွင့်ရတာ ၊ ထူးလည်း . .

www.burmeseclassic.com



ထူးဆန်းတယ်။ကြည်နူးဖို့လည်း၊ကောင်းတယ်နော်"

မြသီတာက . .

"အမေခိုင်းခဲ့တာကို၊ စိတ်ရော . . ကိုယ်ပါ လုပ်ခွင့်ရပြီ ဆိုတဲ့၊ အခြေအနေက၊ ဝမ်းသာစရာ

သမီး လုပ်နိုင်ပြီအမေ . . လို့၊ ပြောခွင့်မရ တော့တာက၊ ဝမ်းနည်းစရာ။အဲဒီနှစ်ခုစလုံး၊ ငါ ခံစားရတာ"

"နောက်, ထူးခြားတာ တစ်ခု၊ တွေးမိသေးတယ်" . . ဟု နီနီဦးပြော၏။

"ဘာလဲ"

"ငယ်ငယ်က၊ စက်ဘီး အတိုက်ခံရတုန်းက, ရော . .၊ အခု အရွယ်၊ ကားတိုက်ခံရမလို၊ ဖြစ် တုန်းက,ရော . . ၊ အကူအညီ'ပေးရတာ၊ နှစ်ကြိမ် စလုံးမှာ၊ ကိုသီဟ, ပါနေတယ်နော်"

"ဪ . . အေး။ ဟုတ်သားပဲ။ဒါ, ထူးဆန်း တဲ့၊ တိုက်ဆိုင်မှုပဲ"

သိန်းမြင့်ဇော်က . .





"နင်ကျေးဇူးရှင်တွေကို၊ ကန်တော့ခွင့်ရတာ၊ ငါ့, ကျေးဇူးပါတယ်နော်"

"ဘာဆိုင်လို့လဲဟဲ့" ဟု၊ နီနီဦး ဝင်မေးသည်။

"ကိုသီဟ,ကို၊ ငါ, တုတ်နဲ့ရိုက်ဖို့၊ လုပ်မိလို့၊ ဒေါက်တာ ဟန်စိန်ကိုရော၊ ကိုသီဟ,ကိုရော၊ သူ, တွေ့ခွင့်ရတာလေ"

"ဟုတ်ပါ့,ဟုတ်ပါ့"ဟု၊ မြသီတာ ပြောရ၏။သိန်းမြင့်ဇော်က,

"အဲဒီ နင်, ငယ်ငယ်တုန်းက၊ ကိုသီဟ,တို့၊ ဝင်ကူတာ . .၊ ဘယ်လိုက . . ဘယ်လို၊ကိုသီဟ ရဲ့, ဆွဲကြိုးက၊ နင့်လက်ထဲကို၊ ရောက်နေတာလဲ"

"နင်, သိဖို့၊ မလိုဘူး"

"ဟာ။မာကျောလှခြည်လား"

ပြောရင်းဆိုရင်း၊သိန်းမြင့်ဇော်၏ လမ်းထိပ်သို့ရောက်လာ သဖြင့်၊ သိန်းမြင့်ဇော် နေခဲ့လေသည်။ သိန်းမြင့်ဇော် လမ်းထဲသို့ ဝင်သွားသောအခါ၊ နီနီဦးက . .

"ဘာဖြစ်လို့ ၊ သိန်းမြင့်ဇော်ကို ၊ ပြောမပြ တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ"

"ခုနက၊ သိန်းမြင့်ဇော် မေးတာလေ၊ 

လက်ထဲကို၊ ဆွဲကြိုး ဘယ်လို၊ရောက်နေတာလဲ

ငါလည်းသိချင်တယ်"

မြသီတာက . .

"သေ သေချာချာတော့၊ ငါ, မမှတ်မိဘူး

ငါ, အိမ်ရောက်လို့၊ အိပ်ရာက၊ နိုးတော့။ ငါ့, ရှင်

အင်္ကျီထဲမှာ၊ ခိုးလို့ ခုလုဖြစ်နေလို့၊ကြည့်လိုက်တော့

မှ၊ တွေ့ရတာ။

ဘယ်က ၊ ပစ္စည်းရယ်လို့ မသိတာရော . .

နေသိပ်မကောင်းတာရော . . ၊ ဆိုတော့၊အဲဒါဆွဲကြိုး

ကို၊ ခေါင်းအုံး အောက်ထဲ၊ ဒီအတိုင်း၊ ထိုးထည့်

ထားလိုက်မိတာ။

နောက်တစ်ရက်၊ ကိုသီဟ, လာသေးတယ်

ငါ, ဆွဲကြိုးအကြောင်း၊ ခေါင်းထဲ ၊ မရောက်ဘူး

ဆက်လည်း ၊ မဆက်စပ်မိဘူး။ နေကောင်းသွား

တော့မှ၊ဆက်စပ်မိတာ။ကိုသီဟ , လက်မောင်းက





အေ-အမှတ်အသားလေးရယ်။ငါ့, ရှင်မီး ထဲက ၊

တွေ့တဲ့ , အေ-ပုံစံ ဆွဲပြားလေးရယ်က၊ တစ်ပုံစံ

တည်းပဲ"

"ကိုသီဟ, လက်မောင်းက၊ တက်တူးကို၊ နင်,

ဘယ်လိုလုပ်တွေ့တာလဲ"

"စက်ဘီးအတိုက်ခံရပြီး၊ဆေးခန်းရောက်

တော့၊ သတိရပြီ ။ သတိရရချင်း၊ ငါ, မြင်လိုက်

တာ၊ လူ တစ်ယောက်ရဲ့၊ လက်မောင်းက၊ အေ-

အမှတ်အသားလေးပဲ။ အဲဒီလူက၊ အင်္ကျီချိုင်းပြတ်

ဝတ်ထားတယ်။အဲဒါ, ကိုသီဟ, ပဲ"

"ဩော် . . ။ ဒါဆို၊ အခု, ကိုသီဟ,ကို၊ မြင်

မြင်ချင်း၊ နင်, လုံးဝ, မမှတ်မိတာပေါ့"

"မမှတ်မိဘူး။မြင်ဖူးသလိုလိုတော့၊ ခံစားရ

တယ်။ ဒေါက်တာ ဟန်စိန်ကိုလည်း၊ မြင်ဖူးသလို

လိုပဲ ။ ကိုသီဟ,လက်မောင်းကို ၊ မြင်မှ ၊ အိမ်မှာ

သိမ်းထားတဲ့ ဆွဲပြားလေးက,အေ- အမှတ်အသား

နဲ့၊ သူ့, လက်မောင်းက, အေ- နဲ့တူလို့၊ မေးကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ ။ အခုတော့ . . ,

ဟိုတုန်းကမြင်ဖူးခဲ့တဲ့ ကိုသီဟ, ရုပ်နဲ့ ၊ အခု . . ရု

ဆက်စပ်ပြီး ၊ မှတ်မိတာပေါ့ ။ ငယ်ငယ်တုန်းက

မြင်ခဲ့ဖူးတဲ့ကိုသီဟ,မျက်နှာကလည်း၊ မှုံကုတ်ကုတ်

အခု ကိုသီဟ, မျက်နှာက,လည်း၊ မှုံကုတ်ကုတ်

အတူတူပဲ"

မြသီတာက၊ ပြောပြီး၊ ပြုံး၏။

"အံ့သြဖို့တော့၊ ကောင်းတယ်နော်"ဟု၊ နီနီဦးပြောသည်

"အံ့သြ ဝမ်းသာပေါ့ဟာ"ဟု၊ မြသီတာပြော၏။"ဆွဲကြိုးက၊ ရှင်

အကျီထဲရောက်နေတာလို့၊ မပြောချင်လို့၊ သိန်းမြင့်ဇော်ကိုမပြော

တာပေါ့၊ဟုတ်လား"ဟု၊ နီနီဦး မေးပြော ပြောသည်။မြသီတာ

ခေါင်းညိတ်၏။

ပြီးနောက် . . သီဟ၏ လိပ်စာကဒ်ပြားလေးကို၊ ကြည်နူး

စိတ်ဖြင့်၊ ကိုင်ကြည့်လိုက်သည်။ ရင်ထဲတွင်၊ လှပ်ကနဲ၊ ဖြစ်ရ

A A





အမေ မုဆိုးမ,ကြီးက၊ သီဟ,တို့ မောင်နှမနှစ်ယောက်ကို၊

ပင်ပန်းခါးရောင်းပြီး ၊ စောင့်ရှောက်ကျွေးမွေးခဲ့သဖြင့်၊ ဝမ်းဝ,

ခဲ့ကြသည်။

အစ်မ ဖြစ်သူက၊ ဆယ်တန်းနှစ်ခါကျပြီး၊ သိပ်မကြာခင်၊

အိမ်ထောင်ကျ၏။အမေ ဒေါ်မြရီက၊ သမီးကိုရော သားမက်ကိုရော၊

အိမ်ပေါ်မှာ၊ ခေါ်ထားသည်။

A

အမေ ဈေးဝယ်ထွက်နေစဉ်၊ ယောက်ဖ,နှင့် အစ်မ,ဖြစ်သူ

တို့ စကားများရန်ဖြစ်ကြသည်။သီဟ, စာကျက်နေ၏။ ယောက်ဖ,က၊

အစ်မ,ဖြစ်သူကို၊ ပါးရိုက်လိုက်သည်ကို၊ သီဟ,မြင်၏။ အိပ်ရာ

ခေါင်းရင်းတွင်၊ ထောင်ထားသော၊ ငှက်ကြီးတောင်ဓားဖြင့်၊ ယောက်ဖ,ကို၊

ပြေးခုတ်သည်။ ယောက်ဖ, အိမ်ပေါ်မှ၊ ဆင်းပြေးရ၏။

ဤသည်ကို၊ အကြောင်းပြု၍၊ သီဟ,ကို၊ ငှက်ကြီးဟု၊ ခေါ်

ခေါ်ကြသည်။ထိုနေ့မှ၊ စ,ပြီး၊ သီဟ,ရှေ့တွင် ၊ အစ်မ,လင်မယား

ရန်မဖြစ်ရဲကြတော့။သိပ်မကြာခင်မှာ၊လှိုင်သာယာသို့ ပြောင်းနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ယောက်ဖဖြစ်သူ၏ လုပ်ငန်းကလည်း ၊ လှိုင်သာယာမှာဆိုတော့
အမေ ထားဖို့ ခက်သွားသည်။

♥A♥

သီဟ,ဘွဲ့ရမည့်နှစ်က၊ အမေ ဆုံးသည်။ ကျဘမ်းအလုပ်ကို
လုပ်ကိုင်ပြီး၊ ဝိဇ္ဇာဘွဲ့. တစ်ဘွဲ့ရခဲ့၏။

ပထမနှစ်တစ်ည်းက၊ ချစ်သူဖြစ်ခဲ့သော၊ အေးဝတ်ရည်
နှင့် ၊ တွေ့ဖို့ ၊ အကြောင်းပေါ်လာသည်။

"အိမ်က၊ ပေးစားမယ့်သူ၊ ရှိနေပြီဆိုတာ
ဒါ, ပြဿနာမှ မဟုတ်တာ။သမီးမှာ၊ချစ်သူရှိတယ်
လောလောဆယ် ၊ မကြွယ်ဝ, သေးဘူး ။ အလုပ်
ကြိုးစားနေတယ်။ အသက် နှစ်ဆယ့်ခွန်လောက်
ရောက်ရင်၊ လက်ထပ်ဖို့၊ တိုင်ပင်ထားတယ်။
အင်း . . ။ တိုင်ပင်ထားတယ် ဆိုရင်၊ မဆုံးဖြတ်
ရသေးဘူးလို့ ယူဆ, နေဦးမယ်။ ဆုံးဖြတ်ထားတယ်
. . လို့၊ ပြောလိုက်ပေါ့။ဆယ်ကျော်သက်၊ သူငယ်
နှပ်စား အရွယ်တွေမှ၊ မဟုတ်တော့တာ"

အေးဝတ်ရည်က . .





"ပြောတယ်။ အမေ့ကို၊ ပြောတယ်။အဖေက၊
လက်မခံဘူး ။ ပွင့်ပွင့်လင်းလင်း၊ပြောရရင်၊ မောင်
နဲ့၊ သဘောမတူတာ"

"ဘာဖြစ်လို့" ခပေါ့

"အမှန်အတိုင်း၊ ပြောပြတာနော်။ စိတ်မ
ရဘူး"

သီဟ,က၊ ရယ်လျက် . .

"ချစ်သူ မျက်နှာကို၊ ထောက်ထားနေသမျှ၊
ချစ်သူ့, အသိုင်းအဝိုင်းကို၊ စိတ်မဆိုးဖို့၊ ဆုံးဖြတ်
ထားတယ်"

အေးဝတ်ရည်က၊ ပြုံးလျက် . .

"အဲဒီ့ အပြောအဆို၊ ညင်ညင်သာသာလေး
တွေကြောင့် ၊ မောင် , ဘယ်လောက် ကြမ်းတမ်း
ကြမ်းတမ်း၊ ဝတ်ရည် မခွာရက်တာ"

"လူကြမ်းတွေ . . အားလုံး၊ချစ်သူအပေါ်
မကြမ်းတမ်းဘူး။အဲဒါ, ချစ်သူတိုင်း၊ သိတယ်။
မောင်က၊ ဘာဝ, နည်းနည်း ကြမ်းတယ်လေ



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ရည်ရယ် . . ။အဲဒီ တော့၊စိတ် , နည်းနည်း ကြွမ်းမိတာပေါ့။ ပြောပါဦး။ ဝတ်ရည်ရဲ့, မိဘက ဘာကြောင့်၊ သဘောမတူတာတဲ့လဲ။ မောင်နဲ့"

"မိဘ, မရှိ။ ပြီးတော့၊ ဆင်းရဲတယ်။ပြီးတော့ မိုက်ကန်းကန်းနဲ့ . . တဲ့"

"မိဘ,ကမောင် , သဘောကြောင်းကြဲလိုက်တာ မဟုတ်ဘူးလေ။သူ့ ဘာသာ၊ သေသွားကြတာ"

အေးဝတ်ရည်က၊ ပြုံးလျက် နားစိုက်ထောင်သည်။

"အခု၊ မောင့် အသက်က၊ အစိပ် မပြည့်သေးဘူး။မောင့်ကို၊ဆင်းရဲတယ် . . လို့၊ ပြောလို့ မရသေးဘူး။

အနီးအပါးမှာ ၊ အမြင်မတော်တာတွေ . . ၊ ကြောင်တောင်တောင်တွေ . . ၊ ရှိနေသမျှတော့ မောင့်မှာ၊ မိုက်ကန်းကန်း စရိုက်တွေ၊ ရှိနေဦးမှာပဲ။

ဝတ်ရည်ကိုယ်တိုင်က၊ ဒီစရိုက်ကို၊ မရှိစေချင်ဘူးဆိုရင်၊ မောင်, ကြိုးစားပမ်းစားပြင်ပါ့မယ်"

အေးဝတ်ရည်က . .





"မောင်, စိတ်ရင်းကောင်းတာ ၊ ဝတ်ရည် သိတာပဲ။ ဝတ်ရည် အနေနဲ့ ၊ မောင့်အပေါ်မှာ ၊ ဘာ,တောင်းဆို စရာမှ၊ မရှိပါဘူး။

ဝတ်ရည်မြင်သလို၊ မိဘ, တွေ မောင့်အပေါ် မြင်တတ်ဖို့ တော့၊ မလွယ်ဘူး"

"မောင် ခိုးပြေးရင်၊ ဝတ်ရည် လိုက်မလား"

"မောင်ခေါ်ရင်၊ လိုက်မှာပဲ ။ ဒါပေမဲ့ . . . နှစ်ယောက် စလုံး၊ စိတ်ချမ်းသာမှာ၊ မဟုတ်ဘူး။ မိဘ, မောင်ဖွားတွေ၊ နည်းအမျိုးမျိုးနဲ့၊ လာနှောက်ယှက်ကြလိမ့်မယ်။အဲဒီ့အခါ၊ မောင်စားဆွဲမယ်။ ဝတ်ရည်၊ ပူပင်ရလိမ့်မယ်"

သီဟ,က . .

"ဒါဆို . . . ၊ ခိုင်မာတဲ့ ၊ ဆုံးဖြတ်ချက် ၊ ဝတ်ရည်မှာ၊ မရှိထားဘူးပေါ့"

"မောင် . . ဘာကို၊ ဆိုလိုတာလဲဟင်"

သီဟ,က၊ ချစ်သူမျက်နှာကို ညင်သာကြင်နာစွာ၊ ကြည့်ရင်း

"အသက်နှစ်ဆယ့်ခွန်မှာဆင်းရဲသည်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဆေးချမ်းသာသည်ဖြစ်စေ၊လက်ထပ်မယ် . . ဆိုတာ ရေရှည်ရည်မှန်းချက်။ သို့သော် . .

အကြောင်း . . . တစ်ခုခုကြောင့် ၊ ရည်မှန်းချ မရောက်ခင်၊ ကွေကွင်းရတော့မဲ့၊ ခြေအနေမျိုးနဲ့ ရင်ဆိုင်ရရင်၊ ဘာလုပ်မယ် . . ဘယ်လိုလုပ်မယ် ဆိုတာ၊ ဆုံးဖြတ်ချက်။

စာစကားနဲ့၊ ပြောရရင်၊ အရေးပေါ် ဆုံးဖြတ် ချက်။အဲဒီဆုံးဖြတ်ချက်မျိုး၊ ဝတ်ရည်မှာ၊ မရှိဘူး လား . . လို့၊ မေးတာ"

အေးဝတ်ရည်က ၊ သီဟ၊ ၏ လက်ချောင်းများကို ၊ ဖွဲ့ ကိုင်လျက် . .

"နှစ်ယောက်စလုံး ၊ နှစ်ဆယ်ခွန်ပြည့်ဖို့ ၊ သုံးနှစ်လောက်ပဲ ၊ လိုတော့တာ ၊ ဝတ်ရည်သိပါ တယ်။

ဘယ်အချိန်,ဘယ်အခါဘယ်လိုအခြေအနေ ရောက်ရောက် ။ မောင့်တစ်ယောက်တည်း ကိုပဲ ၊ ဝတ်ရည် လက်ထပ်မှာပါ။ ဒါပေမဲ့ . .





မိဘ,ကို၊ ဘယ်လို၊ ဆန့်ကျင်ရမယ်ဆိုတာ။ဝတ်ရည်၊ မတွေးထားမိဘူး။ဆန့်ကျင်ဖို့လည်း၊ခက်တယ်လေ"

သီဟ,က၊လက်သွယ်နုတို့ကို၊ပြန်လည်၊ ဆုတ်ကိုင်ရင်း . .

"မိဘ,ကို၊ စုံကန်ဖို့ ။ မိဘ,ကို၊ ပုန်ကန်ဖို့၊ ချစ်သူကို၊ မောင်, သွေးမထိုးပါဘူး။

မောင်က ၊ မိဘ, မရှိတော့တဲ့သူဆိုတော့။ မိဘ, တန်ဖိုးကို၊ ပိုပြီး အလေးထားပါတယ်။

ဒါပေမဲ့။တစ်ခုလိုချင်ရင်၊ တခြားတစ်ခုကို၊ သေချာပေါက်၊ စွန့်လွှတ်ရတတ်တယ်။ဒါ,လောက သဘာဝ,ပဲ"

"မိဘ,နဲ့လည်း ၊ အဆင်ပြေချင်တယ် ။ မောင်နဲ့လည်း ၊ ချင်ဘူး။အဲဒါ, ဝတ်ရည်ရဲ့, ဆန္ဒအမှန်ပါ မောင်ရယ်" . . ဟု၊ တောင်များ၊ ပုတ်ခပ်ရင်း၊ အေးဝတ်ရည်ပြော၏။

သီဟ,က၊ မျက်ဝန်းပျော့ရည်ဝေ့ကို၊ မမြင်ယောင်ပြုကာ,

"အဖြစ်ချင်ဆုံးဆန္ဒကို၊ အကောင်းဆုံးပံ့ပိုး နိုင်တာ၊ ခိုင်မာတဲ့၊ ဆုံးဖြတ်ချက်ပဲ ဝတ်ရည်။ ဆုံးဖြတ်ချက်ခိုင်မာထားတဲ့သူရဲ့, ဆန္ဒကို၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်အရာကမှ၊ မဖြို့ခွင်းနိုင်ဘူး ။

ပြီးတော့ . . ,နှစ်ဦးနှစ်ဘက်စလုံး၊အဆင်ပြေတယ်ဆိုတာ၊ ကမ္ဘာလောက,ရဲ့၊ဘယ်နေရာမှာမှ၊ မရှိဘူး။

အတိုက်အခံ, အပြိုင်အဆိုင်ဆိုတာ၊ နေရာတိုင်းမှာ၊ ရှိတယ်။ ဟင့်အင်း၊ အားလုံးအဆင်ပြေပါတယ်ဆိုရင် ၊ ကမ္ဘာ့ နိုင်ငံတိုင်းမှာ၊ စစ်ဆိုတာရှိကို၊ မရှိတော့ဘူး။

ကမ္ဘာ့နိုင်ငံကြီး တစ်နိုင်ငံဆိုရင်၊တခြားနိုင်ငံတစ်နိုင်ငံကို၊စစ်ဆင်နေရတယ်၊၊အဲဒီနိုင်ငံကြီးရဲ့နိုင်ငံသားတွေတောင်မှ ၊ သူ့နိုင်ငံက ၊ တခြားကိုစစ်ဆင်နေတဲ့အပေါ်၊ ထောက်ခံတဲ့သူတွေရှိသလိုဆန့်ကျင်တဲ့သူတွေလည်း၊ ရှိနေပြန်တယ်။

လူ . . ဆိုတာက၊ကိုယ်ကြိုက်တဲ့ဘက်၊ကိုယ်ရပ်ရတာလေ။ နှစ်ဘက်စလုံး၊ အဆင်ပြေချင်လို့မရဘူး ။ နှစ်ဘက်စလုံး ၊ အဆင်ပြေကြရင်တော့အကောင်းဆုံးပေါ့လေ၊၊ဒါပေမဲ့ ၊ လူ့လောက,ဆိုတာ





က၊ သူ့အကြိုက်ကိုယ့်အကြိုက်၊ နေ့နဲ့ည၊ အဖြူနဲ့အမည်း၊ အပူနဲ့အအေး၊ အကောင်းနဲ့အဆိုး၊ မမွှနဲ့အ,မေ့ွ၊ ကုသိုလ်နဲ့၊ အ,ကုသိုလ်၊ ဒွန်တွဲ . . ယှဉ်ပြိုင်နေတတ်တယ်လေ။

ကိုယ်က ၊ ကိုယ်ကြိုက်တဲ့ဘက်ကို ၊ ခိုင်ခိုင်မာမာ၊ ရပ်ရတာ။ ကိုယ်မှန်တယ်ထင်တဲ့ဘက်၊ ရပ်ကြရတာ။ ဘယ် ဘက်ရပ်ရမှန်း၊ မသိတဲ့သူဟာ၊ ရပ်စရာနေရာ ၊ မရှိတတ်သလို ၊ ဖြစ်ချင်တဲ့ဆန္ဒဆိုတာလည်း၊ မရှိတော့ဘူး"

"ဝတ်ရည်မှာ၊ မောင်နဲ့, မဝေးချင်တဲ့၊ ဆန္ဒ၊ ရှိနေတယ်လေ မောင်ရယ်"

"မောင်.ပြောပြီးပါပြီကော။ ဆန္ဒ . . ရှိရင်၊ ဆုံးဖြတ်ချက်၊ ရှိရတယ်။

မိဘ, မငြိုငြင်စေချင်ဘူး . . ဆိုတဲ့၊ ဆန္ဒရှိရင်၊ မိဘ, မကြိုက်တာ၊ မလုပ်ဘူးဆိုတဲ့၊ ဆုံးဖြတ်ချက်ရှိရမယ်။

ချစ်သူနဲ့၊ မကွေကွင်းချင်ဘူး . . ဆိုတဲ့၊ ဆန္ဒ



www.burmeseclassic.com

www.burmeseclassic.com



ရှိရင်၊ ဘယ် အနှောက်အယှက်ကိုမှ၊ ဂရုမစိုက်ဘူး
ရင်ဆိုင်မယ်၊ ကျော်လွှားမယ် ဆိုတဲ့၊ ဆုံးဖြတ်ချက်
ရှိရမယ်။

ဆုံးဖြတ်သမျှကို၊ အားလုံးက၊ လက်ခံတယ်
ကြည်ဖြူတယ် ။ ဘယ်သူကမှ၊ မနှောက်ယှက်ဘူး
အားလုံး အိုကေပဲ . . ဆိုတဲ့၊ အခြေအနေမျိုး
တော့ . . ။ ဘုရားတောင် ၊ မရနိုင်ဘူး ထင်တယ်
. . ဝတ်ရည်"

အေးဝတ်ရည်၊ ငိုင်ကျသွား၏။ သီဟ,က၊ လည်တွင်ဆွဲထား
သည့်၊ ချစ်သူလက်ဆောင် ဆွဲပြားလေးကို၊ တမင်ထုတ်က၊ နှုတ်ခမ်း
တွင်၊ ဖွဖွ ကိုက်၏။

ချစ်သူ . . ၊ လန်းဆန်းစေလိုသော၊ အလို့ငှာ၊ ပြုံးဟန်ကို
တမင်ပြုရင်း . .

"မောင့်စကားတွေမှာကျော့ရင်၊ မှာကျော့
နေလိမ့်မယ်။မလိုအပ်ဘဲ၊ ဖောင်းပွရင်၊ ဖောင်းပွ
နေလိမ့်မယ်။

မောင်ချစ်တဲ့ ဝတ်ရည်၊ မောင့်ကို၊အားနာ





နေမှာ၊ စိုးလို့။ မောင် . . ၊ အားမနာတမ်း ၊ ပြော
နေတာပါ။

ချစ်သူက၊ တစ်ဘက်။ မိဘ,က၊ တစ်ဘက်၊
ဖြစ်နေရတာကို၊ မောင်,နားလည်ပါတယ်"

"ဝတ်ရည် ၊ စိတ်ညစ်နေတယ် မောင်ရယ်။
အမေတို့ , အဖေတို့နဲ့ ၊ ဘယ်လိုမှ ၊ ညှိလို့ရမှာ ၊
မဟုတ်ဘူး"

"ညှိနှိုင်းလို့ ၊ မရနိုင်တဲ့ ၊ ကိစ္စတိုင်း . . မှာ၊
တစ်ဘက်ဘက်ကို၊ ရပ်ရတော့မယ်ဆိုတဲ့၊ ပြတ်သား
တဲ့၊ ဆုံးဖြတ်ချက်တော့။ ရှိကို ရှိရတယ် ဝတ်ရည်။

ဆုံးဖြတ်ချက်တိုင်း . . အတွက်လည်း၊ စွန့်
လွှတ်ရတာတွေ၊ ရှိတယ်။နင်, ကြိုက်ရာရွေး . . လို့
မောင်, ဆိုလိုနေတာ မဟုတ်ဘူးနော် ။

မောင့်နောက်ပဲ ၊ လိုက်တော့မယ် . . လို့၊
ဝတ်ရည် သေသေချာချာ ၊ ဆုံးဖြတ်ပြီးပြီဆိုရင်၊
အရာရာကို ၊ မောင်, ရင်ဆိုင်မယ်။ဖြေရှင်းမယ်။

မိဘ,မောင်ဖွားက၊လာစော်ကားရင်တောင်၊



www.burmeseclassic.com

www.burmeseclassic.com



မောင် . . ခေါင်းငုံ့ခံမယ်။ ဒါပေမဲ့ . . ၊ ဝတ်ရည်

ကိုတော့၊ ဘယ်သူမှ၊ ထိလို့, မရတော့ဘူး။

မွဲချင်တဲ့ခွေး၊ ပြာပုံတိုးတယ်တယ် . .

မိဘ, မျက်နှာ၊ အိုးမည်းသုတ်တယ် . . တဲ့။ တူ

ကိုယ်, တဲအိုးမျက်မှာ၊ နေရနေရဆိုတာ၊ ရုပ်ရှင်

ထဲမှာပဲ ရှိတာဟဲ့ . . တဲ့။ . . အဲဒီစကားမျိုးဆွေ

မိဘ,ကပဲ ဖြစ်ဖြစ်။ အစ်ကို မောင်က,ပဲ ဖြစ်ဖြစ်

ပြောဆိုပြီး၊ ဝတ်ရည်ကို၊ လက်ညှိုးငေါက်ငေါက်ထိုး

ဆူ . . ။ ဆဲ . . ။

မောင်, မကြားချင်ယောင်၊ ဆောင်ထားနိုင်

မှာပါ။ ဒါပေမဲ့၊ ငါ့ သမီးပဲ၊ ငါ့နှမ,ပဲ၊ ငါ့ အစ်မ

ဆိုပြီး။ရိုက်တာနှက်တာမျိုးကို၊ ကြုံရပြီ ဆိုရင်တော့

မယားထိ, မားကြည့်ဆိုတဲ့၊ စကားကို၊ အကောင်

အထည် ဖော်ရလိမ့်မယ်။ဘယ် မိန်းမသားကိုမဆို

ဘယ်သူက၊ ကိုယ်ထိလက်ရောက်ပြုမူပြုမူ၊ မောင်

သည်း မခံတတ်ဘူး။အဲဒါ၊မောင့်,အားနည်းချက်ပဲ"

ပြောပြီး၊ ချစ်သူကို၊ ထွေးဖက်ထားလိုက်သည်။ ရင်ခွင်တွင်





ပ်ထားသည့်၊ ချစ်သူမျက်နှာကို၊လုံခြုံအောင်၊ ထွေးကွယ်ရင်း,

"သိပ် စိတ်ညစ်မနေပါနဲ့။ မောင်, တစ်ခုခု၊

စီစဉ်ပါဦးမယ်"

"မောင်, ဘာစီစဉ်မှာလဲ"

"မိဘ, မရှိတော့ပေမဲ့။ အစ်မ,ရှိတယ်လေ။

အစ်မ,နဲ့၊ လာပြီးတောင်းရမ်းကြည့်ဦးမယ်လေ။

အစဉ်မပြေတော့မှ၊ ခိုးပြေးကြမယ်။ ဘယ့်နှယ့်လဲ"

"ဖြစ်နိုင်မယ် မထင်ဘူး မောင်"

"ဘာဖြစ်လို့လဲ"

"ပြောပြီးပြီပဲ။မောင်နဲ့ကို၊ သဘောမတူတာ။

မောင်နဲ့ချစ်နေတာကို၊ သိလို့။ သူများနဲ့၊ ပေးစားဖို့

စီစဉ်တာ"

သီဟ,က ၊ အေး-အမှတ်အသား ဆွဲပြားလေးကို၊ လက်မှ၊

ချွတ်လိုက်ပြီး . .

"ဟာ။ စီရင်ချက်က၊ ဂိတ်ဆုံးနေတာပဲ"

အေးဝတ်ရည်ကို၊ မျက်နှာချင်း၊ ပြန်အပ်ကာ . .

"ဒါဆို၊ဝတ်ရည်၊မောင်နဲ့ခိုးရာလိုက်ခဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



"မလိုက်ရဲဘူးမောင်ရဲ့"

မြီးသားစွာ၊ ဝန်ခံခြင်းမို့၊ သီဟ, အပြစ်မတင်။

"မောင် ဆင်းရဲလို့။ မပြည့်စုံလို့။ မလိုက်တာ မဟုတ်ဘူးနော် မောင်။ ဝတ်ရည် ဘာသာ နှစ်ဘက် ပြဿနာဖြစ်မှာ၊ ကြောက်တာ"

ကြိုးစား ပြုံးလျက်၊ သီဟ,က . .

"အဲဒါကို ၊ မောင်သိတယ် ။ ဝတ်ရည်ကို အပြစ်မတင်ဘူး။တစ်ခုလိုချင်ရင်၊ တစ်ခု စွန့်ရ ပဲ။မစွန့်လို့တော့၊ မရဘူး ဝတ်ရည်"

"မိဘ,ကို၊ စွန့်ရတာ၊ အပြင်။မိဘ,ရဲ့,အ ငြင်ခံ သားသမီး . . ဘဝ ၊ ဝတ်ရည် မရော ချင်ဘူး။

မိဘ,ရဲ့၊ အစွန့်ပစ်ခံ . . အငြိုငြင်ခံ သား သမီးဟာ။ ဥယျာဉ်မှူး၊ ပစ်ပယ်ထားတဲ့၊ ပန်းပ တွေလိုပါပဲ။ရှင်သန်ဖို့၊ တော်တော် ခက်သွားပြ မိဘ,မကြည်ဖြူရင်၊သားသမီး မတိုးတက်ဘူးမောင်

"တိုးတက်အောင်၊ မောင်, ကြိုးစားမှာပေ့ါ" ဟု၊ သီဟ







ပြော၏။အေးဝတ်ရည်က . .

"ဘဝ, တိုးတက်မှု တစ်ခုတည်းကို၊ ပြောတာ မဟုတ်ဘူး မောင်ရဲ့။

မိဘ, မလိုလားလာတာကို ၊ လုပ်မိတော့။ မိဘ,က၊ စိတ်ဆိုး။အပြစ်တင်။ငြိုငြင်။

အဲဒီ . . ၊ အငွေ့အသက်က၊ သားသမီးရဲ့, စိတ်ကိုရော ။ ဘဝ,ကိုရော။အပူ ဟပ်နေသလိုပဲ။ နွမ်းနယ်တတ်တယ်"

"အဲဒီလို ဖြစ်တတ်တယ်ဆိုရင်။ မိဘ,တွေက၊ သားမိုက် သမီးမိုက်တွေ၊ အပေါ်။ မငြိုငြင်ဖို့၊ လိုတာပေ့ါ။ ဒီလောက်တော့၊ မိဘ,တွေ . . သိမှာပါ" . . ဟု၊သီဟ,ပြော၏။အေးဝတ်ရည်က . .

"မိဘ, ဆိုတာလည်း ၊ ပုထုဇဉ်ပဲလေ . . မောင်ရယ်။သူတို့ မကြိုက်တာ၊ လုပ်ရင်၊ စိတ်ဆိုး မှာပါပဲ။

ဒင်း . . ,ဒုက္ခတွေ,မှာသိမယ် ဆိုတာလောက် တော့၊ ပြောမိဆိုမိကြတာပဲ။

အဲဒီ အပြောအဆိုကိုက၊ သားသမီးအပေါ်



www.burmeseclassic.com

www.burmeseclassic.com



မှာ၊ အရှိန်အဟုန် ရောက်သွားတတ်တယ်။

စော်ကား မော်ကား ၊ သားသမီးဆို ၊ ပိုင

တောင်၊ ထိခိုက်နိုင်တာပေါ့"

သီဟ, သက်ပြင်းချသည်။ခေါင်းတဆတ်ဆတ် ညိတ်လ

"ဝတ်ရည်က ၊ အဲဒီ လောက်ထိအောင်

ကြောက်နေတာကိုး။ ဘာပဲဖြစ်ဖြစ်လေ။ ဝတ်ရ

စိတ်ချမ်းသာအောင်နေပါ။

မောင့်ကြောင့်၊ ဝတ်ရည်၊ ဘာပြဿနာမှ၊ မဖြ

စေရဘူး။ မောင် , ကတိပေးတယ်"

"မောင်နဲ့လည်း မခွဲနိုင်ဘူး" ဟု၊ ဝတ်ရည် ပြောပြန်သည

သီဟက၊ ပြုံးလျက် . .

"စိတ် နှစ်ခွလည်း၊ ဖြစ်နေတယ်၊ ကြော

လည်း၊ ကြောက်နေတယ်ဆိုရင်၊ လူ ကို၊ ထိခိုက်

တတ်တယ် ဝတ်ရည်။

ကြောက်တတ်တဲ့သူက၊ ဘာ ဆန္ဒမှ၊ မထာ

တာ၊ ကောင်းတယ်"

ကေသာတောင်တန်းတို့၊ ငိုက်ကျလှုပ်ခတ်လေသည့်အခါ





တောင်စဉ် အထက်၌၊ နေမျက်ရည်မိုး၊ သွန်းဖြိုးလေသည်။

"မငိုပါနဲ့ ဝတ်ရည်ရယ်။ရှဥ့်လည်းလျှောက်

သာ၊ ပျားလည်း၊ ဆွဲသာ ဖြစ်အောင်၊ လူကြီး သူမ,

တွေနဲ့၊ မောင် တိုင်ပင်ပါဦးမယ်။

မောင်တို့နှစ်ယောက်က ၊ အရွယ်ရောက်ပြီ

ဆိုပေမဲ့ ။ အိမ်ထောင်ပြုဖို့ကျတော့ ။ အသက် ,

နည်းနည်းငယ်သေးတယ်။

မောင်က၊ သူဌေးသားဆိုရင်တော့ ၊ ဘာ ,

ပြဿနာမှ၊ ရှိမှာမဟုတ်ဘူး။ မိဘ,မရှိ ပကာသန

မရှိ ဆိုရင်တော့။ အသက်အရွယ်ရော . . ဂုဏ် ,

ပကာသနရော ၊ လူရာသိပ် ဝင်မှာမဟုတ်ဘူး။

လူ့အုပ်ထဲ . . ၊ ရေနွေးပူ ၊ အမြန်သယ်ရ

သလိုပေါ့ ဝတ်ရည်ရယ်။

ရေနွေးလည်း၊ မဖိတ်အောင်။ သူများလည်း၊

မပူအောင်၊ ကိုယ်လည်း၊ မပူ အောင်။

အမြန်လည်း . . ပြေး၊ဘေးလည်း . . ကြည့်၊

လက်လည်း ငြိမ်၊ကာလည်း . . ကာ။ ပါးစပ်က၊

www.burmeseclassic.com



ပူမယ် ပူမယ်လည်း . . အော်။ တော်တော်ဘော

ခက်မှာပဲ ဝတ်ရည်"

ရယ်စရာ စကားဟု၊ ထင်သွားဟန်တူသည်။ မျက်ရည်

သုတ်တ၊ အောက် နှုတ်ခမ်းလေးကို၊ အပေါ်သွားလေးဖြင့်၊ကိုက်ကာ

အားဝတ်ရည် ၊ ရယ်လေ၏။

♥A♥ ♥A♥





"မိသား ဘ,သားပီပီ၊ကြောင်းလမ်းဖို့၊ ငါ့အဖေနဲ့အမေကို၊

ဝတ်ရည်တို့အိမ်ကို၊ လွှတ်လိုက်ရမလား"ဟု၊ ဟန်စိန်မေးသည်။

ခင်ပြေမှာမဟုတ်ဘူး"ဟု၊ သိဟ, ထင်မြင်ချက်ပြု၏။

"ဘာဖြစ်လို့လဲ"

"သူများနဲ့၊ ပေးစားတော့မှာ"

"အဲဒါဆိုလည်း၊ ခိုးပြေးရုံပဲ ။ ရှိတော့တာ

ပေါ့ကွာ"

"ဝတ်ရည် ကြောက်နေတယ်"

"အဲဒါဆို၊ မင်းဘယ်လို လုပ်မလဲ။ငါက . . .

နယ်သွားရတော့မှာ။ မသွားခင်၊ မင်းအခြေအနေ

ကို၊ သိသွားချင်တယ်"

"မိဘ . . , မရှိတာ ၊ အားနည်းချက်တစ်ခု။

မချမ်းသာတာ၊ အားနည်းချက်တစ်ခု။ စိတ်လိုက်

မာန်ပါ၊လုပ်တတ်တာ၊အားနည်းချက်တစ်ခု။ချစ်သူ

ကိုယ်တိုင်က၊ ကြောက်တတ်တာ၊ အားနည်းချက်

တစ်ခု။



www.burmeseclassic.com

www.burmeseclassic.com



ငါ့ အားနည်းချက်တွေက၊ များလိုက်တာ ကွာ။ ဘယ်ဟာ၊အရင်ဖြည့်ရမှန်း၊မသိဘူး။ကျန်တဲ့ အားနည်းချက်တွေက၊ ကြိုးစားဖြည့်လို့၊ ရတယ်။ ဝတ်ရည်ကိုယ်တိုင်၊ကြောက်နေတဲ့၊ အားနည်းချက် က၊ ငါ . . . လဲသေသွားနိုင်တယ်"

"တကယ်ချစ်ရင်၊ သတ္တိမွေး။ ဘာ . . ညာ မင်း,ပြောပေါ့ကွ"

"တစ်ကမ္ဘာလုံးမှာရှိတဲ့၊ အားဆေးတွေ . . နှာခေါင်းပိတ်ပြီး၊ တိုက်ဖို့ပဲ၊ ရှိတော့တယ်။ သူ့ ကြောက်စိတ်ကို၊ ဖျောက်ဖို့၊ ငါ, မလုပ်တတ်တော့ ဘူး။

ခေါ်ရင်လိုက်မယ်လည်း၊ပြောတယ်။ကြောက် တာကိုလည်း၊ တစ်ပြားမှ၊ မလျှော့ဘူး။ မရဘူး . . . အခုချက်ချင်း၊ လိုက်ခဲ့ . . ဆိုပြီး၊ ခေါ်ရင်တော့ သူ, လိုက်မှာပါ။

ဒါပေမဲ့ , အားနာလို့ ၊ လိုက်လာသလိုမျိုး မဖြစ်စေချင်ဘူး ။ ဒေါင်ကျကျ . . , ပြားကျကျ





ဘာကိုမှ၊ ဂရုမစိုက်ဘဲ၊ ငါ့လက်ကို၊ ရဲရဲဝံ့ဝံ့ ဆွဲလိုက် လာတာမျိုး၊ ဖြစ်စေချင်တာ။ဒါပေမဲ့၊ ဝတ်ရည်က၊ စိတ်ပျော့တယ်။ ငါနဲ့လည်း ၊ မခွဲနိုင်ဘူး . . တဲ့။ မိဘ, ငြိုငြင်မှာလည်း၊ကြောက်တယ် . . တဲ့။

ဒါ, မပြတ်သားတာပဲ . . ဆိုပြီး ၊ ငါ . . . အပြစ်မတင်ရက်ဘူး ။ပြီးတော့ . . ၊ ငါ့, လက်ရှိ အနေအထားက,လည်း၊သူ့မိဘ,မပြောနဲ့။တစ်ကမ္ဘာ လုံးက၊ မိန်းကလေးမိဘ,တိုင်း . . ၊ သေချာပေါက်၊ ငြိုငြင်လောက်တဲ့၊ အနေအထား"

"အဲဒါတွေ၊ ပြောမနေနဲ့တော့သီဟ။ အချိန် သိပ်မရှိလောက်တော့ဘူး။ ဝတ်ရည်ကို၊ လိုက်မှာ လား, မလိုက်ဘူးလား၊ပြတ်ပြတ်သားသား၊မေးပြီး။ ပြတ်ပြတ်သားသား ၊ ဆုံးဖြတ်ရတော့မယ့်အချိန်။ ဇဝေဇဝါ လုပ်နေရမယ့်အချိန်မဟုတ်ဘူး။

စောစောစီးစီး ၊ အိမ်ထောင်ကျစေချင်လို့၊ ငါ . . ,ဆော်ဩနေတာမဟုတ်ဘူနော် . . သီဟ။ မကွေ့ကွင်းစေချင်လို့၊ အကြံပေးတာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့သိပါတယ်"ဟု၊ သီဟ, ပြော၏။ ဟန်စိန်က . . ,

"မင်း, အခု သင်နေတဲ့၊ ပန်းတိမ်လုပ်ငန်းနဲ့

ဝတ်ရည်ကို၊ လုပ်ကျွေးနိုင်တယ် မဟုတ်လား"

"တိုက်နဲ့ကားနဲ့၊ မထားနိုင်သေးတာက, ထွ

ရင်၊ ဝမ်းဝ, ခါးလှအောင်တော့၊ ငါ, ကျွေးနိုင်,ဆင်

နိုင်ပါတယ်"

"အဲဒါဆို၊ ဝတ်ရည် ဆုံးဖြတ်ဖို့ပဲ၊ ရှိတော့တယ်။ အချိန်

သိပ်ဆွဲမနေရှာသူတစ်ပါးနဲ့၊ ခြေလှမ်းလက်လှန် စိစဉ်ပြီးကာမှ၊ သစ္စာ

ဝင်လာပြီး ၊ လိုက်ခဲ့ပါမယ်ဆိုရင် ၊ တစ်ဖက်သားကို ၊ အရှက်ကြီး

အောင်၊ ကပ်ဖြတ်သလို ဖြစ်မယ်" . . ဟု၊ ဟန်စိန်က၊ ချင့်ချိန်လျှက်

ပြောသည်။

သီဟ,က၊ အားအင်ပြည့်စွာ၊ ခေါင်းညိတ်၏။ သို့သော် . .

ချစ်သူ အင်အား၊ မထင်ရှား။

♥A♥

သူ, ဘယ်သွားသွား၊ မိသားစုဝင်၊ တစ်ယောက်ယောက်က

အကြောင်းတစ်ခုခုပြကာ၊အတူလိုက်ပါလေ့ရှိကြောင်း၊အေးဝတ်ရည်

ပြောပြသည်။"ဆူတာကြိမ်းတာ၊ သတိပေးတာ၊ ပိတ်ပင်တာမျိုးတော့





မသိမသာ၊ စောင့်ကြပ်တာမျိုး" ဟု၊ ပြော၏။"အခု . . ,ခိုး

လာတာပေါ့၊ ဟုတ်လား" . . ဟု၊ ဘေးဘီကိုကြည့်ကာ၊

မေး၏။ အေးဝတ်ရည်၊ ခေါင်းညိတ်သည်။

အအေးဆိုင်မှ၊ အထွက်တွင်၊ သီဟ,က . .

"ကဲ ။ ဘယ်လို၊ စဉ်းစားထားသလဲ။ အချိန်

မနှောင်းခင်၊ရဲရဲဝံ့ဝံ့ဆုံးဖြတ်လိုက်ပါလား၊ဝတ်ရည်ရယ်"

"ကြောက်တယ်"

"ရင်မဆိုင်ရသေးလို့၊ ကြောက်နေတာဖြစ်

မှာပါ"

အားနွဲ့စွာ၊ ပြုံးလေသည်။

"ဟယ်"

ခပ်လှမ်းလှမ်း၌၊ ဆိုက္ကားတစ်စီးရပ်၏။ထိုဆိုက္ကားပေါ်မှ၊

တစ်ယောက်၊ ဆင်းပြေးလာသည်။အေးဝတ်ရည်၏ အစ်ကိုဟု၊

၏၊သူ့ကို၊ရန်မူလျှင်မည်သို့မျှမတုံ့ပြန်ရန်၊သီဟ, ဆုံးဖြတ်လိုက်

သည်။ သို့သော်၊ အေးဝတ်ရည်၏ အစ်ကိုက၊သီဟ,ကို၊ မည်သို့မျှ

မမူ။ ညီမဖြစ်သူ၊ အေးဝတ်ရည်၏ ပခုံးကိုသာ၊ဆောင့်တွန်းလိုက်

သည် ။အေးဝတ်ရည် ၊ ပြုလဲသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဖော်၊"

ညာ သတိလွတ်သွားလေပြီ။ အေးဝတ်ရည်၏ အစ်ကို သယ်၏ မျက်နှာကို၊ လက်ဝါးဖြင့်၊ အားကုန်၊ ရိုက်ချလိုက်မိသည် သယ် နောက်သို့၊ လန်သွားစဉ်၊ ခြေထောက်နှင့် ထပ်ကန်သည်

ထိုစဉ်၊ နောက်ထပ် စက်ဘီးနှစ်စီးနှင့် လူသုံးယောက် ရောက်လာ၏၊ ဝေယံ၏သူငယ်ချင်းများဟု၊ သိလိုက်သည်။

"မောင်။ ပြေးတော့၊ ပြေးတော့"

အေးဝတ်ရည်ကို၊ လှမ်းဆွဲမည် အပြု၊ သီဟ, မျက်နှာဆီသို့ ကန်ခြေတစ်ချက်ဝင်လာသည်။မည်သူ့ခြေထောက်မှန်း၊ မသိခဲ့ လက်နှစ်ဘက်ဖြင့်တားပြီး၊ ညာ ပင့်လက်သီးဖြင့်၊ ခြေကန်သူ၏ လည်ချောင်းဆီသို့ပင့်ထိုးလိုက်သည်။နောက်လန်သွားမှ၊အေးဝတ်ရည် ၏,အစ်ကို၊ ဝေယံမှန်းသိသည်။

စက်ဘီးဖြင့်လာသူ၊ သုံးယောက် ပြေးဝင်လာသည်။ အနီး အနားတွင်၊ အုတ်ခဲရှာသော်လည်း၊ မတွေ့။ ဘယ်ဘက် ပြေးရမှန်း လည်း၊ မသိ။

ပြေးဝင်လာသူသုံးယောက်အနက်၊ကိုယ်လုံးတောင့်သူက သာ၊ အာခံထားလိုက်ပြီး၊ သူ့ရင်ဝ, ဆီသို့၊ တစ်ကိုယ်လုံးအားဖြင့်





တွတ်,ခြေစုံကန်ပစ်လိုက်သည်။

ကန်သူ သီဟ,ရော၊ အကန်ခံရသူပါ မြေပေါ်တွင်၊လုံးထွေး သည်။ လူတွေ . . ၊ အုံလာသည်ဟု၊ သိလိုက်၏။

မျက်နှာ ပြန်အမော့တွင်၊ဆိုင်ကယ်တစ်စီး၊ထိုးဆိုက်လာ သည်ကို၊ မြင်၏။ ဟန်စိန်၏ ဆိုင်ကယ်ဟု၊သိလိုက်ပြီး၊ ထိုဆိုင်ကယ် ဆီသို့အမြန်ပြေးကာ၊ လွှားကနဲခွတက်လိုက်လေသည်။ ဆိုင်ကယ် ဝီကနဲ မောင်းထွက်လေမှ၊ အန္တရယ်ကင်းပြီဟု၊ သတ်မှတ်ဖြစ်၏။

ချစ်သူ အေးဝတ်ရည်၊ မည်သို့မည်ပုံ၊ ကျန်ရစ်ခဲ့ရှာ သည်ကိုပင်၊ လှည့်မကြည့်ဖြစ်ခဲ့။

\+

"ဟန်စိန်။ တော်ပြီလေ။ ရပ်တော့။ဘယ် အထိ၊ မောင်းပြေးနေတာလဲ။

အန္တရာယ်ကင်းရုံလောက်ပဲ၊ ငါ . . ,ပြေးချင် တာ။ငကြောက် တစ်ယောက်လို၊ လှည့်မကြည့်ဘဲ၊ ပြေးသလိုကြီး၊ မလုပ်ချင်ဘူး။ တော်ပြီ။ ရပ်လိုက် တော့"

ဟန်စိန်က၊ မကြားချင်ယောင်ဆောင်ပြီး၊ ဆိုင်ကယ်ကို၊



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်နောင်လမ်းခ၊ ဘက်သို့၊ ချိုးကွေ့လိုက်လေသည်။

"ဟေ့ကောင်၊ဟန်စိန်။ရပ်တော့။ငါ . . မြ

သွားမှာ။ ဝတ်ရည်ကျန်ခဲ့တယ်"

ဟန်စိန်က၊ ဆိုင်ကယ်မောင်းရင်း၊ လက်ကာပြ၏။

"ဘာလက်ကာတာလဲ ။ငါ့ကို ၊ ဝိုင်းသိပ်

လုပ်ကြတာ။ငါ . . ပြန်သွားမယ်။ငါ့အားရပါး

ပြန်မလုပ်ရသေးဘူး။

မြန်မြန်ရပ်နော် ဟန်စိန်။မင်း ရပ်မပေးရင်

နောက်ကားရှင်းတာနဲ့၊ ငါ, ခုန်ချမယ်"

ဟန်စိန်က၊ လေသံမြင့်ကာ . .

"ခုန်ချ။ ငါ့ဆိုင်ကယ်ပေါ်က၊ ခုန်ချပြီး၊ သေ

သွားရင်၊ ငါ, ဖြေသာသေးတယ်။ သူများဝိုင်းသတ်

လို့ သေတာထက်စာရင်၊ တော်သေးတာပေါ့။ခုန်ချ"

သီဟ,က၊ ဟန်စိန့်ကို၊ ကျောပုတ်လျက် . .

"မင်း။ ဘာတွေပြောနေတာလဲ"

ဆိုင်ကယ်ကို ၊ ပလက်ဖောင်းဘေးသို့ ၊ ထိုးစိုက်လိုက်၏။

သီဟ,က၊ ဆိုင်ကယ်ပေါ်မှ၊ ဆင်းသည်။ဟန်စိန်က၊ ဆိုင်ကယ်တိ





တော် . . ,

"မင်းကို၊ ဝိုင်းလုပ်ဖို့ ၊ ချောင်းနေကြတာ။

ငါ, သိသိချင်းလိုက်လာတာ။မင်းပြန်သွားမယ်ဆို၊

ပြဿနာက၊ ပိုကြီးလိမ့်မယ်။

ဒေါ်သ,က ၄ ကြိမ်တိုင်းမကောင်းဘူး သီဟ။

အားမတန်ရင်မာန်လျှော့ရတယ်"

"ဝတ်ရည်ကို၊ ငါ,ထားခဲ့ရတာကွ"

"ထားခဲ့ရမယ်၊ အခြေအနေလေကွာ။ခေါင်း

မမာစမ်းပါနဲ့။ပြီးတော့ . . ၊ ဝတ်ရည် အစ်ကိုက၊

သူ့နှမကို၊ သူရိုက်တာ။ မင်း, ဝင်ပါစရာမလိုဘူး"

"ငါ့ ရှေ့တည့်တည့်ကြီးမှာ၊ ငါ, သည်းမခံနိုင်

ဘူး"

"သီဟ"

"ပြော"

"ငါ့ စေတနာကို၊ မင်း . . . , မစော်ကားဘူး

ဆိုရင် ၊ လှိုင်သာယာက ၊ မင်း , အစ်မအိမ်မှာ ၊

ခဏလောက်၊ သွားနေလိုက်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"အမှုအခင်း၊ ဖြစ်နိုင်တယ်လေ ။ မင်းကျ
ဝိုင်းလုပ်တယ်ဆိုပေမဲ့၊ မင်းကို၊ရန်မူတာမဟုတ်ဘူး
မင်းတာ၊ စ,တိုက်ခိုက်တာလေ။ဥပဒေအရ၊ မင်းမှာ
တယ်"

"ငါ့,ဝရမ်းပြေးမလုပ်ဘူး"

"အမှုအခင်း ၊ မလုပ်အောင် ၊ ငါ့ အဖေ
အမေကို၊ ခေါ်ပြီး၊ကြေအေးဖို့၊ ငါ့,စီစဉ်ချင်တယ်
ဒီအတောအတွင်း၊ မင်း . . လှိုင်သာယာမှာ၊သွား
နေ"

"မသွားချင်ဘူး ။ ဝတ်ရည်နဲ့ : . ငါ။ အပြ
ဝေးသွားလိမ့်မယ်"

"နိုးဖို့၊ စဉ်းစားနေတုန်းပဲလား"

"ဘာဖြစ်လို့၊ မစဉ်းစားရမှာလဲ"

"ဝတ်ရည်က ၊ ကြောက်နေတယ်လေကွာ
ကြောက်စိတ်ရှိရင်၊ဘယ်အလုပ်မှ၊မအောင်မြင်ဘူး
ပြီးတော့။အခု၊ လမ်းပေါ်မှာ၊ ပြဿနာဖြ





လာပြီးပြီ ။ ဘယ်နည်းနဲ့မှ၊ အဆင်ပြေတော့မှာ
မဟုတ်ဘူး"

"ငါ, ရအောင်ခိုးမယ်ကွာ။ ဝတ်ရည်ကို"

"ခဏလေးတွေ့တာတောင်၊ မျက်ခြေမပြတ်
လိုက်လာကြတာ။ခိုးဖို့မင်း,စဉ်းစားနိုင်သေးတယ်။
ငါ . . , ဝန်ထမ်းလုပ်ရတော့မယ် . . သီဟ၊
နှစ်ပတ်လောက်နေရင်၊ ငါ,နယ်သွားရတော့မယ်။
ငါ, မရှိတဲ့အချိန်မှာ၊မင်းနဲ့ဝတ်ရည်နဲ့။ညား,
မညား၊ ငါ,စိတ်မဝင်စားတော့ဘူး။မင်း, အန္တရာယ်၊
ကင်းမကင်းပဲ၊ စိတ်ဝင်စားတယ်။
ငါ့ စေတနာကို၊ အားနာရင်၊ ငါ့စကားကို၊
မင်း, နားထောင်ပါကွာ။ရပ်တွက်ထဲက,နေ၊ခဏ
ရှောင်နေလိုက်ပါ။အခု အချိန်မှာ၊ အဲဒါ , အရေး
အကြီးဆုံးပဲ"

"ငါ . . ဘာကိုမှ၊ မကြောက်ဘူး ဟန်စိန်။
ဝတ်ရည်ကိုရဖို့၊ ငါ, ပြန်ကြိုးစားချင်သေးတယ်။
ပြီးတော့၊ ဝတ်ရည်နဲ့၊ ငါ, ဘာမှ၊မဆုံးဖြတ်ရသေး



www.burmeseclassic.com

www.burmeseclassic.com



ဘူ့ဘဝမှာမဆုံးဖြတ်ရသေးဘဲ၊ ထားပစ်ခဲ့သလိုမျိုး ငါ့ခံစားရတယ်။အဲဒါကြောင့်၊အခုမဟုတ်တောင် ဒီ့ရက်ပိုင်းအတွင်း၊ ငါ့ပြန်ဆက်သွယ်မှုဖြစ်မယ်

“မင်းဘက်မှာ၊ သေသေချာချာ၊ ရပ်ရမယ် သူ့ဘာ တုန်နေအောင်၊ ကြောက်နေသမျှ မင်း ... ဘာမှ မလုပ်ပါနဲ့တော့။

ဆုံးဖြတ်ချက်၊ ပြတ်သားရမယ့် အခြေအနေ မှာတောင်၊ မကြောက်တရားဟောနေရဦးမယ် ရင်၊တကယ် ရင်ဆိုင်ရတဲ့၊ အခြေအနေကို၊ ဘယ် တော့မှ၊ ရောက်မှာ မဟုတ်ဘူး။

ကြောက်နေတဲ့သူကို၊ ကိုယ့်ဘက်ပါအောင် ခေါ်ရတာ၊အန္တရာယ်များတယ် သူငယ်ချင်း။

ကြောက်တတ်တဲ့၊ စောလူးမင်ကို၊ကျန် မင်းသားက၊ ရသလောက်ခေါ်ပြီး၊ ခေါ်သလော မရတဲ့အခါ၊ရန်သူ့လက်တွင်းမှာ ၊ ထားပစ်ခဲ့ရတာ ပဲ သူငယ်ချင်း။

ဝတ်ရည်ကို၊ မင်း, ထားခဲ့တာ။ရန်သူ့လက်





ထဲမှာ၊ မဟုတ်ပါဘူး။ သူ့, မိသားစု ဆီမှာ၊ ထားခဲ့ တာပါ။မိန်းမသားမို့၊ ကြောက်တတ်တာပါ . . လို့၊ ချစ်သူအချင်းချင်းမို့၊ မင်း, တွေးချင်တွေးမယ်။

ချစ်ရဲ ကြိုက်ရဲ ရင်ဆိုင်ရဲတဲ့၊ မိန်းမသားတွေ၊ လောက,မှာ၊ အများကြီးပဲ။မင်းနောက်ကို၊ မလိုက် ချင်လို့ကို၊ ကြောက်နေတာ”

“ဟာ . . ။ဝတ်ရည်က၊ အဲဒီလို၊ မဟုတ်ပါ ဘူးကွာ”

“သူစိမ်းလို၊ သဘောထားပြီး၊ တွေးကြည့်မှ၊ တချို့ကိစ္စတွေက၊ ထင်ထင်ရှားရှား မြင်ရတာကွ” ဟန်စိန့်စကားကို၊ သီဟ, နားမရှင်း။ဟန်စိန်က၊ ရှင်းပြ ဟန်ဖြင့်၊ စကားဆက်၏။

“အားနွဲ့သူတိုင်းမှာ၊ ကြောက်စိတ်ရှိကြတာ ခြည်းပဲ။ဒါပေမဲ့၊ ကြောက်တဲ့စိတ်နဲ့ချစ်တဲ့စိတ်၊နှစ် စိတ်ထဲက၊ အလေးထားတဲ့စိတ်ထားဘက်ကို၊ ရပ် ခဲ့ကြရတာပါကွ။

ဒေါင်ဒေါင်မြည်၊ သတ္တိခဲကြီးတွေ မဟုတ်ကြ



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ဝတ်ရည်လည်း၊ အားနွဲ့သူပါပဲ။ချစ်တဲ့စိတ်
ကြောက်တဲ့စိတ်။ ဒွန်တွဲနေတာပါပဲ။

ဘယ်စိတ်ကို၊ အလေးပေးသလဲ . . ဆိုတာ
သာ၊ အရေးကြီးတာပါကွာ။

အကြောင်းကြောင်းကြောင့်၊ ချစ်သူဘက်
ရပ်ရတော့မယ်လို့၊ဆုံးဖြတ်ခဲ့ကြရတဲ့၊မိန်းမသား
တွေ၊အားလုံး။ ကြောက်ကြောက်နဲ့၊ ဆုံးဖြတ်ခဲ့
ရတာပါ သီဟ,ရယ်။

ဆင်းရဲမှာ၊ မကြောက်ဘူး။မိဘ,ငြိုငြင်မှာ
သား ကြောက်တာပါပဲ၊ ပြောပြော။မိဘ,နဲ့ ပြဿနာ
ဖြစ်မှာ၊ကြောက်တာပါပဲ ဆိုဆို ၊ ကြောက်တာ
ကြောက်တာပါပဲ။

အဲဒီကြောက်တဲ့စိတ်နဲ့၊ မင်းအပေါ် ချစ်
စိတ်။ ဘယ်စိတ်ကို ၊ ဝတ်ရည် အလေးပေးသလဲ
မင်းဘာသာ တွေးကြည့်။စဉ်းစားကြည့်။ဆင်ခြင်
ကြည့်။

သစ္စာယွင်းသွားတယ် ။ မိဘ,ဘက် ပါသွား





တယ် . . ။ အထင်ခံရမှာစိုးလို့၊ ကြောက်စိတ်ကိုပဲ၊
အကြောင်းပြနေတာ၊ မဖြစ်နိုင်ဘူးလား။

ဆင်းရဲမှာ၊ကြောက်ပြီး၊ မလိုက်တာပါ. . လို့
အထင်ခံရတာထက်စာရင်။ မိဘ, မောင်ဖွားကို၊
ကြောက်ရလို့ ၊ မလွန်ဆန်နိုင်လို့ ။ တစ်ပါးသူနဲ့၊
ရွှေလက်တွဲလိုက်ရတာပါ ဆိုရင်၊ မင်းကိုယ်တိုင်၊
ခွင့်လွှတ်ပေးနိုင်မယ်လို့၊ ဝတ်ရည် တွက်ထားပုံရ
တယ်။

ဝတ်ရည် တမင်ကြောက်ပြနေတယ်လို့၊ ငါ,
မဆိုလိုဘူးနော် ။ ကြောက်စိတ်ကို၊ ဦးစားပေးပြီး၊
သူ့ချစ်သူ၊ မင်း, ဘက်ကို၊ ရပ်ပစ်လိုက်ဖို့။ သူ့မှာ ,
အစီအစဉ်. မရှိဘူးလို့၊ မင်း ,စဉ်းစားနိုင်ဖို့ ၊ ငါ ,
ထောက်ပြနေတာ"

သီဟ, စကားမတုံ့ပြန်။

"ငါ့ အိမ်ကို၊ ဝတ်ရည်သိနေတာပဲ။မင်းက၊
ရန်ရှောင်နေလို့၊ရှာမတွေ့ရင်တောင်၊ အကြောင်း
ကိစ္စရှိရင် ၊ ငါ့ကို ၊ လာဆက်သွယ်လို့ ၊ ရတာပဲ။

www.burmeseclassic.com



မဆက်သွယ်ရင်တော့၊ ငါ, မပြောတတ်ဘူး"

ဟန်စိန့် စကားအဆုံးတွင်၊ သီဟ, သက်ပြင်းချ၏။

"ဆင်းလည်း၊ ဆင်းရဲမယ်။ မိဘ,အငြိုအငြ

လည်း၊ ခံရမယ်။ အတိုက်အခိုက် အနှောင့်အယှ

လည်း၊ ခံရနိုင်တယ်။

ငါ့ရဲ့, ခုတ်မယ်ထစ်မယ် ပါးပါးလှီးမယ် ..

ဆိုတဲ့၊ စရိုက်ကိုလည်း၊ သူ, ထည့်တော့ တွက်မှာ

ရင်ဆိုင်ရမယ့်၊ထုထည်ကို၊သူ .. ကြောက်နေ

ဖြစ်မယ်"

"မင်း, တော်လာပြီ"ဟု၊ ဆိုင်ကယ်ပေါ်မှ၊ ဆင်းလျှ

ဟန်စိန်ပြော၏။ ပြီးမှ ..

"မင်း , ဟိုဘက်ရပ်ကွက်က ဆိုတာလည်း

လူတိုင်းသိတယ် ။ ငါ ဆိုင်ကယ်ပေါ်ပါလာတ

ဆိုတာလည်း၊ လူတိုင်း မြင်တယ်။

မင်း ...,ရှောင်လို့၊ လုံတယ် ဆိုရင်တော

ငါ့ဆီကို၊ လာကြမှာ။ပြဿနာကို၊ ငါ,ရင်ဆိုင်ရမှာ

"ငါ, မရှောင်ချင်ဘူး"ဟု၊ သီဟ ပြောပြန်၏။ဟန်စိန်





"ငါက ၊ ကာယကံရှင်မဟုတ်တဲ့အတွက် ၊

ငါ့ကို ၊ ဝရုန်းသုံးကား လုပ်လို့မရဘူး ။ မင်းကို ၊

လှိုင်သာယာ လိုက်ပို့ပြီးတာနဲ့ ။ ငါ့အဖေနဲ့ .. ငါ

ရပ်ကွက်ရုံးသွားမယ် ။ ကျေလည်အောင်ဆွေးနွေး

မယ်"

"ဆွေးနွေးလို့မရရင်ရော"

"တရားမျှတ,တဲ့၊ ဥပဒေရှိနေသမျှ၊ ဘယ်

ကိစ္စမဆို၊ ဆွေးနွေးလို့မရတာ၊ မရှိဘူး"

"မင်းက၊ ဘာကို၊ ဆွေးနွေးမှာလဲ"

"မင်းကို၊ ဝတ်ရည်ရဲ့၊ အစ်ကိုတွေ .. မောင်

တွေ။ အဲဒီကောင်တွေရဲ့ ၊ အပေါင်းအသင်းတွေ၊

အန္တရာယ် မပေးအောင်၊ ဆွေးနွေးမှာလေ"

"ဟာ .. ။ ငါက ..., ဝတ်ရည်နဲ့ငါနဲ့ကိစ္စ။

ဆွေးနွေးပေးစေချင်တာ"

"အဲဒါတော့ ..၊ အခြေအနေအရပေါ့ကွာ။

ဒါပေမဲ့ ..၊ သိပ်တော့ ၊ မမျှော်လင့်စေချင်ဘူး။

အခုတွင်၊ ပြောပြီးပြီပဲ။ကြောက်တတ်တဲ့သူ၊



www.burmeseclassic.com

www.burmeseclassic.com



မင်းဘက်မှာ၊ ရှိနေတာ။မင်း့အတွက်၊ အန္တရာယ် အကြီးဆုံး၊ အားနည်းချက်ပဲ။

အဲဒါကို၊ထည့်မတွက်ဘဲ၊ဝတ်ရည်နဲ့ပေါင်း ရရင်ပြီးရော။သူ . . ၊ခေါင်းညိတ်ညိတ် , မညိတ် ညိတ်၊ ခိုးပြေးချင်နေတုန်းပဲ ဆိုရင်၊ မင်းသဘောပဲ။

မင်းကိုယ်တိုင်၊ဆိုင်ကယ်ကို၊ ပြန်လှည့်လိုက်၊ ငါ့ မင်းနဲ့အတူလိုက်မယ်။ထောင်ထဲလည်း၊ အတူ ဝင်မယ်။ သေရင်လည်း၊ အတူသေမယ်”

ထိုအခါကျမှ၊ သီဟ ခေါင်းခါလေ၏။ လေးပင်စွာ။

“အချိန်မှီ ၊ ခိုးပြေးဖို့၊ အကြံပေးခဲ့တာ . . ၊ ငါ ပါကွာ။

ဘယ်နေ့၊ဘယ်ရက်, ဘယ်အချိန်,ဘယ်နေ ရာမှာ၊ ချိန်းထားကြပြီးသား၊ ဖြစ်နေရမယ့်၊ အခုလို အချိန်အထိ၊ ကြောက် စကားတစ်ခွန်းက, လွဲပြီး ဘာစကားမှ၊ ထွက်မလာတဲ့၊ အခြေအနေကို၊ မင်း ခပ်စိမ်းစိမ်း၊ တွေးကြည့်စမ်းပါကွာ”

သီဟ,က . .





“သူ . . ငါ့ကို၊ တကယ်ချစ်မှန်း၊ ငါ,သိတယ် ဟန်စိန်။ချစ်မှန်းသိတဲ့ချစ်သူကို၊ သူ တစ်ပါးလက် ထဲတော့၊ အရောက်မခံချင်ဘူး။

ဒါပေမဲ့၊ အခု . . မင်း,ပြောတာတွေ၊ အား လုံးကို၊ ငါ, လက်ခံပါတယ်။မြင်သာပါတယ်”

ပြောပြီး၊ သီဟ, ဆိုင်ကယ်နောက်ခုံဆီသို့ ကပ်၏။ ဟန်စိန့် အစီအစဉ်ကိုသာ၊ လိုက်နာတော့မည်၊ သဘော။ဟန်စိန်က၊ ဆိုင်ကယ်ကို၊ ခွက်လျက်၊ သော့ဖွင့်ဖို့၊ ပြင်ရင်း . . .

“ဝတ်ရည် မင်းကိုချစ်တာ၊ ငါ့ အကြွင်းမဲ့၊ ယုံတယ်။ဒါပေမဲ့, ချစ်တာနဲ့ကြိုက်တာ၊ မတူဘူးကွ။

ချစ်ပေမဲ့၊ ချစ်တဲ့သူရဲ့, ဘဝ, အခြေအနေ ကို၊ မကြိုက်ရင်၊ ဘယ်လို၊ လုပ်မလဲ”

သီဟ,ခေါင်းခါ၏။“အင်း . . ချစ်တာနဲ့ကြိုက်တာ၊ မတူ ဘူး”ဟု၊တစ်ကိုယ်တည်း၊ပြောနေသကဲ့သို့၊ပြော၏။ဟန်စိန်က,

“ငါ့အထင်။ မင်းကို၊ဝတ်ရည်က၊ချစ်ပေမဲ့၊ မကြိုက်ရဲတာ ၊ ဖြစ်လိမ့်မယ်။

သူ့မှာ၊ဘယ်လောက် သတ္တိနည်းသလဲဆိုရင်၊



www.burmeseclassic.com

www.burmeseclassic.com



မင်းရဲ့ဘဝ၊အခြေအနေကို၊ မကြိုက်တဲ့ အကြောင်း
တောင်၊ မပြောရဲဘူး။မင်းကိုလည်း . . ကြော
မိဘ,ကိုလည်း . . ကြောက်ဆိုတော့ ။ သူ့မှာ . .
ကြောက်ကြောက်ကြောက်ဆိုတဲ့၊ စကားပဲ၊ ပြော
စရာရှိတော့တာပေါ့"

"ငါက ၊ ချစ်တယ်ဆိုရင် ၊ အရာရာပြည့်
ပြီလို့၊ ထင်တာကွ"

"အဲဒါ . . , ဆယ်ကျော်သက်လေးတွေရဲ့
အထင်ပေါ့ကွ . . ဟားဟား"

ဆိုင်ကယ် စက်နိုးသံနှင့်အတူ ၊ ဟန်စိန်၏ ရယ်မောသံ
ရောနှောသွား၏။ပြီးနောက်၊ လီဗာကို၊ တဝေါဝေါလုပ်ရင်း . .

"နေရာတိုင်းမှာ၊ ချစ်တာနဲ့ကြိုက်တာ၊ ရော
နေကြတယ်ကွ။ဇဝေဇဝါတွေပေါ့ကွာ။

လူမှုရေး လောက, မှာရော၊ နိုင်ငံရေး .
လောက,မှာရော၊ အချစ်ရေး လောက,မှာရော၊
တစ်ဦး တစ်ယောက်ကို၊ တကယ်ကြိုက်တာလား
ဒါမှ မဟုတ်၊ ချစ်နေတာလား။





ဒါမှမဟုတ်။ချစ်တော့ချစ်တယ်။ ကြိုက်ဖို့
ခက်နေတာလား။ကြိုက်တော့ကြိုက်တယ်၊ ချစ်ဖို့
ခက်နေတာလား။တချို့ မသဲကွဲကြဘူး။

ချစ်တာကို၊ ကြိုက်တယ်လို့ထင်။ ကြိုက်တာ
ကိုလည်း. . ချစ်ဖို့ခက်။ချစ်တာကိုလည်း . . ကြိုက်
ဖို့ခက်။

"အချစ်နဲ့အကြိုက် မသဲမကွဲနဲ့၊ နေရာတိုင်း
မှာ . . "၊ ရှာလည်နေကြတယ်ကွ။ ကြိုက်တာကို၊
ချစ်သယောင်နဲ့အိမ်ထောင်ပြု။ချစ်တဲ့အရာမှာ . . ၊
ကြိုက်စရာမတွေ့လို့၊ အထင်အမြင်သေး။

ချစ်စရာတွေ့နေပေမဲ့၊ ကြိုက်စရာပါရဲ့လား
လို့၊ ရွေးခြယ်နေတတ်ကြတယ်ကွ။သေသေချာချာ
ရွေးတတ်ရဲ့လားဆိုတော့လည်း၊ဟဲဟဲ။ ယောင်ဝါး
ဝါးတွေပါပဲကွာ။ ဟားဟားဟား"

ဟန်စိန်က၊ သူပြောချင်ရာပြောပြီး၊ ဆိုင်ကယ်ကို၊ မောင်း
ထွက်လေ၏။သီဟ,လည်း၊ ဘာလုပ်ရမှန်းမသိသေး။ ဇဝေဇဝါ။

A A



www.burmeseclassic.com

www.burmeseclassic.com



၈။

နောက်တစ်နေ့တွင်၊ လှိုင်သာယာသို့ ဟန်စိန်ရောက်လာ သည်။ ဈေးဘက်ရှိ လက်ဘက်ရည်ဆိုင်တစ်ဆိုင်တွင်၊ ထိုင် သည်။

"ငါထင်တဲ့အတိုင်းပဲကွ။ငါ့ကို၊ ရပ်ကွက်ရုံး ခေါ်တယ်။ ငါ့အဖေနဲ့ငါ့ရုံးကိုသွားတယ်။ သီဟာ ဘယ်မှာလဲတဲ့။မေးကြတယ်။ ငါက၊မပြောနိုင်ဘူး . . လို့၊ ဖြေလိုက်တယ်"

"ရဲစခန်းတိုင်သေးလား"ဟု၊ မေး၏။

"မတိုင်ဘူး။ရပ်ကွက်လူကြီးတွေက၊တစ်ဆင် မင်းနဲ့ညှိဖို့တဲ့"

"ဘာညှိမှာလဲ"

"ပြောပြမယ်လေ"

ဟန်စိန်က၊ ရေနွေးကြမ်းတစ်ငုံသောက်ပြီး . .

"မင်း. . နောက်ထပ်၊ မနှောက်ယှက်ဘူး ရင်၊ရဲစခန်းမတိုင်ဘူး . . တဲ့"

"ငါ, ဘာနှောက်ယှက်လို့လဲ"





"ဝတ်ရည်ရဲ့အစ်ကို ၊ ပွန်းပဲ့သွားတာကို ၊ သူတို့, အရေးတယူ၊ မပြောဘူး။ နောက်တစ်ပတ်၊ စနေနေ့။ဝတ်ရည် မင်္ဂလာဆောင်လိမ့်မယ်။ အဲဒါ ကို၊ မနှောက်ယှက်ဖို့။ အဓိက၊ လိုချင်ကြတာ။ညှိလို့ မရဘူးဆိုရင်တော့၊ ဝတ်ရည်အစ်ကို ကို၊ ထိုးကြိတ် မှုနဲ့၊ မင်းကို,အမှုဖွင့်မယ် . . တဲ့"

"ဖွင့်ပေ့စေ ။ငါ,ဂရုမစိုက်ဘူး ။ အရေးကြီး တာ၊ ဝတ်ရည်ကို၊ ငါ,တွေ့ချင်တယ်။ ဒါပဲ"

"ငါ့ စကားမဆုံးသေးဘူးသီဟ။ မင်းဖြစ်ချင် တာခြည်းပဲ။ စွတ်ပြောမနေနဲ့"

သီဟ,ငြိမ်လိုက်၏။ဟန်စိန် စကားဆက်သည်။

"ကြိုက်တဲ့အမှုနဲ့စွဲ . . . လို့၊ ငါ,ပြောလိုက် တယ်"

"ကောင်းတယ်"ဟု၊ သီဟ,ပြော၏။

"မိန်းကလေးတစ်ယောက်ရဲ့၊ ပခုံးကို၊ ဝေယံ က၊ တွန်းလှဲလိုက်လို့၊ သီဟ,က၊ ဝင်ကာကွယ်တာ . . လို့၊ ငါ,ပြောလိုက်တယ်။

www.burmeseclassic.com



အဲဒီအတွက်၊ သက်သေတွေလည်း၊ ရှိတ

ဘာ . . ညာ။ ငါ့ပြောတာပေါ့။

ငါက ၊ မတုန်မလှုပ်ပြောတော့မှ၊ သူတို့

Request လုပ်တာ။

ပထမ၊ သူတို့အစီအစဉ်ကမင်း . . ,

ထောင်ကျကျ၊မကျကျ၊ ဝတ်ရည်မင်္ဂလာဆော . . ,

နေတဲ့ရက်၊ အချုပ်ထဲမှာမင်း့ရောက်နေအော

လုပ်ကြမှာ။

ရပ်ကွက်လူကြီးတွေရှေ့မှာ၊ သူတို့ပွင့်

လင်းလင်းပြောပြတယ်။ညှိလို့မရရင်၊လုပ်မှလို့

ကွာ။ဒါပေမဲ့၊ မလုပ်ချင်ဘူး . . တဲ့"

"ညှိတာမှ၊ မဟုတ်တာ။ ဒါ့၊ ခြိမ်းခြော

တာပဲ"

"အေးလေ။ ခြိမ်းခြောက်လို့မရမှန်းသိလို့

သူတို့၊ ဘယ်လိုကြံရွယ်မိကြောင်းကို၊ ဖွင့်ပြော

တာပေါ့"

"အဲဒီလိုပြောပြတော့၊ ဘာဖြစ်လဲ။ပြောကွ





မြန်မြန်။ ငါ့ ' အရမ်းစိတ်ပူနေပြီ"

ဟန်စိန်က၊ သီဟ့ကို၊ ကြည့်ကာ၊ သက်ပြင်းချပြီး . .

"စိတ်မပူနဲ့တော့လေကွာ။ဟိုမှာက၊ စီစဉ်ပြီး

နေပြီ"

သီဟ, ထိုင်ရာမှ၊ ထ,မလို ဟန်ပြင်သည်။ ပြီးမှ၊ ပြန်ထိုင်

"ဟာ . . ၊ ဟန်စိန်။ ငါ့ကို ၊ အရေးယူမှာ

စိုးလို့၊ ငြိမ်နေလိုက်ရတာမျိုးတော့၊ ငါ့ မလုပ်ဘူး

နော်။ ငါ့ ဝတ်ရည်ကို၊ ရအောင်၊ ခိုးမှာ။

မင်း့ ရှောင်ခိုင်းလို့၊ ငါ့ ဒီမှာ၊ ရောက်နေ

တာ။ မင်း ,လာရင်၊ ဝတ်ရည်က၊ ဘယ်လိုမှာမလဲ

. . ဆိုတဲ့၊ သတင်းမျိုး၊ ငါ့ စောင့်နေတာ"

"သီဟ။မင်း့စကားကို၊ ဆင်ခြင်ပြော။မင်း့

စကားက ၊ ဝတ်ရည်နဲ့မင်းနဲ့ ၊ မဆုံစည်းတာ၊ ငါ့

ကြောင့် . . ဆိုတဲ့သဘော၊ သက်ရောက်နေပြီနော်။

မင်းကို၊ သူတစ်ပါးလုပ်ကြံမှာ၊ စိုးလို့။ ရှောင်

ခိုင်းတာလေ . . ။ ဝတ်ရည်နဲ့ ၊ ဝေးစေချင်လို့ ၊



www.burmeseclassic.com

www.burmeseclassic.com



ချောင်ခိုင်တာမှ၊ မဟုတ်ဘဲ"

ငိုက်ဆိုးစွာပြောသော . . စကား။ "ငါ, အဲဒီသဘော

ပြောတာမဟုတ်ပါဘူး" . . ဟု၊ သီဟ ,ပြောပြ၏။ ဟန်စိန်က . .

"မင်းကို ၊ လိုရင်းပဲ ၊ ပြောတော့မယ်

အေးဝတ်ရည်ကိုယ်တိုင်က ၊ မင်းကို ၊ မယူ

. . တဲ့။အဲဒါ, သူ့ အဖေကိုယ်တိုင်ပြောပြတာ"

သီဟ,မျက်ခုံးတွန့်ကာ . .

"ဒါက,တော့။ ဒီလိုပဲ ပြောကြမှာပေါ့"

ဟန်စိန်က၊ လက်ကာလျက် ၊ ခါပြရင်း . . ,

"သန်းထွင်ရွှေ . . ဆိုတဲ့ ၊ အင်ဂျင်နီ

တစ်ယောက်နဲ့၊ ပေးစားမယ်။ ရှိနေတဲ့ ရည်း

သီဟ, ဆိုတဲ့ကောင်နဲ့တော့သဘောမတူဘူး။

ဆင်းရဲလို့သဘောမတူတာလည်း၊ ဖြစ်နိုင်

ပါတယ် . . တဲ့။ အနေအထိုင်၊ မကြိုက်လို့-သဘော

မတွေ့တာလည်း၊ ဖြစ်နိုင်ပါတယ် . . တဲ့။

ဒါပေမဲ့။ မိဘ,သဘောမတူရက်နဲ့၊ ယူမယ်

ဆိုရင်တော့ . . . ။ကိုယ့်သဘော, ကိုယ်ဆောင်





ကိုယ့်ဒုက္ခ . . ကိုယ်ခံ။ မိဘ,က၊ လိုက်လည်းမခွဲ

တူး။ ပတ်လည်း၊ မပတ်သက်ဘူး . . တဲ့။

ကိုယ့်ဘာသာ ရွေးတဲ့၊ ကိုယ့် အိမ်ထောင်

ဘက် ၊ တိုးတက်နိုင်တယ် ၊ ထွန်းကားနိုင်တယ်

. . လို့။ ကိုယ့်ဘာသာ ယုံကြည်ရင်၊ အချိန်မရွေး၊

ကိုယ့်ဘာသာရွေးပါ . . တဲ့။

မိဘ,စီစဉ်ပေးလို့၊ တစ်စုံတစ်ခု၊ ချို့ယွင်း

ချက်ဖြစ်သွားခဲ့ရင်၊ လောက,မှာရှိတဲ့, သားသမီး

အားလုံးကို၊မိဘ,အားလုံးရဲ့,ကိုယ်စား၊တောင်းပန်

ပစ်လိုက်မယ်တဲ့။

အဲဒါပဲ၊ ပြောထားတာ . . တဲ့။ ဘယ်သွား

တယ်၊ ဘယ်လာတယ်ဆိုတာကိုတော့၊ သားတွေကို၊

စောင့်ကြည့်ခိုင်းထားဖြစ်တယ် . . တဲ့။ ရိုက်မောင်း

ပုတ်မောင်းလုပ်မိတာတော့၊ သူတို့, မောင်နှမ,ချင်း

ကိစ္စပါ . . တဲ့။

လူကြီးသူမ ။ တစ်ယောက်ယောက်က . . ၊

တာဝန်ယူမယ်ဆိုရင်၊ သူ့သမီးကို၊ သီဟ,ကိုယ်တိုင်၊



www.burmeseclassic.com

www.burmeseclassic.com



လာခေါ်ပြီး၊ စနေနေ့ မတိုင်ခင်၊ လာမေးပါတဲ့"

"လူကြီးသူမ, တစ်ယောက်ယောက်က၊ တာဝန်ယူရမယ်ဆိုတာ၊ ဘာကိုပြောတာလဲ" ဟု၊ သီဟ, တွေးဆ,လျက်၊ မေးသည်။

ဟန်စိန်က . .

"မင်းနဲ့စကားပြောဖို့၊ လူကြီးတစ်ယောက်ယောက်က၊ ခေါ်လာပေးတယ်ဆိုပါတော့။

မင်းက, အဲဒီ အပေါ်၊ အခွင့်ကောင်း ယူပြီး ဝတ်ရည်ကို၊အဝေးမှာ ခေါ်ဆောင်သွားခဲ့ရင်။တာဝန်ယူတဲ့လူကြီး၊ ပြဿနာရှင်းပေးရမယ်ပေါ့ကွာ"

"ဪ . . ။သူတို့ဘက်က၊ ပိုင်ပိုင်နိုင်နိုင်ပဲကိုး" . . ဟု သီဟ, ညည်းညူစွာပြော၏။

"ငါ့ အဖေ၊ တာဝန်ခံခဲ့တယ် သီဟ"

"ဘာ"

သီဟ,က၊ တအံ့တသြ၊ အာမေဋိတ်ပြုသည်။

"ငါ့အဖေ၊ ဒေါက်တာ တစ်ယောက်ဆိုတာလည်း ၊ သူတို့သိတယ် ။ ငါ့အဖေ, တာဝန်ခံမယ်ဆိုတာကို၊ သူတို့မငြင်းဘူး။





လူငယ်အချင်းချင်း၊ ဘာတုံ့ပြန်မှုမှ၊ မလုပ်မိဖို့လည်း၊ သူတို့ဘက်ကို၊ ငါ့ အဖေက၊ တာဝန်ယူခိုင်းခဲ့သေးတယ်။

အဖေ မှာလိုက်တယ်သီဟ။ကိုယ့်ဘက်က၊ ရပ်ရမယ့်သူက၊ ကိုယ့်ကို ၊ ယုံကြည်ဖို့, ခက်ခဲနေတာကိုသိရင်၊ ဘယ်သူနဲ့မှ၊ ယှဉ်ပြိုင်ဖို့၊ မကြိုးစားပါနဲ့. . တဲ့"

သီဟ,ခေါင်းငိုက်စိုက်ချလေသည်။

"မင်း, ဝတ်ရည်ကို၊ တွေ့ချင်ရင်၊ ခေါ်ခဲ့ဖို့၊ အဖေမှာထားတယ်"

"မင်းစကားတွေကို၊ ငါ,ယုံပါတယ် ဟန်စိန်ရာ"

စကားသံ တုံ့ရင်သွားသည်။ ဟန်စိန်က . .

"ဘယ်သူ့,တစ်ဆင့်စကားနဲ့မှ၊ အလုံးစုံ၊ မယုံပါနဲ့ဦး သီဟ"

ပြိုင်တူသက်ပြင်းချမိကြ၏ ။ လမ်းပေါ်၌၊နေပြင်းလွန်းသည်။

♥ A ♥



www.burmeseclassic.com

www.burmeseclassic.com



အမှန်တကယ်မှာမူ၊အေးဝတ်ရည်၏ မိသားစုက၊ သီ
နှင့်၊ သဘောတူရုံသာမက၊ သီဟ,ကို၊ ရွံကြောက်, ကြောက်နေ
ကြောင်း သီဟ, ခန့်မှန်းသိရှိခဲ့ရသည်။ မိမရှိဖ,မရှိမို့ ၊ ဘာကို
ချစ်တိုက်မည့်သူမဟုတ် . . ဟု၊ ထင်မှတ်ရွံကြောက်နေကြခြင်း။
၏။

ဝန်စိန်၏ဖခင်၊ ဒေါက်တာ ဇော်တင်က၊ ဝင်ရောက်
တည်ပေးသည့်အခါကျမှ၊ စိတ်အေးလက်အေးဖြင့်၊ ဘာကိုမျှ
ရွံ့ကြတော့။

မိဘ,မရှိလို့ ၊ ရမ်းကားဝံ့သူ . . ဟုတော့၊ သီဟ, အထ
မခံချင်။တခြားသောစိတ်ဖြင့်၊ ရမ်းကားမိသည့်တိုင်၊ အမိအဖ
ထိခိုက်မည့် ၊ နှိုးစွတ်မှုကိုတော့၊ သတိထား၊ ရှောင်ရှား လိုပေ
ထို့ကြောင့် . . ၊ စိတ်ကိုထိန်းသူည် ။ ဒေါက်တာ ဇော်တ
ဆောင်ရွက်ပေးသော၊ တာဝန်ယူမှုကိုလည်း၊ အလွဲသုံးစားမပြု။ချ
သူနှင့်၊နောက်ဆုံး,ဆုံတွေ့ခွင့်ကိုပင် ၊ အလေးတစ်ယူ၊ မပြုမူလိုတော့
ချစ်သူမျက်နှာကို၊ ငေးကြည့်ရုံမျှသာ၊ တောင့်တ,မိသည်။

❤A❤ ❤A❤





"မောင်,ဘာမှ၊ မမေးတော့ပါဘူး ဝတ်ရည်။
မင်္ဂလာဆောင်တော့မယ် ဆိုတာ ၊ ဟုတ်သလား
. . လို့ပဲ၊ မေးချင်တာပါ"

အားမဲ့စွာသော၊ ခေါင်းအညိတ်တွင်၊ မျက်ဝန်း၌မျက်ရည်
ပြည့်လျှံသည်။

သတ္တိနည်းလွန်းသည် . . ဟုလည်း၊ အပြစ်တင်စကား
သာ။အဖက်ဖက်မှ၊ ကြောက်ရွံ့နေလေသူကို၊ ကြောက်ရကောင်း
. . ဟုလည်း၊ မတွေးထင်, မမြင်မှတ်လိုတော့။

အရာကိစ္စတိုင်း၌၊ မည်သူသည် ၊ မည်မျှပင်၊ ပြည့်စုံစေ။
ကြောက်တရားဟူသည့်၊ အားနည်းချက်၊ ကိန်းဝပ်နေပြီဆိုပါက၊
ကိုမျှ၊ တော်လှန်၍ မရ။ယှဉ်ပြိုင်,ရင်ဆိုင်၍ မဖြစ်။တုန့်ခြင်း၍

ဘက်ပြိုင်ရမည့်သူတို့သည်၊ မည်မျှပင်၊ အားနည်းနေစေ။
ဘက်သားက၊ ကြောက်အားပိုနေပါက၊ မပြိုင်ခင်က, ရှုံး၊
ခင်က, ပျက်ရပေတော့၏။

အချစ်အတွက်၊ တစ်လောက,လုံးကို၊ ရင်ဆိုင် လိုသည့်တိုင်
သူကိုယ်တိုင်က၊ အားမဲ့ကြောက်ရွံ့လေသူမို့၊ ဘာကိုမျှ ယှဉ်ပြိုင်,



www.burmeseclassic.com

www.burmeseclassic.com



ရင်ဆိုင်, ရယူဖို့ မစွမ်းဆောင်လိုတော့။

အေးဝတ်ရည်၊ ပေးထားသောပလက်တီနံဆွဲကြိုးမျှင်ေ
ကိုကိုင်မ,လျက်၊ သီဟ,က . .

"ဝတ်ရည် ပေးထားတဲ့ဒီ,ဆွဲကြိုးလေးကို
မောင်, ပိုင်ဆိုင်ခွင့်ရတော့တယ် . . လို့ ၊ မော
ယူဆ,ပါ့မယ်။

ဘာမှ၊ စိတ်မကောင်း၊ မဖြစ်နဲ့တော့။အ
မေးဖို့မှ၊ မောင်,လာတွေ့တာမဟုတ်ဘူး။ ဝတ်ရည်
ကို၊ မြင်ချင်ရုံသက်သက်၊ လာတွေ့တာ။

အေး-စာလုံးလေး ၊ မောင့်လက်မောင်း
ရှိနေသမျှ၊ အေးဝတ်ရည် . . ဆိုတဲ့၊ မောင့်ချစ်သူ
မောင့်ရင်ထဲမှာ၊ သေတပန်သက်တစ်ဆုံး၊ ရှိနေ
ပါ။

သူတစ်ပါးနဲ့၊ လက်ဆက်သွားတဲ့၊ အေးဝ
ရည်. . ဆိုတာ၊ မောင်နဲ့၊ မဆိုင်ဘူး။မောင့်ချစ်သ
အေးဝတ်ရည်သာ၊ မောင်နဲ့ ဆိုင်တာပါ။

မောင့်ချစ်သူ အေးဝတ်ရည်က၊ မောင့်





ချစ်တယ် ဆိုတာ၊ မောင်သိတာပဲ။

အဲဒီ့, ယုံကြည်ချက်၊ တစ်ခုတည်းနဲ့၊ မောင်,
အားလုံးကို၊ ဖြေဆည်နိုင်ပါတယ် ဝတ်ရည်ရယ်"
ငိုရှိုက်နေသူကို၊ မျက်ရည်မျှပင် ၊. မသုတ်ပေးဖြစ်တော့။
ခြားတစ်ပါး၌၊ ပွင့်လန်းရတော့မည့်၊ ပန်းပွင့်နွယ်စိမ်းကို၊ ရန့်,
ဘျှာပါ၊ ပွင့်လွှာ မထိနွမ်းစေလိုခြင်းငှာ၊ အခါမလပ်၊ သတိကပ်,
ဆင်ခြင်လျက်၊ မယိမ်းနွဲ့အောင်နေရသည်။ မမွေးပျံ့အောင်၊ ရှောင်
ရသည်။

"ဝတ်ရည်ကို၊ ခွင့်လွှတ်ပါ . . မောင်။မောင့်
ကို၊ မယုံကြည်တာမျိုးလည်း၊ မဟုတ်ပါဘူး။

စိတ်က၊ မိဘ,ကို၊ ကြောက်နေတာ။ဆန့်ကျင်
ရမှာ၊ ကြောက်နေတာပါ။မောင့်, အရည်အချင်းကို၊
မယုံကြည်တာ မဟုတ်ပါဘူး။နော် . . မောင်"

"ဒါဆို၊ မောင်နဲ့၊ အခုချက်ချင်းလိုက်ခဲ့" . . ဟု၊ ခေါ်ငင်
လို့ စိတ်ဖြစ်သည်။ဟန်စိန့်အဖေ၊ ဒေါက်တာ ဇော်တင်၊ မျက်နှာ
ကျက်ရမည့် အတွေးဟု၊ သတိကပ်၊ ဆင်ခြင်၏။

ယခင်အခါ ကာလ,များဆီက ၊ မမွေးမြူခဲ့သော . . . ၊



www.burmeseclassic.com

www.burmeseclassic.com



သတ္တိစိတ်များသည် ချစ်သူ၏, အသွေးအသားထဲသို့ ယခုမှတိုး
စီးဆင်းလာရော အကြောင်းမရှိ။ရုတ်တရက်၊ ဝင်ရောက်လာ
သည်၊ ဆိုလျှင်လည်း၊ အခါနှောင်းမှ၊ ရွာသော . . မိုး။

"မောင် . . ။ ဝတ်ရည်ကို၊ နားလည်တ
ရင်ဆိုင်နေရတဲ့, အခြေအနေကိုလည်း၊ နားလ
တယ်။ဝတ်ရည်၊ ဘာမှ၊ စိတ်မကောင်း၊ မဖြစ်
နှစ်ယောက် ကွေကွင်းရတဲ့ကိစ္စ။ ဘယ်
မှာမှ၊ အပြစ်မရှိဘူး ။ ရှိနေခဲ့တယ် ဆိုရင်လည်
မောင်က၊ ဦးဆောင်ရမယ့်သူ။ မောင့်အပြစ်
အားနည်းချက်ပဲ၊ ဖြစ်လိမ့်မယ်။ဝတ်ရည်မှာ၊
အပြစ်မှ၊ မရှိဘူး"

ချွေးသိပ်ဖြေဆည်စေသည့်စကား။

"ဝတ်ရည်၊ သတ္တိနည်းမိတာပါ"

မျက်ရည်စို့ရွှဲ, ဝန်ခံရပြီ။

သီဟ,က . .

"သတ္တိနည်းတယ် လို့၊ မောင်, မစွပ်စွဲပါ
မိန်းမသားဆိုတာ ၊ ဘဝ,အရေးကို ၊ ဆုံးဖြတ်





ခက်ခဲတတ်တာပဲ။ဒါ, သဘာဝ,ပါ"

ပေါ့ပါးစွာပြောရသည့် စကားသံကို၊ မတုံ့ရင်အောင်ထိန်း
သည်မှာ ၊ ပင်ပန်းလွန်းလှ၏။ ကလေးဘဝ,တုန်းကသာဆိုလျှင်၊
ချင်မက်မောရသော၊ အရုပ်ကလေးကို၊ လုယက်ယူငင်ကာ၊ အိမ်
အရောက် ပြေးမိပေလိမ့်မည်။

ကလေးအရွယ် မဟုတ်။ချစ်သူသည်လည်း၊ အရုပ်ကလေး
ဟုတ်။ လှပဝန်းကျင်သည်လည်း ၊ ကျောက်ရုပ်ထုများ ၊ မဟုတ်။

မျက်ရည်ကျချင်သော်လည်း၊ ဘဝ,က၊ မာကျောစေခဲ့လေ
သလား မသိ။အမှန်ကိုဝန်ခံရမည်ဆိုလျှင်၊ အော်ဟစ်ငိုကြွေးလိုက်
ချင်သည်။ ငို၍ မရ။

♥A♥

"သူတို့နဲ့တိုက်ပွဲ အတွက်၊ မင်းပဲ အားကိုးရှိတယ်။မင်း,
အတွက်ကြောင့်၊သူတို့နဲ့ဖြစ်ရတယ်။ကာယကံရှင်၊မင်းက, ရော . . ၊
ကိုယ့်ဘက်မှာ မရပ်တည်နိုင်တော့ကွယ် . . ။ကိုယ်,ဘာများတတ်
နိုင်ဦးမှာလဲ။ကိုယ်,ဘာများ၊ပြောနိုင်မှာလဲကွယ်" . . . ဟူသည့်၊
အားသီချင်းသံတစ်သံကို၊ ခပ်ဝေးဝေးမှ၊ ကြားလိုက်ရလေ၏။

ဝေးကွာခဲ့သူ၏ ၊ သီချင်းသံကို ၊ ဝေးလွင့်ကွာခြားစွာ ၊



www.burmeseclassic.com

www.burmeseclassic.com



ကြားနာလိုက်ရသည်။

♥A♥

သည်တစ်ခါတော့ ၊ လှိုင်သာယာက၊ အစ်မဖြစ်သူ၏
အိမ်သို့ မည်သူမျှ မတိန်းရှောင်ခိုင်းဘဲ၊ ကိုယ့်သဘောနှင့်ကိုယ်
ကိုယ့်ဝေဒနာနှင့်ကိုယ်၊ သီဟ, သွားရောက် တိန်းရှောင်နေမိ
ဒဏ်ရာ ၊ ဝေဒနာ သက်သာမှ ၊ အိမ်ပြန်ပေတော့မည်
အသည်းနှလုံးမြှုပ်နှံပွဲနှင့်ဝေးရာ . . သို့၊ ပြေးထွက်ရှောင်တိမ်း
သည့်တိုင် ၊ စိတ်, အာရုံသည် ၊ လွတ်အောင်လည်း ၊ မတိမ်းနိုင်
ငြိမ်းအောင်လည်း၊ မငြိမ်းနိုင်။

မီးခိုးငွေ့မသန်းဘဲ၊ လောင်မြိုက်စေသော၊ အပူမီးက
နှလုံးသည်းခြေ တစ်ခွင်လုံးကို ၊ ပြာကျချောက်ခမ်းသွားစေသည်
သံသရာ အပြစ်ခရီးတလျှောက်၌၊ ကံကြမ္မာ အချစ်မီး
တောက်စေသော၊ မှောက်မှားမှုကို၊ မည်သို့မည်ပုံ၊ ကျူးလွန်မိခဲ့လေ
သလဲ။ ဝေခွဲမစွမ်းသော်လည်း . . ၊နေထဲ, လေထဲ, မုန်တိုင်းထဲ၌
နှလုံးသားသည်၊ ကြေမွဲ ကြွေဆဲ,ကြေကွဲ နွမ်းခြောက်ခဲ့ရပြီ။

♥A♥ ♥A♥





**သံမဏိ –နှင်းဆီ**

ငါ့,
လှူကြမ်း။
သံမဏိပန်းတစ်ပွင့်သာ
ဖူးပွင့်, မျှော်တမ်း
ကမ်းခဲ့မိ။
ရန့် . . ဝေး
အပွင့်ကြမ်း၊
ထာဝရ,
မနွမ်းကြေသော်ညား . . ။
နန်းထက်နေ၊ မေ . . တစ်ပါးကြောင့်,
စမ်းပျက်မြေ၊ တစ်ပြည်ခါးသလို၊
လွမ်းသက်ရှည်၊ နွေအကြားမှာ . . .
ဟော . . . (ပန်းခက်တွေ) . .
ကြွေသွားပါရောလား . . ။ ။

ဟိုရေး,သည်ရေး ၊ ရေးနေမိသော ၊ စာကြောင်းများနှင့်
ျှာက်ကို၊ လုံးချေပြီး၊ အမှိုက်ခွက်ထဲသို့၊ ပစ်ထည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနောက်၊ ဟန်စိန့်ကို၊ ကြည့်လျက် . .

"မင်္ဂလာ အခန်းအနား၊ ပြီးသွားပြီလား"

ဟန်စိန်က၊ လက်မှ၊ နာရီကိုကြည့်ကာ၊ ခေါင်းညိတ်ပြ

ခါပြီးမှ . .

"မင်း. အရက်တွေ . . ဘာတွေ၊ သော

သေးလား"

"ဆေးလိပ်တောင်၊ မဖွာဘူး" . . ဟု၊ သီဟ၊ ပြော

"ခံနိုင်ရည်ရှိသားပဲ"

"ခံနိုင်ရည်မရှိလို့၊ ခပ်ဝေးဝေးမှာ၊ လာ

တာပေါ့ကွ"

ဟန်စိန်က . .

"ထုံထုံထိုင်းထိုင်းတွေ . . ၊ သုံးစွဲပြီး၊ စိတ်

မပြောင်းလွှဲပစ်ဘူး . . လို့၊ ဆိုလိုတာပါကွ။ ချီးကျူး

တာ။ ချီးကျူးတာ"

"ဘာကြောင့်၊ ဒီလောက် ကံဆိုးသလဲ . . ထို

တွေးနေရင်းနဲ့၊ အတွေးတွေပြန့်ပြီး၊ ခံစားနေရမယ့်

ကိစ္စ။ ပျောက်ထွက်သွားတာ"





ဟန်စိန်က၊ ပါးချိုင့်ငယ်ပေါ်ရုံမျှ၊ ပြုံးလျက် . .

"ဘာတွေးနေလို့လဲ"

"ဩော် . . ။ငါ့ကံဆိုးလိုက်ပုံများ။ငယ်ငယ် ကတည်းက ၊ အဖေ သေတယ်။ ဘွဲ့ရခါနီးတော့၊ အမေသေတယ်။

ပြီးတော့ . . ၊ ကမ္ဘာပေါ်မှာ၊ လူတွေ . . ၊ အများကြီး၊ ရှိတဲ့အထဲမှာ။ ဆင်းရဲတဲ့မိဘ, ဆီမှာမှ၊ လာဖြစ်ရတယ်။

ဒီကြားထဲ၊ ချစ်သူနဲ့ ၊ ကွေကွင်းရပြန်ရော။ မင်းကျတော့၊ အဖေ အမေ ဆရာဝန်။ မင်းကိုယ်တိုင်တောင်၊ ဆရာဝန်ဖြစ်ပြီ။မိဘ, အသိုင်းအဝိုင်း၊ တစ်ခုလုံး၊ ကြွယ်ဝ,တယ်။

ဒါ့အပြင်၊ ငါ့,ဆက်တွေးတာက၊ ဒီ, ကမ္ဘာပေါ်မှာ။ငါ့ထက်၊အဖြစ်ပိုဆိုးတဲ့သူတွေ . . ၊ရှိနိုင်သလို၊ မင်းမိဘ,ထက်၊ ပိုပြီး၊ ရာထူး ဌာနန္တရကြီးတဲ့၊ မိဘ,ဆီမှာ၊ လူဖြစ်ခွင့်ရတဲ့သူတွေလည်း ရှိနေပြန်ရော။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ . . ဘာကွားခြားကြတာလဲ . . လို့

တွေးတာ။ နောက်ပြီး . . ဒီလို၊ မတူညီတဲ့အခြေ

အနေကို ၊ တန်ခိုးရှိတဲ့,တစ်စုံတစ်ရာက ၊ ဖန်တီး

ထားတာတော့၊ မဖြစ်နိုင်ဘူး။

တန်ခိုးရှင် တစ်ယောက်ယောက်က၊ ဖန်တီး

ထားတာပါဆိုရင်၊ အဲဒီ့,တန်ခိုးရှင်ဟာ၊ တော်တော်

အချိုးမပြေတဲ့, တန်ခိုးရှင်ပဲ ဖြစ်လိမ့်မယ်လို့၊ င

တွေးနေတာ"

ပြောပြီး၊ မဲ့ပြုံး, ပြုံးလေ၏။ဟန်စိန်က . .

"ငါတို့ . . , လူ ,နတ် ,ဗြဟ္မာ, သတ္တဝါ . .

အားလုံးရဲ့၊ ကိုယ်စီ . . ဖန်တီး, ပြုမူခဲ့တဲ့၊ ကံအ

တွေကြောင့်၊ ရရှိရင်ဆိုင်ရတဲ့၊ ဘဝ, အခြေအနေ

တွေ . . မတူညီကြတာလို့။ ငါ, မှတ်သားဘူးတယ်

ကွ"

သီဟ,က . .

"ဒါဆို၊ ဖန်ဆင်းရှင်၊ တစ်ယောက်ယောက်

က၊ အကျင့်ယုတ်နေတာ၊ မဟုတ်ဘူးပေါ့"





"မဟုတ်ပါဘူး" . . ဟု၊ ဟန်စိန်ပြော၏။

"ငါတို့, ပြုမူခဲ့တဲ့၊ အမှားတွေ . . အမှန်တွေ

ကြောင့်၊ ငါတို့ရဲ့, ဘဝ,အခြေအနေတွေ . . ၊ ဖြစ်

နေရတယ်ပေါ့။ ဟုတ်လား"

"ဒါပေါ့"

"တော်သေးတာပေါ့" . . ဟု၊ သီဟ,ပြောသည်။ ဟန်စိန်က,

"ဘာကိုတော်သေးတာလဲ"

"ဩော် . . ။ အသည်းကွဲတဲ့သူက . . ကွဲ။

ပြေလည်နေတဲ့သူက . . ပြေလည်။ ဆင်းရဲတဲ့သူ

က . . ဆင်းရဲ ။ ချမ်းသာတဲ့သူက . . ချမ်းသာ။

ငြိမ်းချမ်းတဲ့နေရာက . . ငြိမ်းချမ်း။ စစ်ဖြစ်

တဲ့နေရာက . . စစ်ဖြစ်။ကြင်နာတဲ့နေရာက . .

ကြင်နာ။နှိပ်စက်တဲ့နေရာက . . နှိပ်စက် ။

ပူတဲ့နေရာက . . ပူ။အေးတဲ့နေရာက . .

အေး။ သမ, တဲ့နေရာက . . သမ။မမျှတဲ့နေရာက

. . မမျှ။

အဲဒီလို . . တွေ့၊ မညီ . . မညာဖြစ်အောင်၊

www.burmeseclassic.com



ဖန်ဆင်းရှင် တစ်ယောက်ယောက်က၊ ဖန်ဆင်း
နေတာပါဆိုရင်၊ အဲဒီ ပုဂ္ဂိုလ်ကို၊ ငါ, သွားရိုက်မလို့

"မရိုက်ပါနဲ့ကွာ . . ။ ရိုက်ဖို့ မလိုပါဘူး
ဘယ်သူ့ဘဝ,ကိုမဆို၊ ဘယ်သူက,မှ၊ ဖန်ဆင်းနေ
တာ၊ မဟုတ်ပါဘူး။

တို့ယ်ဘဝ,ကို၊ ကိုယ့်ဘာသာ၊ ဖန်ဆင်းခဲ့ကြ
တာပါ။

ဂူနံရံကြီး၊ တစ်ခုထဲမှာ၊ ဟေး . . လို့၊ အော်
လိုက်ရင်၊ ဟေး . . ဟေး . . ဟေး . . လို့၊ ပဲ့တင်
ထပ်သံတွေ . . အကြိမ်ကြိမ်ပြန်ကြားရသလိုပေါ့။

လောက, နံရံကြီးထဲမှာလည်း၊ ငါတို့၊ ပြုမူ
ခဲ့တဲ့၊ ကံအပြုအမူတွေရဲ့၊ တုံ့ပြန်ခြင်းတွေကိုသာ
ငါတို့၊ ပြန်ရင်ဆိုင်ကြရတာပါ"

သီဟ,က . .

"ငါ, သိပ်တော့၊ နားမလည်ဘူးကွ။ တခြား
သူကြောင့် မဟုတ်ရင်ပြီးရော။ တခြားသူကြောင့်
ဆိုရင်တော့၊ အဲဒီကောင်ကို၊ ငါ, သတ်မှာ"





သီဟ,စကားကြောင့် ၊ ဟန်စိန် . . ရယ်မောလေသည် ။
နောက်၊ အရယ်ရပ်လျက် . . ,

"မင်း, အာရုံ ပြောင်းတတ်သားပဲ . . သီဟ"

"အာရုံ ပြောင်းတာမဟုတ်ဘူး။ဇစ်မြစ်ကို၊
ရှာနေတာ။ချစ်သူနဲ့ ကွေကွင်းရတဲ့အကြောင်းက
. . ဘာလဲ။

ဆင်းရဲရတဲ့ အကြောင်းက . . ဘာလဲ။အဲဒါ,
ရှာနေတာ"

"တွေ့ပြီလား"

"ထက်ထက်မြက်မြက်တော့၊ ဘယ်တွေ့ပါ့
မလဲ။လူဆန်ဆန်၊လူ့အသိဉာဏ်၊တစ်ထွာလောက်
နဲ့၊ ပြောရရင်တော့။

ဆင်းရဲရတဲ့ အကြောင်းက ၊ ငွေ မရှိလို့ပဲ။
ငွေ မရှိရင်၊ လူရာမဝင်ဘူး။ ဘယ်လောက်အထိ၊
လူရာ မဝင်သလဲဆိုရင်။ ချစ်သူက,တောင်၊ လူရာ
မသွင်းဘူးလေကွာ"

သီဟ,၏ မျက်လုံးအိမ်၊ နီရဲသွား၏။ဟန်စိန်က . .



www.burmeseclassic.com

www.burmeseclassic.com



"ကဲ တရားလို့ပဲ။ သဘောထားပါကွာ"

သီဟ, ခေါင်းညိတ်၏။ ပြီးမှ . .

"ငါ . . , ဘာဖြစ်သွားတယ် ဆိုတာ

မပြောတတ်ဘူး ဟန်စိန်။ ငါ, တစ်ခုခုကို၊ စိတ်

သွားသလိုပဲ။

လူတွေ . . ပြောပြောနေကြသလို၊ လော

ကြီးကိုများ၊ စိတ်နာမိပြီလားမသိဘူး"

"ဘယ်သူ့ကိုမှ၊ နာမနေပါနဲ့တော့။ မင်း

အလုပ်, လုပ်ရဦးမယ်။ ငါ, အလုပ်, လုပ်ရဦးမ

အဲဒါပဲ၊ ခေါင်းထဲ၊ ထည့်ထားလိုက်တော

မင်း, စိတ်ပြေပျောက်သလောက်နေပြီးမှ၊ အ

လာဆင်းပါ . . တဲ့။ မင်းရဲ့, အလုပ်ရှင်၊ ကိုလှ

အောင်၊ မှာလိုက်တယ်"

"နောက်တစ်ပတ်လောက်မှ၊ ပြန်လာခဲ့မယ်။ မင်း,

မသွားသေးဘူးမဟုတ်လား" . . ဟု၊ သီဟ, မေး၏။ဟန်စိန်က

"ငါ, သွားမယ့်နေ့၊ လာခေါ်မယ်လေ"

သီဟ,ခေါင်းညိတ်သည်။





"သွားရင်၊ နှစ်နဲ့ချီပြီး၊ ကြာမှာကွ။ မင်း . . ,

စိတ်လေနေတာတွေ ၊ ဘာတွေ ဖြစ်နေမှာ ၊ ငါ ,

စိုးရိမ်တယ်"

"သူတစ်ပါး အထင်သေးလို့၊ ချစ်ရေးချစ်ရာ၊

ရှုံးနိမ့်သွားရတဲ့ကြားထဲ။ စိတ်က,ပါ ၊ ထပ်လေနေ

ဦးမယ်ဆိုရင်။ ငါ့, ဦးနှောက်တွေ ၊ ခွေးကျွေးပစ်

လိုက်မယ်"

"မင်းပဲ၊ စိတ်နာတယ်ဆို"

"ဟုတ်တယ်လေ။ စိတ်နာတာ၊ စိတ်လေတာ

မှ၊ မဟုတ်ဘဲ။ ဆရာဝန်ပေါက်စ၊ ဒါတောင် မသိ

ဘူးလား"

ကျီစယ်လျက်ပြောသည်။"ပြီးရော။ မလေရင်ပြီးရော"ဟု၊

န်စိန် ပြော၏။သီဟ,က . . "စိတ်လေရင်၊ ဦးနှောက်မှုက်တတ်

ယ်ကွ။ စိတ်နာရင်တော့၊ ဦးနှောက်က၊ အရောင်တွေပိုတောက်

တတ်တယ်" . . ဟု၊ လိုရာဆွဲကာပြော၏။ဟန်စိန်က ၊ ပင်စပ်

တ်လျက်၊ ပြုံးနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါ, ဒီညနေရထားနဲ့ သွားရမယ်" . . ဟု၊ ဟန်စိန် ပြော

"ငါ, ဘူတာလိုက်ပို့မယ်"ဟု၊ သီဟ, ပြောသည်။ ဟန်စိန်က . .

"မင်း, အိမ်မပြန်သေးဘူးလား"

"မနက်ဖြန်လောက်မှ၊ ပြန်မယ်"

"ဘာဘာညာညာတွေ၊ ထပ်ဖြစ်မနေနဲ့ဪ

နော် သီဟ"

"ဘာဖြစ်ရမှာလဲ"

"ဝတ်ရည်တို့, မိသားစုထဲက၊ တစ်ယော

ယောက်နဲ့၊ သွားရင်းလာရင်းကြုံရင်၊ မင်း, စိတ်

လွတ်ကိုယ်လွတ်၊ တစ်ခုခု လုပ်မှာစိုးလို့"

"ငါ့စိတ်ထဲမှာ . . ,ဘာမှ၊ မထားတော့ဘူး

ဝတ်ရည်က၊ သူများမာယားဖြစ်သွားပြီ။သတိ,တ

ချက်ရ,မိတာနဲ့တွင်၊ ငရဲ ရောက်သွားလိမ့်မယ်။င

ဘယ်လောက်မိုက်မိုက် ၊ ငရဲ ကျ,လောက်အောင

တော့၊ ဉာဏ်မတုံးဘူး"

ဟန်စိန်က၊ သဘောကျစွာ၊ ပြုံးလေသည်။ ထိုစဉ် . .

"ဟာ . . စက်ဘီးတိုက်ပြီ"





လက်ဘက်ရည်ဆိုင်အတွင်းမှ၊ စားပွဲထိုးသူ၏ အသံ။

ေ,ရော၊ ဟန်စိန်ပါ၊ လမ်းမ,ပေါ်သို့၊ ကြည့်လိုက်ကြ၏။

"ဟာ။ စက်ဘီးနင်းတဲ့ကောင်လေးကို၊ဝိုင်း

ရိုက်နေတယ်"

ထိုနေရာသို့၊ သီဟ, ပြေးထွက်သွား၏။ဟန်စိန်က . . ၊

က်ဘက်ရည်ဘိုးပေးပြီးမှ၊ သီဟ, နောက်သို့၊ ပြေးလိုက်သည်။

က်ဘီးအတိုက်ခံရသူမှာ၊ ခပ်ငယ်ငယ်၊ ကောင်မ,လေးတစ်ယောက်။

ပါးစပ်ထဲမှ၊ သွေးများထွက်နေပြီး၊ မျက်ဖြူလန်နေသည်။

ကောင်မ,လေးကို တစ်လှည့် ၊ ဝိုင်းဝန်းထိုးကြိတ်နေသူများကို ၊

တစ်လှည့် , ကြည့်ပြီး ၊ သီဟ,က . .

"ဟေ့ ,လူတွေ . . ။ သူ့ကို ၊ ထိုးကြိတ်နေမယ့်

အစား။ ဒီကလေးကို၊ ဆေးခန်းပို့ကြပါလားဗျ"

သီဟ,၏ အဟန့်အတားကြောင့်၊ ထိုးကြိတ်နေသူများ၊

ငြိမ်သွားသည်။စက်ဘီးနင်းသည့်ကောင်လေး၏၊အကျီကော်လံ

ကို၊လူကြီးတစ်ယောက်က၊ ကိုင်ဆွဲထား၏ ။ "ရပ်ကွက်လူကြီးရုံး

ပို့"ဟူသော၊ အသံတစ်သံကို၊ ကြားလိုက်ရသည်။

"သမီး . . သမီး" . . ဟု ၊ ခေါ်ငိုနေသူ ၊ အမျိုးသမီးကြီးက၊



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမ, လေးကို ၊ ထိုင်လျက် ပွေ့ထား၏။ ကောင်မ,လေး
သတိမရသေး။

ဟန်စိန်က . .

"အဒေါ်။ ကျွန်တော့်ကို . . ပေး"

ကောင်မ,လေးကိုချီမ,ကာ၊ လမ်းမ,ပေါ်တွင်၊ ပက်လက်
ထားလိုက်၏။ ပြီးနောက် . .

"သီဟ။ငါ,နှာခေါင်းက၊ လေမှုတ်သွင်းမယ်
မင်းက၊ ရင်ဘတ်ကို၊ ဖိပေး"

ကောင်မ,လေး၏၊ရင်ဘတ်ကို၊ဖိမည်ပြင်ပြီးမှ၊သီဟ,က . .

"အာ . . ။ ငါ, မဖိတတ်ဘူး။ မင်း, လု
ငါ, နှာခေါင်းက၊ မှုတ်ပေးမယ်"

ပြောပြီး၊ ကောင်မ, လေး၏ ပါးစပ်ကို၊ ပိတ်ကာ၊ နှာခေါ
မှ၊ လေမှုတ်သွင်း၏။

သုံးကြိမ်မျှဖြင့်၊ကောင်းမ,လေး၊ သတိရသည်။ပါးစပ်မှ၊သွေ
များထွက်နေ၏။မိခင် ဖြစ်ဟန်တူသော၊ အမျိုးသမီးကြီးက . .

"ပါးစပ်က၊ သွေးတွေ။ သွေးတွေ . ."

ဟန်စိန်က . .





"သွားဖုံးပေါက်သွားတာပါ။မစိုးရိမ်နဲ့။ဒီနား
မှာ၊ ဆေးခန်းရှိသလား"

"ဈေးထိပ်မှာရှိတယ်"

"ကျွန်တော့်မှာ၊ဆိုင်ကယ်ပါတယ်။ တစ်
ယောက်လိုက်ခဲ့ပါ"

သီဟ,ဘက်သို့၊ လှည့်ကာ . .

"ကလေးမ,လေးနဲ့ ဒီအဒေါ်ကို ၊ မင်းက ,
ဆိုက္ကားနဲ့၊ ခေါ်လာခဲ့"

ကောင်မ,လေး၏၊ အဖေဖြစ်သူက၊ဆိုင်ကယ် ပေါ်တွင်၊
. . .

"ဆေးခန်းက ၊ ဒီ တည့်တည့်မှာ"

ဆိုက္ကားတစ်စီးရောက်လာသည်။"ဘာမှ၊မပူနဲ့။လန့်သွား
" ဟု၊ ပြောပြီး၊ ဟန်စိန်က၊ ဆိုင်ကယ် မောင်းထွက်သည်။
အနောက်ဘက်တွင် သီဟ,ထိုင်၏။

ဆေးခန်းတွင်၊ဆရာဝန်ကြီးတစ်ယောက်ရှိနေသည်။အဖြစ်
ကို၊ သီဟ, ပြောပြ၏။ ဆရာဝန်ကြီးက၊ ဆေးထိုးပေးသည်။
ဆေးပေးသည်။ စိုးရိမ်စရာမရှိကြောင်း ၊ကောင်မ,လေး၏

www.burmeseclassic.com



မိဘ,များကို၊ မှာကြားသည်။

+

အိမ်ရှေ့ အထိလိုက်ပို့ကြပြီးနောက်၊ ကောင်မ, လေး
ဖခင်က . . ၊ ကျေးဇူးတင်စကားပြောသည်။သီဟက . . ၊ ဆိုင်ကယ်
အနောက်ခုံတွင်၊ ခွရင်းမှ . .

"ကျွန်တော် တို့ကို၊ တကယ် ကျေးဇူးတ
လား"

"တင်တာပေါ့ ငါ့တူရယ်။ ဦးလေးတို့
ပဲဆို၊ မျက်ဖြူလန်နေတာကို ၊ ဘယ်လိုလုပ်ရ
မသိဘူး။ သမီးက၊ နှလုံးအားကလည်း၊ နည်းတ
လေ။ သေပြီ ထင်တာ။ ပါးစပ်က,ပါ၊ သွေးထွ
တော့။ အထဲမှာ၊ တစ်ခုခု ဖြစ်ပြီလို့ မှတ်လို့"

"ကျွန်တော်တို့ကို၊ တကယ် ကျေးဇူးတင
ရင်။ စက်ဘီးနဲ့တိုက်တဲ့ကောင်လေးကို၊ အရေးမ
ဘဲ၊ ပြန်လွှတ်ပေးလိုက်ပါလား ။

ရပ်ကွက်ရုံးမှာ . .၊ခေါ်ထားတယ် . .
ကျွန်တော်၊ ကြားတယ်။





ဆရာဝန်ကြီးလည်း၊ ပြောလိုက်တယ်လေ။
စိုးရိမ်စရာ၊ မရှိဘူးဆိုတော့ . . "

"ဩော် . . ။စိတ်ချ ငါ့တူ။ဦးလေး၊ အခုပဲ၊
ရုံးကို၊ သွားလိုက်ပါ့မယ်"

"ဟုတ်ကဲ့။ကျွန်တော်တို့လည်း။ သွားပြီးနောက်မှ၊ သတင်း
မေးပါ့မယ်" . . ဟု၊ သီဟ,ပြောပြီး၊ ဟန်စိန်က၊ ဆိုင်ကယ်ကို၊
မောင်းထွက်ခဲ့သည်။

A

သီဟ,က၊ သွေးပေနေသည့်လက်ကို၊ တစ်သျူးဖြင့်၊
သုတ်သန့်စင်ရင်း . .

"ဟာ။ ငါ့ ဆွဲကြိုး"

ဟန်စိန်က . .

"အင်း။ ပျောက်ပြီနဲ့တူတယ်"

"ပျောက်လို့မဖြစ်ဘူး။ဒုက္ခပဲ။ ပြဿနာပဲ"

"ခုနက ၊ ဝရုန်းသုန်းကားနားမှာ ၊ ကျန်ခဲ့
တယ် ထင်တယ်"

"ငါ,သွားရှာမယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ရထားနောက်ကျတော့မယ်လေကွာ" . . ဟု၊ ဟန်
ပြောမှ၊ သီဟ၊ ငြိမ်သွား၏။

"သွားရောကွာ"

"ဘာသွားတာလဲ"

ဟန်စိန်၏ အမေးကို၊ မဖြေဘဲ၊ သီဟ၊က၊ တစ်ကိုယ်တည်း
ကြေကွဲစွာ၊ ညည်းတွားသည်။

"သွားပြီ။လူကို၊ စွန့်လွှတ်လိုက်ရတဲ့အပြင်
အမှတ်တရပစ္စည်းလေးပါ၊ပျောက်သွားပြီ၊ဆိုတော့
ငါက၊ ဘာနဲ့မှကို၊ မထိုက်တန်တဲ့ကောင်
လားကွာ"

ဟန်စိန်က၊ ဆိုင်ကယ်ကို၊ ထိုးရပ်ပြီး . .

"နေ့လည်က၊ ပြောတော့၊ စိတ်ထဲမှာ၊ ဘာမှ
မရှိတော့ဘူးဆို"

"စိတ်ထဲမရှိပေမဲ့။ပစ္စည်းပျောက်တာတော့
နှမြောတာပေါ့ကွ။

ပြီးတော့။စိတ်ထဲမရှိတော့ဘူး . . ဆိုတာက
လည်း ၊ လွမ်းလိုက်တာ၊ ဆွေးလိုက်တာ၊ဆိုတာမျိုး





မရှိတာကိုပြောတာကွ။ အတိတ်မေ့ဝေဒနာသည်
လို၊ ဘာမှ မရှိတာမျိုးကြီးတော့၊ ဘယ်ဟုတ်ပါမလဲ။

တိုက်ဆိုင်တာရှိရင်၊ သတိရမိချင်ရမိမှာပဲ။
သတိရမိတာနဲ့၊ တမ်းတ၊မိတာနဲ့ရောသွားလို့က၊
တော့။ ဘယ် အပြစ်သင့်တယ်ဆိုတာ၊လူတိုင်းသိ
တယ်"

"အေးပါ၊အေးပါ" ဟု၊ပြောကာ၊ ဟန်စိန်က၊ ဆိုင်ကယ်ကို၊
မောင်းထွက်သည်။ပြီးနောက် . . "ငါ့ အိမ်မှာပဲ၊ ရေချိုးလိုက်တော့"
ဟု ပြော၏။

♥ A ♥

နောက်တစ်နေ့နံနက်တွင်၊ သီဟ၊ရန်ကုန်ဘက်ကို၊ ပြန်ဖို့၊
ပြင်ဆင်၏။မပြန်ခင်၊ မနေ့က၊ စက်ဘီးတိုက်မိသော၊ ကောင်လေးကို၊
နေ့ယူမှုရှိမရှိ၊ ရပ်ကွက်ရုံးတွင်၊ သွားမေးသည်။ပြေငြိမ်းပြီးပြီဟု၊
သိမှ၊ စက်ဘီးအတိုက်ခံရသော၊ ကောင်မ၊ လေးထံ ၊ သတင်းမေး
သွား၏။

ဆွဲကြိုးကိုစုံမေးကြည့်မည်၊ စဉ်းစားသည်။သူတို့ကြောင်း
ပျောက်ရှခြင်း . . ဟု၊အဓိပ္ပါယ် မသက်ရောက်စေလိုသောကြောင့်၊



www.burmeseclassic.com

www.burmeseclassic.com



မေးမိကြည့်ဖြစ်တော့။ "သမီး။ သမီးအစ်ကိုကြီးလာတယ်လေ"
ပြောကာ ခမိခင်ဖြစ်သူက၊ အိပ်နေသူကိုနှိုးဖို့ပြင်၏။

"ပေးတဲ့ဆေးမှာ၊အိပ်ဆေးပါမယ်ထင်တယ်။မနှိုးနဲ့ အ
သူ့သက်သာသလို၊ နေပါစေ"ဟု၊သီဟ, ပြောကာ၊ကောင်မ,လေး
နဖူးလေးကို၊ စမ်း၏။ပြီးနောက် . . "ပြန်ဦးမယ်"ပြော၏။

ရေနွေးကြမ်းဖြင့်၊ ဧည့်ခံလိုကြသည်။သီဟ,က . . "
စရာရှိလို့ပါ"ပြောသည်။ဆိုင်ကယ်နဲ့တစ်ယောက်ရော . . ဟု
ဖြစ်သူက၊ မေးသည်။ခရီးထွက်သွားကြောင်း၊ သီဟ,ပြော၏။

ညီအစ်ကိုတွေလား . . ဟု၊ မေးပြန်သည်။သီဟ,
ညိတ်ပြခဲ့၏။ဆွဲကြိုးလေးအကြောင်း၊ သတင်းမရ။

♥A♥

ဟန်စိန်၏ ဖခင်၊ ဒေါက်တာဇော်တင်က ၊ ဆုံးမ,စ
ပြောကြားသည်။သီဟ,က၊ ကျေးဇူးတင်စွာ၊ နာခံသည်။

♥A♥

အစ်မ,ဖြစ်သူ၏၊ ခွင့်ပြုချက်ဖြင့်၊အိမ်ကို၊ တစ်ခြမ်း,ခြမ်း
ရောင်း၏။ထိုငွေကို၊ အရင်းပြုကာ၊ ပန်းတိမ်လုပ်ငန်းကို၊ ထည်ဝါ
လုပ်တိုင်သည်။





နယ်မြို့တစ်မြို့တွင်၊ အမှုထမ်းနေသော၊ဟန်စိန်ရန်ကုန်
ပြန်ရောက်သည့်နှစ်တွင်၊ သီဟ,သည်၊ စီပွားရေး ခိုင်ခန့်လျက်
နေပေပြီ။

♥A♥

ရုပ်ရည် ချောမောသည့်၊ မိန်းကလေးတိုင်းကို၊ ရည်းစား
ဖြစ်သူတွဲသည်။ စိတ်တိုင်းမကျလျှင် ၊ အဆက်ဖြတ်ပစ်ပြန်၏။

"ပိုက်ဆံရှိရင်၊ ပြည့်တန်ဆာတောင်၊ အလှူအိမ်ရဲ့, အိမ်ဦး
မှာ၊ တက်ထိုင်လို့ရတယ်" . . ဟု၊ ပြောမိလေသော၊ ရည်းစားကို၊
လည်းကောင်း၊ တန်ဘိုးနည်း၊ အချိုရည်ပုလင်းနှင့်၊ တန်ဘိုးကြီး
အချိုရည်ဘူး နှစ်ဘူးဖြင့်ဧည့်ခံစဉ်၊ တန်ဘိုးကြီးအချိုရည်ကိုသာ၊
ရွေးချယ်သောက်သုံးမိသော၊ ရည်းစားကို၊ လည်းကောင်း၊ ငယ်ရည်း
စားနှင့်သူ့ကို၊ ဘယ်သူ့ပိုချစ်သလဲဟင်ဟု၊ မေးခဲ့မိသော၊ ရည်းစားကို
လည်းကောင်း၊ Foot chin တစ်ခုလောက်၊ လက်ဆောင်ပေးပါလား
. . ဟု၊ တောင်းဆိုမိခဲ့သော ရည်းစားကိုလည်းကောင်း၊ လျှင်မြန်စွာ၊
အဆက်ဖြတ်ခဲ့သည်။

သီဟ, နောက်ဆုံး၊အဆက်ဖြတ်ခဲ့သည့်,ရည်းစားမှာ
သိန်းမြင့်ဇော်၏အစ်မ၊(တိုက်ခန်း တစ်ခန်းတင်တောင်းရမယ် . . ဟု၊



www.burmeseclassic.com

www.burmeseclassic.com



တောင်းဆိုခဲ့သော) နိုလာခင် ဖြစ်၏။

+

သီဟ,သည်၊ အစီးအပွားထွန်းကားလာသည့်အခါ
မိသားစုကို၊ အထောက်အပံ့ပေးခဲ့သော်လည်း၊ အစ်မ,ဖြစ်သူ
မယူငင်။

သီဟ,၏, စီးပွားရေးအခြေအနေမှာ၊ချမ်းသာကြွယ်ဝ
သည် မဟုတ်သော်လည်း၊ သုံးသုံးဖြုန်းဖြုန်း နေထိုင်နိုင်သည့်
အခြေအနေ။သို့သော်၊ သီဟ,က၊သုံးသုံးဖြုန်းဖြုန်း မနေထိုင်ခဲ့

ငွေကို၊ ရသလောက်ရှာကာ၊ ရှာသလောက်စုဆောင်း
ပြီး၊ ငွေမက်သူများကို၊ အလိုအလျှောက်၊ မုန်းတီးနေသူဖြစ်သည်

သူငယ်ချင်းဖြစ်သူ၊ ဒေါက်တာဟန်စိန်က၊ ကြုံသည့်
တိုင်း၊ ဆင်ခြင်အပ်သည်များကို၊ သတိပေးစမြဲ။ မတရားဘူး
လျှင်၊ဒေါသ,ဖြင့်၊ နေရာတကာ ဝင်ပါတတ်သည့်၊ စိတ်ကိုလည်း
ဆင်ခြင်ပြုပြင်ဖို့၊ အကြံပေးခဲ့သည်မှာ၊ ရက်ပိုင်းမျှသာ၊ ရှိသေး၏

ထိုရက်ပိုင်းမျှအတွင်း၊ သိန်းမြင့်ဇော်, မြသီတာတို့နှင့်
ကြုံဆုံရခြင်း၊ ဖြစ်သည်။

A A





လ,သာလမ်းရှိ အသက်သတ်လွတ် ထမင်းဆိုင်တွင်၊စောင့်
ပါရန်၊ ဒေါက်တာ ဟန်စိန်မှတစ်ဆင့်၊ မြသီတာတို့ကို၊ သီဟ,
ဘောင်းပန်မှာကြားသည်။ မြသီတာနှင့်အတူ၊ နီနီဦးလည်း၊
ပါလာ၏။

ထိုတမင်းဆိုင်မှာ၊ သီဟ,ကို စောင့်နေကြရင်း၊ ဒေါက်တာ
က၊ သီဟ,၏ ဘဝ၊ အကြောင်းကို၊ မြသီတာတို့နှစ်ယောက်
ပြောပြနေလေသည်။

"သိန်းမြင့်ဇော်ကို၊ ကိုသီဟ, ဘာမှ၊ မလုပ်
တာ။ ဆရာတားထားလို့ပေါ့။ ဟုတ်လား"

မြသီတာ၏ အမေး။

ဒေါက်တာ ဟန်စိန်က . .

"သိန်းမြင့်ဇော်ကို၊ မလုပ်ဖို့၊ တားထားတာ
မဟုတ်ဘူး။ ဘယ်သူ့အပေါ်မှာမှ၊ ဒေါသ, မဖြစ်ဖို့၊
မှာထားတာ"

"ဆရာ့စကားကို၊ နားထောင်သားပဲ"ဟု၊ နီနီဦးပြော၏။
တူးပေါက်မှ၊နားထောင်တာပါ"ဟု၊ဒေါက်တာဟန်စိန်၊ ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် . .

"ဆရာ့မိဘ,တွေက,လည်း၊ သီဟ,ကို

ချစ်တာ။ စိတ်ထားကောင်းလို့။

မဟုတ်မခံစိတ်ကို၊ ပိုချစ်ကြတာ။တစ်

တစ်ရံ၊ ဆရာ့အဖေ,အမေ ကိုယ်တိုင်၊ ခေါ်ဆူ

တွေ . . ဘာတွေ ရှိတယ်"

"ပြော"

"အလယ်တန်းတုန်းက၊စာမေးပွဲတစ်ခါ

တယ်။ အထက်တန်းတုန်းက၊ စာမေးပွဲတစ်ခါ

တယ်။ အဲဒီတုန်းက ၊ အမေက၊ စာမေးပွဲကျ

အိမ်မလာနဲ့လို့ပြောလိုက်တာ။လုံး၀, မလာ

ဘူး။အောင်စာရင်းထွက်လို့၊ အောင်ပြီ ဆိုတော့

အမေနဲ့အဖေကို၊ လာကန်တော့တာ။

ဆရာ့အမေဆို၊ အကန်တော့ခံနေရင်း၊ မျ

ရည်တောင်ဝဲတယ်။ သူ့ကို၊ စိတ်ဆိုးသွားပြီထ

ထားလို့ . . တဲ့။သူ့မှာ . . ၊ အောင်နိုင်တဲ့အငြ

အချင်း၊ ဘယ်လောက်ရှိသလဲ . . လို့၊ ကြိုးစားခ





စမ်းစစ်နေရလို့၊ စိတ်ဆိုးဖို့တောင်၊ အချိန်မရပါဘူး

. . တဲ့။ သီဟ, က၊ ဆရာ့အမေကို၊ ပြောပြတာ"

"ဆရာ"

မြသီတာ၏ . . အခေါ်။

"ပြော"

"ဟို . . ။ စပ်စုသလိုဖြစ်နေမလား၊ မသိဘူး။

တစ်ခု၊ မေးကြည့်ချင်လို့"

ဒေါက်တာ ဟန်စိန်က . .

"အမလေး။ တစ်ကမ္ဘာလုံး၊ စပ်စုနေကြ

တာ။ဘာမှ၊ မဖြစ်ဘူး။ မေး"

"ကိုသီဟ, ရည်းစား ။ အဲ . . ရည်းစားဦး၊

နာမည်က၊ အေး၀တ်ရည်နော်"

"အင်း၊ ဟုတ်တယ်လေ"

"ကိုသီဟ,က၊ခေါ်တော့၊ ဝတ်ရည်လို့ခေါ်ပြီး၊

လက်မောင်းမှာ ၊ ထိုးထားတာက၊ အေ -စာလုံး။

အဲဒါ, ဘာသဘောလဲ"

"နင်, စပ်စုတတ်နေပြီ"ဟု၊ မြသီတာကို၊ နီနီဦး ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဟန်စိန်က၊ ရယ်လျက် . .

"သီဟ, လာမှ၊ ကိုယ်တိုင် မေးကြည့်ပါလာ

မြသီတာက၊ ပခုံးငယ်တွန့်ကာ . .

"မမေးရဲဘူး"

"အေး . . ဆိုတဲ့နာမည်က၊ ရင်ထဲမှာ၊

တဲ့နာမည် . . တဲ့။ ဝတ်ရည် ဆိုတာက၊ပါးစပ်

ခေါ်တဲ့နာမည် . . တဲ့။

ပါစပ်က၊ လုံး၀, မခေါ်ဖြစ်တဲ့၊အေး . .

တဲ့၊ နာမည်လေးကို၊ လက်မောင်းနဲ့နှလုံးသား

ကမ္ပည်းထိုးထားတာ . . တဲ့"

"လန်းတယ်" ဟု၊ နီနီဦး ပြော၏။

"ဆရာကျတော့၊ ရည်းစားတစ်ယောက်

မထားဘဲ၊ ကိုသီဟ,က ၊ ဘာလို့၊ အများကြီး

တာလဲ။ အဲဒါကျတော့၊ ဆရာမတားဘူးလား"

"စော်ကား မော်ကားအာရုံနဲ့၊ ပွေရှုပ်နေ

မတုတ်ဘူး . . လို့၊ ယုံကြည်လို့၊ သိပ်မတားမိဘူး

အသည်းကွဲထားတဲ့သူဆိုတော့လေ။





ပြေရာပြေကြောင်း၊ နေတတ်သလို၊ နေပါ

စေ . . ဆိုပြီး။သိပ်မဝေဖန်ဖြစ်တာလည်း၊ ပါတာ

ပေါ့။ ဆရာဝန်စကားနဲ့ပြောရရင်၊ လူနာ စိတ်ချမ်း

သာသလို၊ နေပါစေ ဆိုတဲ့သဘော"

"ဆရာက၊ သူငယ်ချင်းဘက်ကို၊ တော်တော်ကာပေးနိုင်

သပဲ" ဟု၊ မြသီတာ ပြုံးလျက်၊ပြောသည်။

"ကာပေးတယ်ပဲ ဆိုပါတော့ . . ။ဒါပေမဲ့၊

ငယ်ငယ်တုန်းက၊ ဆရာ့ကို၊ ကျောင်းသားအချင်း

ချင်း၊ ဝိုင်းအနိုင်ကျင့်ကြလို့။ သီဟ,ဝင်ပြီးကာကွယ်,

တိုက်ခိုက်ပေးခဲ့တာ။

ကျောင်းသားနှစ်ယောက်၊ ခေါင်းကွဲ, ထိပ်ကွဲ

ဖြစ်သွားလို့၊ သီဟ, ကျောင်းထုပ်ခံရတဲ့၊ ကာကွယ်

ပေးမှုကို၊ ဆရာ့ ကာကွယ်ပေးမှုက၊မမှီပါဘူး"

"သြော်"

မြသီတာ၏ စိတ်ဝင်တစား၊ စီးမျောသွားသည့် . . သြော်။

"အဲဒီတုန်းက၊ ဆရာ့အဖေက၊ သီဟ,ကို၊

ကျောင်းပြောင်းနိုင်ဖို့ အထိ၊ဆောင်ရွက်သေးတယ်။

www.burmeseclassic.com



မရှိခဲ့ဘူး။သူသာ ပြဿနာတက်သွားတယ်။ဟန်

.. ဆိုတဲ့ တရုတ်ကလေးရဲ့နာမည်၊ သူ့ပါးစပ်က တစ်ခွန်းမှ ၊ မထွက်ခဲ့ဘူး။

သီဟ,က၊ ညီအစ်ကိုသိပ်,လိုချင်တာ ... အဖေ,ဆိုတာကိုလည်း၊ သိပ်မက်မောတယ်။ဆ မိဘ,တွေ ၊ အနေနဲ့၊ သီဟ,အပေါ်၊ စိတ်ထားေ ကို၊ချစ်တာရော၊သနားတာရော၊ ပါတာပေါ့"

"ကိုသီဟ,က၊ တကယ့်လူကြမ်းကြီး၊မဟု တာကို၊ သူ့ရည်းစားတွေ၊ သိပ်မသိကြဘူးထင်တ နော်"

မြသီတာ၏ ထင်မြင်ချက်ပေး ၊ အမေးစကား။

ဒေါက်တာ ဟန်စိန်က ..

"လူ ဆိုတာက၊ အတွင်း စိတ်ကို၊ မပြော မကြုံဘဲ, သိမြင်တတ်ကြဖို့ ၊ ဉာဏ်နည်းတတ်ကြ တယ်လေ"

"ဟုတ်မယ်။ ကျွန်မ,တောင်။ကိုယ်တိုင်ကြုံဘူးတယ်ဆိုပေမဲ့ ဆရာပြောပြမှ၊ ပြည့်ပြည့်စုံစုံ၊ ခန့်မှန်းနိုင်တာလေ"ဟု၊ မြသီတာ





၏။ဒေါက်တာ ဟန်စိန်က ..

"အခုတောင်၊ မြသီတာ ပြန်ပေးမယ့်ဆွဲကြိုး လေးကို၊ သူ .. မယူတော့ဘူး ၊ ပြောသေးတာ။

မဟုတ်ဘူး၊ အခု ကားနဲ့တိုးမိမလိုဖြစ်တဲ့, ကောင်မ, လေးက ၊ ဟိုတုန်းက၊ လှိုင်သာယာမှာ၊ စက်ဘီးအတိုက်ခံရတုန်းက ၊ သတိလစ်သွားတဲ့ ၊ ကောင်မ,လေးပဲ .. လို့၊ ရှင်းပြတော့မှ။ သူ .., တော်တော် အံ့ဩသွားပြီး၊ လာခဲ့မယ်လုပ်တာ"

"ကျွန်မ,ကိုသီဟ,ဆီကို ၊ ဖုန်းဆက်သေး တယ်။ ဖုန်းဝင်တယ်။ မကိုင်ဘူး"

"မသိတဲ့ဖုန်းနံပါတ်ဆို၊ မကိုင်ဘူးလေ။အဲဒါတော့၊ ဘာ, ဆိုင်မှန်း၊ မသိပါဘူး"ဟု၊ ဒေါက်တာ ဟန်စိန်ပြော၏။ရယ်မော ကြရင်း၊ သီဟ,၏ ကား၊ လမ်း၏တစ်ဖက်တွင်၊ နေရာဝင်နေသည်ကို၊ မင်းဆိုင် အပေါ်ထပ်မှ၊ လှမ်းမြင်လိုက်ကြ၏။

+

"မင်းအကြောင်းတွေ၊ ပြောပြနေတာ" .. ဟု၊ ဒေါက်တာ ဟန်စိန်က၊ သီဟ,ကိုပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကောင်းတာသိပ်ပါမယ်မထင်ဘူး"ဟု၊ ရယ်လျ... ပြန်ပြောသည်။ "ပါ ပါတယ်"ဟု၊ မြသီတာ၊ ပြော၏။ "... ...နဲ့က . . စည်ဘီအတိုက်ခံရတဲ့ကောင်မ,လေး မြသီတာ" . . ဟု၊ ဒေါက်... တန်စိန်ပြောပြ၏။

သီဟ,က၊ မြသီတာကို၊ ကြည့်သည်။ မြသီတာက၊ ပြုံး... နေသည်။"တော်တော်ထူးဆန်းတာပဲ"ဟု၊ သီဟ,ပြော၏။"နေ... ပေါ့"ဟု၊ ဒေါက်တာ၊ ဟန်စိန်ပြောသည်။မြသီတာက . .

"အစ်ကိုကို၊ ညီမ, ကန်တော့ပါရစေ"

သီဟ,က . .

"မကန်တော့လို့၊ မရဘူးလား"

"ဟင့်အင်း။ မရဘူး"

ပြောပြီး မြသီတာက၊ ကြမ်းပြင်ပေါ်တွင်၊ ဒူးထောက်လျ... လက်အုပ်ချီ၏။ "သီဟ။ မငြင်းနဲ့။ငါလည်း၊ အကန်တော့ခံပြီးပြီ"... ဒေါက်တာ၊ ဟန်စိန် လှမ်းပြောသည်။မြသီတာ၊ ကန်တော့သည်...

"သီဟ။ ဆု ပေးလိုက်လေကွာ"

"ဘာ ဆုပေးရမှာလဲ။ ငါ, တစ်ခါမှ၊ အကန်... တော့ခံဖူးတာမဟုတ်ဘူး"





သီဟ,က၊ ဘေးဘီကို ၊ ကြည့်ကာ ၊ ပြော၏။ ဒေါက်တာ...

"မင်းရင်ထဲမှာ၊ ဖြစ်စေချင်တာ၊ ပြောလိုက်ပေါ့ကွ"

သီဟ,က၊ မြသီတာကို၊ အသေအချာ၊ ကြည့်သည်။ပြီးမှ,

"ဘယ်သူ့ကိုမှ၊ အားမကိုးရတဲ့၊ ကိုယ်ပိုင်, အရည်အချင်းရှိတဲ့၊ မြင့်မြတ်တဲ့, မိန်းကလေးဖြစ်ပါစေ"

"စိတ်ချပါ အစ်ကို။ကျွန်မ, ကြိုးစားပါ့မယ်။ ဒီ,ဆုတောင်းစကားအတွက်လည်း၊ကျေးဇူး အများကြီးတင်ပါတယ်"

ပြောပြီး၊ မြသီတာက၊ နေရာတွင်၊ ပြန်ထိုင်သည်။သီဟ,က၊

"အစ်ကို၊ တွေ့ဖူးတဲ့ ၊ မိန်းကလေးတွေက၊ ကိုယ့်ကိုယ်ကို၊ အားမကိုးချင်တဲ့ ၊ မိန်းကလေးတွေ ဖြစ်နေတယ်။ အဲဒါကြောင့်၊ အခု လို၊ ဆုတောင်း ပေးမိတာ။ မနာယူတတ်ရင်၊ စိတ်တောင်၊ ဆိုးသွား နိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ့ စိတ်ဆိုးစရာမှ မဟုတ်တာ။ ခံယူရမယ့် စကားပါ"ဟု မြသီတာ ပြောသည်။ "လိမ္မာတယ်"ဟု သီဟ ပြော၏။

"ရော့။ အစ်ကို့ ဆွဲကြိုးလေး"

"ပြန်မယူချင်တော့ဘူး။ အဲဒါ ယူဖို့ လာတာ မဟုတ်ဘူး။

ငယ်ငယ်တုန်းက၊ ကူညီခဲ့တဲ့ကောင်မလေး က၊ အခု ကူညီခဲ့တဲ့၊ မြသီတာ ဖြစ်နေတာကို၊ အံ့ဩ လို့၊ လာတွေ့တာ။

ဒီ ဆွဲကြိုးလေး ပြန်မတွေ့တော့တဲ့ကိစ္စ မေ့ ထားပြီးပြီ"

"ဒါ . . . အစ်ကို့ ပစ္စည်းပဲလေ။ ကျွန်မက ပိုင်ရှင်မသိလို့၊ သိမ်းထားခဲ့တာ"

"မြသီတာပဲ ယူထားလိုက်ပါလား"

"ဟင့်အင်း ။ ကျွန်မ ယူထားချင်မှတော့ ပိုင်ရှင်ဆီကို၊ ဘယ်လာပါ့မလဲ"

သီဟက၊ ထမင်းစားပွဲ၏၊ မျက်နှာပြင်ကို၊ စိုက်ကြည့်သည် ပြီးမှ . . .





"ဆက်ပြီး သိမ်းထားပေးပါ . . လို့ အစ်ကို က၊ အကူအညီ တောင်းရင်ရော။ သိမ်းထားပေး နိုင်မလား"

"တာဝန်မကြီးပေမဲ့ ၊ ပစ္စည်းက ၊ တန်ဘိုး ကြီးနေတယ်လေ"

"တန်ဘိုးကြီးပစ္စည်းဆိုတာ၊ လုံခြုံတဲ့နေရာ မှာ၊ သိမ်းထားရတယ်။ မြသီတာ ဆီမှာ၊ သိမ်းထား ရင်၊ လုံခြုံမယ် . . လို့ အစ်ကိုထင်ပါတယ်။ အကူ အညီ တောင်းတာပါ"

နီနီဦးက . .

"နင်က . . ၊ အသိမ်းအဆည်းတော်တာပဲ။ သိမ်းထားပေးလိုက်ပါဟ"

မြသီတာက၊ ဆွဲကြိုးလေးကို၊ ဖွဖွကိုင်ကာ . .

"အခု၊ ထမင်းဝိုင်းကို၊ ကျွန်မ ရှင်းပေးရမယ် ဆိုရင်၊ သိမ်းပေးမယ်"

နီနီဦးက၊ မြသီတာကို၊ အံ့ဩစွာ၊ ကြည့်သည်။ "ဒီ . . ထမင်းဆိုင်မှာ ၊ စောင့်နေပေးဖို့ ၊ အစ်ကို ၊ ချိန်းတာလေ" . . ဟု၊

www.burmeseclassic.com



သီဟ,ပြောကြည့်သည်။မြသီတာက၊ ဆွဲကြိုးလေးကို၊ လှမ်းပေးလျှင်

"သဘောမတူရင်၊ ပြန်ယူတော့"

သီဟ,လက်ကာ၏။ ပြီးမှ ၊ ဒေါက်တာ ဟန်စိန်ဘက်သို့ လှည့်ကာ . .

"မင်း, ငါ့အကြောင်းတွေ။အကုန်ပြောထားတာလား"

ဒေါက်တာ ဟန်စိန်က . .

"အေး။ အကျင့်စုံစရိုက်စုံ၊ အကုန်ပြောပြထားတယ်"

"သြော် . . ။ ဒါကြောင့်ဖြစ်မယ်။ ငါ . . တည်ခင်းတဲ့ ၊ ထမင်းဝိုင်းကို၊ သူ , သွယ်ဝိုက်ပြီး ငြင်းပယ်တာ"

မြသီတာက၊ ဆွဲကြိုးလေးကို၊ လွယ်အိပ်ထဲသို့ထည့်ပြီး . .

"မာနနဲ့ငြင်းပယ်တာ၊ မဟုတ်ပါဘူးအစ်ကို ကိုယ်ချင်းစာတာပါ။

ကျွန်မ . . , ရည်စားတစ်ယောက်၊ထားဖူးတယ်။ ဘာလုပ်လုပ် ဘယ်သွားသွား။





ကျွန်မ,ပဲ၊ ပိုက်ဆံထုတ်ရတယ်။ ငါ့ကိုချစ်ရင်၊ နင်, အကုန်အကျခံ . . ဆိုတဲ့၊ ပုံစံဖြစ်နေလို့၊ ကျွန်မ, ဖြတ်ပစ်လိုက်တယ်။

ရုပ်ရည်က,တော့၊ ချောပါတယ်။စိတ်ဓာတ်, နိမ့်ကျတယ်လို့၊ ယူဆ,ပြီး၊ အဆက်ဖြတ်လိုက်တာ။

ယောကျာ်းလေးက ၊ ဦးဆောင်ပါ . . လို့ ၊ မဆိုလိုဘူး ။ မိန်းမသားအပေါ်၊ မျှော်ကိုးတာကို၊ ရွံတယ်။ ပြီးတော့၊မိန်းခလေးက,လည်း၊ ယောကျာ်းလေး အပေါ်၊ မျှော်ကိုးတတ်တာကိုလည်း၊ မကြိုက်ဘူး။

ကိုယ်ချင်းစာ စိတ်နဲ့၊ ကိုယ့်ကျေးဇူးရှင်တွေကို၊ ထမင်းကျွေးတာပါ။ တစ်မျိုးမထင်ပါနဲ့"

"ဝင်ငွေ ရှိလို့လား"ဟု၊ သီဟ,မေး၏။အဖေ့ အထောက်အပံ့နဲ့၊ ကျောင်းတက်နေရတာ။ မုန့်ဖိုးတော့ရှိတာပေါ့။အမေ့အိမ်မှာ၊ လာနေပြီး၊ ကျောင်းတက်တာလေ။အိမ်မှာတော့၊ မနေချင်ဘူး။ အဖေ့ နှောက်အိမ်ထောင်နဲ့၊ တစ်အိမ်တည်းနေရတာ၊ စိတ်ထဲမှာ၊ တစ်မျိုးကြီးပဲ။မပျော်ဘူး"ဟု၊ မြသီတာ၊ ပြုံးပျက်,



www.burmeseclassic.com

www.burmeseclassic.com



ပြောပြနေသည်။ သီဟ,က၊ စိတ်မကောင်းစွာ၊ နားစိုက်ထောင်

"ကျွန်မ , အိပ်နေရင်း ၊ သေရင်၊ အ

ဆွဲကြိုးလေးက ၊ ကျွန်မ ခေါင်းအုံး အောက်

ရှိမယ် ။ သွားရင်း, လာရင်း၊ သေရင်၊ ကျွန်

လက်ကိုင်အိပ်၊ ဒါမှ, မဟုတ် ၊ လွယ်အိပ်ထဲ

ရှိမယ်။ အဲဒါတော့မှတ်ထားနော်။

နှလုံးအားနည်းတတ်တော့၊ အထိတ်တ

ဆိုရင်၊ သတိက၊လစ်သွားတာ။သိမ်းထားပေး

ပြန်ယူဖို့တော့၊ မမေ့နဲ့နော်"

သီဟ,က၊ ပြုံးလျက်ခေါင်းညိတ်၏။ မြသီတာကို၊စူးစိုက်

မကြည့်မိအောင်၊ နေရသည်။





သီဟ, ကားဖြင့်လိုက်ပို့ ပေးမည်ကို၊ မြသီတာ၊ လက်မခံ။

နှင့်အတူ၊ ဘတ်(စ)ကားဖြင့်ပြန်ခဲ့သည်။နီနီဦးက . . ,

"နင့်ကို၊ ကိုသီဟ,က . . ၊ လေးလေးစားစား

ကြည့်နေတာဟ။ငါ,သတိထားမိတယ်"

"ငါက,လည်း၊ ယောကျ်ားပီသ,တဲ့သူ . . လို့ တွေးပြီး၊ သူ့ကို

ဖြစ်ပါတယ်။အားရင် . . , မိန်းကလေးတစ်ယောက်၊ မျက်စိ

အောင်၊ ဘယ်လိုဝတ်လိုက်မယ်။ဘယ်လို သုံးဖြုန်းပြလိုက်မယ်

အမူအကျင့်ကိုလည်း၊ ကိုသီဟ,ဆီမှာ၊ ငါ,မတွေ့ဘူး။ အချိန်

ကြုံသလို ဝတ်ဆင်လာတာ၊ငါ,သတိထားမိတယ်။ရိုးရိုးလေး

ရရင်၊ ဖော်ရွှီးမလုပ်ဘူးပေါ့ဟာ"ဟု၊ မြသီတာ၊ ပြောပြ၏။

"ဒါနဲ့များတောင်ဟယ် . . ။ကားနဲ့လိုက်ပို့ပေး

မယ်ဆိုတာကို၊ နင် . . အားမနာပါးမနာ၊ ငြင်းခဲ့

တယ်နော်။ ဘာလဲ . , ။ မာန ပြချင်လို့လား"

မြသီတာက၊ လမ်းလျှောက်ရင်း၊နီနီဦးကို၊ ကြည့်ကာ . .

"ကားလှလှလေးက၊ ဖိတ်ခေါ်တိုင်း . . .

ဆွေ့ကနဲ၊ တက်ပစ်လိုက်တဲ့အထဲမှာ၊ ငါ,မပါဘူး။



www.burmeseclassic.com

အဲဒါ,မာန မဟုတ်ဘူး။ အဲဒါ . . တန်ဘိုး

ကိုသိဟ,ကိုရော၊ ဒေါက်တာ့ကိုရော၊ငါ,ခ်တယ်

လေးလည်း လေးစားတယ်။ကိုသိဟ, ဘယ်လိုပဲ

နေထိုင်ခဲ့နေထိုင်ခဲ့၊ ငါ,အခင်မပျက်ဘူး၊လေးစားနိုင်

မလျှော့ဘူး။နှစ်ယောက်ယှဉ်လိုက်ရင်တောင်၊ကိုသိ

အပေါ်၊ငါ့လေးစားမှုက၊ ပိုပါတယ်။ကျေးဇူးက

လည်း၊ နှစ်ခါ တင်ရတာကိုး။

အဲဒါက, တစ်ပိုင်း၊ ငါ့ တန်ဘိုးက, တစ်ပိုင်း

ရွယ်တူ သူငယ်ချင်းလည်း၊ မဟုတ်။ သွေးသားရင်း

ချာ၊ အစ်ကိုမောင်လည်း၊ မဟုတ်ဘဲ၊ ခင်ရုံသ

သက်နဲ့တော့။ဘယ်သူ့ကားပေါ်မှ၊ တက်မထိုင်ချင်

ဘူး။အဲဒီ့အတွက်၊ ကျေးဇူးလည်း၊ မတင်ချင်ဘူး"

"ကြီးကျယ်တယ်ထင်သွားမှာပေါ့"

"ခြေလှမ်းလေးတစ်လှမ်း၊ အကြည့်လေးတ

ကြည့်လောက်ကို၊ သတိနဲ့ ဆင်ခြင်ထားတာကို

မိန်းတလေးတစ်ယောက်အတွက်၊ အကြီးကျယ်ဆုံး

တန်ဘိုးပဲ"





"နင့်အမေ၊ သင်ထားတာလား" . . ဟု၊ နီနီဦး မေး၏။

တာက၊ ခေါင်းညိတ်ပြကာ . .

"ငါ,အရွယ်ရောက်စ,မှာ၊ အမေဆုံးတာလေ။ မဆုံးခင်၊ ပြောဆိုသွန်သင်နေတုန်းက, တော့။ ဘာတွေ ပြောမှန်း၊ မသိဘူး လို့၊ ထင်ခဲ့တာပေါ့ ဟာ။

အမေ မရှိတော့မှ၊ မရှိမဲ့ရှိမဲ့၊ ဆုံးမ, စကားလေးတွေရယ်၊ ခေတ်ကာလ, အခြေအနေရယ့်ကို၊ နှိုင်းပြီး၊ ဆင်ခြင် စဉ်းစားကြည့်လိုက်တော့မှ၊ လိုက်နာရမယ့်၊ စည်းကမ်းတွေပါလား . . လို့၊ သိလိုက်တာ။အမေရှိသေးရင်၊ ဒီ့ထက်ပိုသိရမှာပေါ့ဟာ"

ပြုံးလျက်၊ မျက်ရည်ဝဲ့ကာ၊ ပြောလေသည်။

"ငါ့အမေက,တော့၊ အဲဒါတွေ၊ မပြောဘူး။ ပညာတတ်မှ ၊ လူရာဝင်မယ် ၊ ဒါပဲ ပြောတယ်။ ပညာမတတ်ရင် ၊ လင်ကောင်းသားကောင်းတောင်၊ မရနိုင်ဘူး . . တဲ့။ အဲဒါပြောတယ်။ပညာတတ်ပြီး၊ လင်ဆိုးတွေနဲ့တွေ့နေကြတာကျတော့ရော . . လို့၊ ငါ,ပြန်မေးမိတော့၊ ခေါင်းခေါက်တယ်"

www.burmeseclassic.com



“ဒါက,တော့ ။ မိဘ,က၊ သူသိသလော

ဆုံးမ,တာပဲ။ချွင်းချက်မရှိအောင်၊ ကြိုးစားရမှာ

ကိုယ့်ရဲ့,ကိုယ်ပိုင်ဉာဏ်ပဲ။

ငါ့,အမေ ။ ဆုံခါနီးတုန်းက ၊ ငါ့အမော

ကိုမြခက်၊ ရှင့်ကို၊ ကျွန်မ, အားကိုးတယ်နော် . .

တတွတ်တွတ်ပြောသွားတာ။

ငါက ၊ ဉာဏ်မမှီခဲ့တော့ ။ အမေ ဘာ

အားကိုးတယ်ပြောမှန်း၊ မသိခဲ့ဘူး။အဖေ, နော

အိမ်ထောင်ပြုတော့မှ။

သြော် . . ။ အမေ, ပြောတဲ့၊ အားကိုးစ

က၊ သမီးဖြစ်တဲ့, ငါ့ကို၊ စောင့်ရှောက်ဖို့ ၊ သူ

ခင်ပွန်းတိုသာ၊ အားထားပါတယ်ဆိုတဲ့၊အကြော

သွယ်သွယ်ဝိုက်ဝိုက်မှာခဲ့တာထင်ပါရဲ့ လို့၊ တွေး

တာ။ဉာဏ်ကူပြီး၊ တွေးရတာပေ့ါ။

ပညာဆိုတာ၊ က,ကြီး ခ,ခွေး၊ အ,ဘီ,စီ

တစ်,နှစ်,သုံး,လေး, . . မဟုတ်ဘူး။ အဲဒါတွေ

သင်အံကျက်မှတ်ပြီး . . ၊ လေ့ကျင့်စည်းပူးရာ





ထွက်ပေါ်လာတဲ့ . . ဉာဏ်စွမ်း,ဉာဏ်စ,ကို၊ ခေါ်တာ။သင်ထားတဲ့ပညာတွေတော့တတ်ပါရဲ့။ဒါ . . ၊ သမာအာဇီဝ,နဲ့၊ ကြီးပွားနေသူလား၊ မိစ္ဆာဇီဝ,နဲ့၊ ကြီးပွားနေတဲ့သူလား။ ကင်းပါးကို၊ လုံခြုံတဲ့သူလား၊ လုံချင်ယောင် ဆောင်ထားတဲ့သူလား ဆိုတာတွေကို၊ သုံးသတ်တတ်တဲ့, ဉာဏ်ပညာမရှိဘဲ၊ အမြင်လေးနဲ့၊ လက်ခံ, လက်တွဲခဲ့ကြတော့ ။ တတ်ထား သင်ထားတဲ့၊ ပညာဆိုတာတွေပါ ၊ အသုံးမတည့် သလိုလို၊ ဖြစ်ကုန်ကြတာပေ့ါ”

“တော်တန်ရုံနဲ့၊ ခန့်မှန်းဖို့က၊ မလွယ်ဘူးလေဟာ” . . ဟု၊ ပြော၏။ မြသီတာက၊ လွယ်အိတ်ကို၊ ရင်တွင်ပိုက်လျက်,

“သူတစ်ပါး၊ သီလ,မြဲမမြဲသိချင်ရင်၊ ကိုယ်, ကိုယ်တိုင် သီလ,မြဲအောင်နေ။သူတစ်ပါး ၊ကောင်း, မကောင်း သိချင်ရင်၊ ကိုယ်, ကိုယ်တိုင်၊ ကောင်း အောင်နေ။

ကိုယ်က,လည်း၊ အမည်း။ သူများက,လည်း၊ အမည်း ဆိုရင် . . ၊ အဖြူရောင်ကို၊ ဘယ်လိုလုပ်၊



www.burmeseclassic.com

www.burmeseclassic.com



ရှာတွေ့မှာလဲ။ သူများ ဘယ်လောက်မည်း
သိချင်ရင် . . ၊ ကိုယ်က ၊ အဖြူရောင်ကိုဝတ်
တယ်။

တချို့များ၊ လိုချင်လိုက်တာမှ၊ အ
စား။ရှာနေလိုက်တာလည်း၊လောဘ, အပြ
ကြီးနဲ့။တွေ့တော့တွေ့ပါရဲ့။မခိုင်မြဲတဲ့၊ အ
စားလေး ၊ ဖြစ်နေတယ်။ ဟန်ဆောင်ထား
အရောင်တင်လေးဖြစ်နေတယ်။

အဲဒါ . . ဘာဖြစ်တာလဲ၊ ဆိုတော့။စာ
ပြီး၊ ပညာဉာဏ် နည်းလို့ဖြစ်တာ ။ လော
ရှေ့က၊ ကွယ်ထားတော့။ ပညာဉာဏ်က၊ အ
အနေမှန်ကို၊ ဘယ်မြင်ရတော့မလဲ"

"လောဘ,မရှိဘဲ၊ ဘယ်လိုလုပ်၊ ရှာဖွေ စား
နိုင်မှာလဲ" ဟု၊ နီနီဦးက၊ ဇဝေဇဝါ မေး၏။ မြသီတာက,

"မုန့်ဟင်းခါးတစ်ပွဲကို ၊ နှစ်ရာရောင်
ငါးဆယ်မြတ်မယ် . . ဆိုပါတော့။ တစ်ရာ
အောင်၊ ဘယ်လိုရောင်းမလဲ"





နီနီဦးက . .

"နှစ်ရာ့ငါးဆယ်နဲ့၊ ရောင်းမှာပေါ့"

"အေး။ အဲဒါ လောဘ,ပဲ"

"အန်"

"နှစ်ရာနဲ့၊ ရောင်းလို့ ၊ ငါးဆယ်မြတ်တာ။
တစ်ရာမြတ်ချင်ရင်၊ နှစ်ပွဲရောင်းပေါ့။

တစ်ပွဲတည်းရောင်းပြီး၊ တစ်ရာမြတ်ချင်တာ
က၊ လောဘ။ ဝိသမ,လောဘ။

နှစ်ပွဲရောင်းမယ်။ တစ်ပွဲငါးဆယ်နှုန်းနဲ့,
တစ်ရာမြတ်အောင်၊ နှစ်ပွဲရောင်းမယ်။ အဲဒါ . . ,
သမာအာဇီဝ။ လောဘ,မဟုတ်ဘူး။

လောဘ,မရှိဘဲ၊ ရှင်သန်လို့၊ ရမရ။ နင့်ဘာ
သာ၊ စဉ်းစား"

"မြန် မြန်၊ မချမ်းသာဘူးပေါ့"ဟု၊ နီနီဦး စကားကွန့်၏။

မြသီတာက . .

"တစ်ပွဲကို၊ နှစ်ရာ့ ငါးဆယ်နဲ့ . . ရောင်း
နင်ပြောသလို၊မြန်မြန် ချမ်းသာချင်၊ချမ်းသာမယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့၊ အဲဒီချမ်းသာမှုက၊ လောဘ, မကင်း
မစင်ကြယ်ဘူး။

မစင်ကြယ်တဲ့ ချမ်းသာမှုဟာ၊ ရေရှည်
ဘူး။ ရေရှည်ခံပါတယ်ဆိုလည်း၊ မငြိမ်းချမ်း
ဥပမာ . . ။ ဆေးဖိုးပြန်ကုန်တာတို့။ သူခိုး
ခံရတာတို့။ အနိုင်ကျင့်, အလုအယက်ခံရတာ
မီးထဲပါသွားတာတို့၊ ကြုံရတတ်တယ်"

"ဟုတ်လို့လား"

"မယုံလို့၊ မဟုတ်တာလုပ်ပြီး၊ စမ်းသင်
တယ်ဆိုရင်၊ ဟုတ်ပါလား . . လို့၊ သိတဲ့အချိန်
နောက်ကျသွားလိမ့်မယ်"

"နင် . . ဘယ်လိုလုပ်၊ သိလဲဟင်။
က၊ ဆရာတွေ၊ အဲဒါ,မသင်ပါဘူး"

"ငါ့အမေက ၊ မုန့်ဟင်းခါး ရောင်းတယ် ။ရောင်းရင်
မုန့်ဟင်းခါး ၊ ကောင်းကောင်း ရောင်းနည်း၊ သင်ထားတယ်လေ"
ဟုမြသီတာထက်ယူဟန်ဖြင့်ပြောသည်။

ပြီးနောက် . .





"ခုနက၊ ထမင်းဘိုး၊ ဘယ်က, ငွေနဲ့ ၊ ရှင်း
လိုက်တယ်ထင်သလဲ"

နီနီဦး ခေါင်းခါ၏။မြသီတာက . . ,

"နောက်ဆုံလ,အတွက်ပေးရမယ့်၊ ကျူရှင်
လ,ခ"

"ဟင်၊ ဒါဆိုနင် လ,ခ ဘာနဲ့ပေးမလဲ"

"ငါ, မတက်တော့ဘူးပေါ့။ စာမေးပွဲကိုဒီ,
အတိုင်းဖြေမှာပေါ့"

"အဲဒီ လောက်တောင် ၊ မလိုပါဘူး . . . ,
မြသီတာရယ်။ ကိုသီဟ,သာသိရင်၊ စိတ်ကောင်း
မှာ၊ မဟုတ်ဘူး"

မြသီတာက၊ လက်ကာပြီး . .

"လူတချို့ ၊ သုံးနေကြတဲ့ ၊ စကားဆန်း
တစ်မျိုးရှိတယ်။ ကျူတယ် . . တဲ့။မူတယ် . . တဲ့။
ပြီးတော့၊ ချူတယ် . . တဲ့။

အဲဒီသုံးမျိုးစလုံး ၊ ငါ . . . မကြားချင်ဘူး။
ဘယ်မိန်းကလေးကိုမှ၊ အဲဒီ . . . အခေါ်အဝေါ်



www.burmeseclassic.com

www.burmeseclassic.com



အသုံးအနှုန်းမျိုးနဲ့၊ ထင်နေမြင်နေတာ၊ မခံနိုင်

အဲဒါကြောင့်၊ ကျေးဇူးရှင်ကို၊ ကျေး

အနေနဲ့ရော ..။ မိန်းကလေး တစ်ယောက်

တန်ဘိုးကို၊ စောင့်ထိန်းတဲ့အနေနဲ့ရော ..၊

ငွေနဲ့၊ ထမင်းဘိုးရှင်းခဲ့တာ။

အဲဒါ,မာနမဟုတ်ဘူးနီနီဦး။အဲဒါ,တန်

တချို့, မိန်းကလေးတွေ ..၊ အလိုလိုက်အကြ

ဆောင်တဲ့သူကို ၊ သိပ်မက်မောတယ် ။ တမင်

ရှာနေကြတာ။ တစ်ခုခုလိုချင်တဲ့သူက၊ တစ်

ပေးနေမှာပဲဆိုတာ၊ ထည့်မတွက်ကြဘူး။

ကိုသီဟ, တွေ့ဘူးခဲ့တဲ့၊ မိန်းကလေးတွေ

အဲဒါမျိုးတွေ ..။ ကိုသီဟ,ကိုရော ..၊ တခြ

သူတွေကိုရော ..၊ မိန်းမသားတိုင်း၊ အဲဒါမျိုး

မဟုတ်ဘူးဆိုတာ၊ သိစေချင်တယ်။ ကြုံရင်၊ ပြော

ချင်တယ်။

မိန်းမသားဆိုတာ၊ အားနွဲ့တယ်။ အား

ချင်တယ်။ ဒါပေမဲ့ ..၊ တွေ့တဲ့သူတိုင်းအပေါ်





အားကိုးချင်တာမျိုးမဟုတ်ဘူး။

ချစ်တဲ့သူအပေါ်မှာပဲ ၊ အားကိုးချင်တာ ။ ချစ်တဲ့သူရဲ့, တိုးတက်ထွန်းကားမှု အပေါ်မှာပဲ ၊ ဂုဏ်ယူချင်တာ။ နောက်ဆုံး၊ ငါချစ်သူက၊ ဘယ်လို ဘယ်ပုံဆိုပြီး၊ ကြွားဝါချင်ကြတာ။ဒါပဲ။

တွေ့တဲ့သူတိုင်းအပေါ် အားကိုးဖို့ရှေးကွက် ရှာသလိုရှာနေတတ်ကြတဲ့အထဲမှာ၊ ငါတို့, နင်တို့ လို၊ မိန်းကလေးတွေမပါဘူးဆိုတာ၊ ကွဲကွဲပြားပြား, ခွဲခွဲခြားခြားလေး ၊သိစေချင်တယ်"

"ကိုသီဟ,က ၊ နင့်ကို ၊ လေးလေးစားစား ဆက်ဆံတာပါဟ ။ ဘယ်လိုမှ ၊ သတ်မှတ်မှာ ၊ မဟုတ်ပါဘူး"

"ဒေါက်တာ ပြောပြတဲ့၊ ကိုသီဟ, စရိုက် လက္ခဏာတွေအရ ၊ မိန်းလေးတွေကို ၊ အားကိုး ရှာနေကြသူတွေ ..လို့၊ ထင်နေနိုင်တယ်လေ။

ငါ .., လေးစားရတဲ့၊ ငါ့အစ်ကိုကြီးအရွယ်၊ အမျိုးသားတစ်ယောက်က၊ တစ်လောက,လုံးကို၊သူ,



www.burmeseclassic.com

www.burmeseclassic.com



ထင်ချင်သလို၊ ထင်နေတာကို၊ ငါ, မလိုလားဘူး

ကိုသီဟ,သာ၊ငါ့အစ်ကို တစ်ယောက်ဆိုရင်

ငါ, အခု၊ အိမ်ပြန်လာဖြစ်မှာ၊ မဟုတ်သေးဘူး

နင့်ကို၊ ပြောပြနေတာတွေ၊ သူ့ကို၊ပြောပြ

ချင်သေးတာ"

"သံယောဇဉ်၊ ကြီးသွားတယ်ပေါ့" . . ဟု၊ နီနီဦး၊ ကျီစယ်

စကားဆို၏။ မြသီတာက . .

"သူငယ်ချင်း ၊ အချင်းချင်း . . မို့၊ ပွင့်ပွင့်

လင်းလင်းပြောပြမယ်။

ငယ်ငယ်က၊ ငါ့ကို၊ ကူညီခဲ့တဲ့သူဟာ။ အနေ

ထပ်ပြီး၊ အကူအညီပေးတဲ့၊ ကိုသီဟ,ပဲ . . ဆိုတာ

သိလိုက်ရတာ။ ငါ့ရင်ထဲမှာ၊ တစ်ခါမှ၊ မခံစားဘူး

တဲ့၊ အပျော်မျိုး၊ဖြစ်သွားတာ။

သူ့ကို၊ ထမင်းဆိုင်မှာ၊တွေ့လိုက်ရတဲ့၊ အခိုက်

မှာလည်း၊ ပျောက်သွားတဲ့ပစ္စည်းကို၊ ပြန်တွေ့လိုက်

ရသလိုမျိုး၊ခံစားရတယ်။တတ်နိုင်ရင်၊ ငေးပြီးတော့

ကို၊ ကြည့်နေချင်တာ"





"မစ္စည်းပျောက်တာ ၊ ကိုသီဟ,ပါဟယ်"

"အေး။ ပျောက်တဲ့သူက၊ သူ့ပစ္စည်းကို၊ ပြန်တွေ့တာ၊ဝမ်းပမ်းတစ်သား၊မဖြစ်ပေမဲ့၊ ငါက, ဖြစ်နေတာ။နှစ်အကြာကြီး၊ ခွဲနေရတဲ့သူကို၊ ပြန်တွေ့ရသလိုမျိုး။ ပြီးတော့၊ ကိုသီဟ,နဲ့၊ စကားပြောနေရရင်ကို၊ စိတ်ထဲမှာ၊ ကြည်နူးနေမိတယ်။တစ်ခါမှ၊ အဲဒီလို၊ မဖြစ်ဖူးဘူး"

"တကယ်" . . ဟု၊ နီနီဦး၊ မေး၏။မြသီတာ၊ ခေါင်းညိတ်သည်။"သိန်းမြင့်ဇော် သိရင်၊ နင့်ကို၊ နောက်နေဦးမယ်"ဟု၊ နီနီဦး ပြော၏။

"ခံစားမှု၊ အစစ်အမှန်ဆိုတာ၊နောက်ပြောင်ကောင်းတဲ့အရာမဟုတ်ဘူး"

"ငါ . . ,မနောက်ဘူးနော်။အံ့သြသလိုပဲဖြစ်တာ"

"မအံ့သြပါနဲ့။ ခင်တွယ်တဲ့စိတ်က ၊ သတ်သတ်။ တန်ဘိုး၊ စောင့်ထိန်းရမယ့်၊ အနေအထိုင်၊ စောင့်ဆည်းခြင်းက၊ သတ်သတ်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတွေ . . ၊ အားလုံး . . ၊ မိမိတို့ စောင့်စည်း၊ ထိန်းသိမ်း ထားတဲ့၊ အနေ ၊ အထိုင် ဣန္ဒြေ သိက္ခာများကို၊ လွှတ်လပ်ခေတ်မှီစွာ၊လွှင့်ပစ် လိုက်ကြပါ . . ဆိုရင်၊ပြောချင်သလို ပြောလို့ရပြီ ဝတ်ချင်သလို၊ ဝတ်လို့ ရ,ပြီ . . ဆိုပြီး၊ မြွေအရေ ခွံခွာသလို၊ ပျော်ပျော်ပါးပါးကြီး၊ ခွာချကြမယ့် အထဲမှာ၊ ငါ့, မပါဘူး။

ဟိုး တစ်လောက၊ နိုင်ငံရပ်ခြားမှာ၊ လုပ်တဲ့ စတိတ်ရှိုး တစ်ခုမှာ . . ၊ မြန်မာအဆိုတော်ကြီး တစ်ယောက်က ၊ စင်ပေါ်က,နေ ၊ မိန်းကလေး တစ်ယောက်ကို၊ လှမ်းနောက်တယ်။ ကျွန်တော်က အမေရိကန်လို၊ နှုတ်ဆက်ချင်တာ . . တဲ့။

ကျီစယ်ခံရတဲ့၊ မိန်းကလေးက၊ မြန်မာလား နိုင်ငံခြားသူလားတော့၊ မသိဘူး ။ သူလည်း . . ဘယ်လိုမှ၊သဘောမထားဘူးလားမသိဘူး။ငါ့,က တော့၊မယဉ်ကျေးတဲ့စကားလုံး . . လို့၊ သတ်မှတ် ပစ်လိုက်တယ်။





အဲဒီ အဆိုတော်ကြီးက ၊ ငါ့,သိပ်ကြိုက်တဲ့၊ အဆိုတော်ကြီးပါ။ငါ့, နှစ်သက်တဲ့အဆိုတော်ကြီး က၊ မြန်မာ၊ မိန်းကလေးတစ်ယောက်ကို၊ အမေရိ ကန်လိုတောင်၊ နှုတ်ဆက်ချင်နေပါလား . . လို့၊ တွေးမိတာ၊ အသည်းထဲမှာ၊ နာတယ်။

ဒီစကားလေးများ . . လို့၊ ထင်နေ,မြင်နေ, ခွင့်လွှတ်နေ, ခွင့်ပြုနေကြပြီ . . ဆိုရင်တော့။ငါက၊ ကြားထဲက၊ ငထွားခါးနာတာပေါ့ပါ။

ကိုသီဟ,အပေါ်မှာလည်း၊ လေးစားရင်းစွဲ ရှိနေပြီမို့၊ မြန်မာမိန်းကလေးတွေ အပေါ်၊ အတွေး နဲ့တောင် ၊ အထင်မသေးစေချင်ဘူး ။ အထင်နဲ့ တောင်၊ လျှော့မတွက်စေချင်ဘူး။

ငါ့အမေမြန်မာ၊ငါ ၊ မြန်မာ။ နိုင်ငံခြားက၊ အဆိုတော်မပြောနဲ့၊ နတ်ပြည်က၊ နတ်သားလေး၊ ငါ့,ကို ၊ မွေးမွေးလာပေးမယ်ဆိုရင်တောင် ၊ ငါ့, ပါးရိုက်လိုက်မှာ။

အဲဒါကိုမှ၊ဒါလေးများ . . ဆိုပြီး သဘော



www.burmeseclassic.com

www.burmeseclassic.com



ကျနေကြသူတွေ . . ရှိနေကြတယ်ဆိုရင်တော့

အဲဒါ, သူတို့, သူတို့ရဲ့ မိသားစု၊ ကိစ္စ။ မိ

ဖလာ အစဉ်အလာ၊ ဘာသာ ယဉ်ကျေးမှု ကိစ္စ

မိဘ, အသိုင်းအဝိုင်းရဲ့၊ ကိစ္စ။ဆရာသမားတွေရဲ့

ကိစ္စ။သူတို့ရဲ့, ဝါသနာအရင်းခံ ကိစ္စပဲ။

မိန်းကလေးတစ်ယောက်ရဲ့, တန်ဘိုးဆိုတာ

ဘာမှန်းမသိဘဲ၊ စိန်ဝတ်ရမလိုလို၊ အလှပဲ ပြင်ပြ

မလိုလို၊ ပူရိသ, တိုင်းက၊ တန်းတန်းစွဲ၊ ဖြစ်နေ

ဘဝ,ကိုပဲ၊ ဟုတ်လှပြီ . . လို့၊ တွေးမှတ်ရတော့

လိုနဲ့ . . ။ ကြောင်တော်င်တောင်, ယောင်ဝါး

မိန်းကလေးထဲမှာ၊ နင်မပါစေနဲ့၊ နီနီဦး။ငါလည်း

ဘယ်တော့မှ၊ မပါစေရဘူး"

"အေးပါ"ဟု၊ နီနီဦး ပြော၏။ နားရှုတ်ထွေးသွားဟန်ရှ

သော၊ သူငယ်ချင်းဖြစ်သူကို၊ ငုံ့ကြည့်ကာ၊ မြသီတာ၊ သက်ပြင်းရှ

ချ၏။





"ပျောက်နေတဲ့, ပစ္စည်း ၊ ပြန်တွေ့လိုက်ရ

သလိုပဲ။ငါ့,စိတ်ထဲကြည်နူးနေမိတယ်"

သီဟ,စကားကြောင့်၊ ဒေါက်တာဟန်စိန်က၊ ပြုံးပြီး . .

"ကောင်မ,လေးက၊ မင်းကို၊ ရိုးရိုးသားသား၊လာကန်တော့တာနော်"

ဟုပြော၏။ သီဟ,က . .

"ငါက,လည်း၊ မင်းကို၊ ရိုးရိုးသားသား၊ ဝန်ခံ

ရင်ဖွင့်နေတာလေ"

"မင်း,ရင်ဖွင့်သံက၊ လွမ်းလွမ်းမောမော၊ ဖြစ်

နေသလိုကြီး"

သီဟ,သက်ပြင်းချကာ . . .

"လောက,မှာ၊ မရှိလောက်တော့ဘူး . . လို့၊

ထင်ခဲ့တဲ့အရာက၊ မရှာတော့မှ၊ တွေ့နေပြီ"

"ဘာတွေ့,တာလဲ"

"အချစ်ဦး,ရည်းစားဦးက၊ ငါ့,မကြွယ်ဝ,လို့၊

ပစ်ပယ်ခဲ့တယ်။လူတန်းစေ့လေးနေထိုင်ရပ်တည်

နိုင်တော့လည်း၊ တွေ့သမျှတွေက၊ အတွက်အချက်,



www.burmeseclassic.com

www.burmeseclassic.com



အကွက်အဆင်းတွေ . .။ ရောင်းပန်းလှအော
ခင်းကျင်းပြသ,ထားတဲ့၊ ဈေးကွက်စည်းပွားရေ
စီမံကိန်း၊ ဒေဝီတွေ။

တော်ပြီ . . လို့၊ဆုံးဖြစ်လိုက်တော့မှ၊ သူ
တန်ဘိုးနဲ့ . . သူ၊ အရောင် . . မှဲ့မှဲ့၊ အကွက် . .
ကင်းကင်း၊ အဆင်းသန့်သန့်လေးကို၊ ငါ့မြင်လို
ရတယ် ဟန်စိန်"

ဒေါက်တာ ဟန်စိန်က . .

"မင်း . .။ မြသီတာကို၊ ပြောနေတာလား"

သီဟ,မဖြေ။

"မင်းတွေ့ခဲ့ဘူးတဲ့၊ ပုံစံတွေ . . နဲ့၊ မတူ
မျက်စေ့ကျတာဖြစ်မှာပါကွာ။ပြီးတော့ . .၊အသ
အရွယ်လည်း၊ ကွာလွန်းပါတယ်။

ဟိုက . .၊ မင်းကို၊ ရိုရိုသေသေ၊ လေးလေ
စားစားနော်။ အကြည့်နဲ့တောင်၊ မပြစ်မှားမိရေ
အထင်ကြီးမှုကို၊ လူခပ်များများဆီက၊ ရနိုင်တယ်
ရိုသေလေးစားမှုကို၊ ရဖို့ဆိုတာ၊ မလွယ်ဘူး"





"အဲဒါ . . ငါ,တွေးမိပါတယ်။တစ်သက်လုံး
ဘယ်သူ . . မှ၊ ငါ့ကို . . ., လာ ကန်တော့ဖူးတာ
မဟုတ်ဘူး။

လာကန်တော့တဲ့မိန်းကလေးကို၊ ငါ, ပြစ်မှား
စရာ၊ မရှိပါဘူးကွာ။တန်ဘိုးထားစိတ်ဖြစ်တာပါ။

ဒါတွင် မက,ဘူး။တိုက်ဆိုင်လွန်းတဲ့၊ အဖြစ်
လေးကြောင့်လည်း၊ ရင်ထဲမှာ၊ ကြည်နူးနေမိတယ်။
ဆယ်ကျော်သက်လေးလိုပြောရရင်၊ ရင်ခုန်တယ်
ပေါ့ကွာ"

"ရင်ခုန်ကြည်နူးလွန်းလို့ ၊ သူ့အိမ်ရှေ့မှာ၊
ဂစ်တာ သွားတီး၊ သီးချင်းအော်ဆိုရမယ့် အရွယ်
မဟုတ်ဘူးဆိုတာတော့၊ မင်းကိုယ်မင်း၊ သိတယ်
မဟုတ်လား"

"သိလို့ ၊ တီးတိုး တိတ်တိတ် ၊ မင်းရှေ့မှာ၊
ရင်ဖွင့်တာပေါ့ကွ"

"ငါတို့ . . , အသက်ကြီးသွားပြီ သီဟ။
ငါဆိုရင် . . ၊ ငါ . . , အာရုံကို၊ လူနာတွေဆီမှာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ထားပစ်လိုက်တော့တယ်။မင်းလည်း . . ၊ မင်း့
အာရုံတွေကို၊ မင်း့အလုပ်ထဲမှာပဲ၊ ထားလိုက်
တော့လား"

သီဟ,က၊ ခေါင်းခါလျက် . .

"ချစ်ခြင်းမေတ္တာရဲ့၊အငွေ့အသက်ကို
ပြောချင်နေတာ ဟန်စိန်။ယောကျာ်းတစ်ယော
ရဲ့ အသွေးအသားထဲက၊ စိတ်ခံစားမှု အာရုံမျိုး
ငါ့ပြောနေတာမဟုတ်ဘူး"

ဒေါက်တာဟန်စိန်က၊ပြုံးမယောင်မျက်နှာပေးကိုပြင်
ပြောင်းလဲ လိုက်ပြီး . .

"လေးလေးနက်နက်ကြီးပါလား ။ သေ
ချာချာပြောပြစမ်းပါဦး။မင်း . . ပြောခဲ့ဖူးသ
ဘယ်သူက,ဘယ်လို၊ တပ်မက်တယ်။ ဘယ်သူ
ဘယ်လို ဝံ့ကြွားတယ်။ဘယ်သူက၊ဘယ်လို,ကော
ကျစ်တယ် ဆိုတာတွေခြည်းပဲ။

ယောကျာ်းတစ်ယောက်ရဲ့, စိတ်အာရုံထဲ
မှာ၊ အသွေးအသားစိတ်ကင်းတဲ့၊ ချစ်ခြင်းမေတ္တာ





ရှိနေတတ်တာကို ၊ မင်း့ မသိဘူး . . လို့ ။ ငါ
မြင်ထားတာကွ"

သီဟ,က . .

"တချို့ ချစ်ခြင်းက၊ ဦးနှောက်က လာတာ။
တချို့ ချစ်ခြင်းက၊အသွေးအသားထဲက၊ လာတာ။
တချို့ ချစ်ခြင်းက၊ နှလုံးသားထဲက၊ လာတာ။

မိန်းမ,ဆိုတာကို၊ စိတ်ဝင်စားတာ၊ တစ်ခု
တည်းနဲ့တော့၊ ကောင်မ,လေးမြသီတာ အကြောင်း
ကို၊ ငါ့စိတ်ထဲ ၊ ဘယ်ထည့်ပါ့မလဲ။

လှတာကို၊ စိတ်ဝင်စားရင်၊ လှတဲ့ကောင်မ,
လေးအကြောင်း . . ၊ မြူဆွယ်တာကို၊ စိတ်ဝင်စား
ရင်၊ အဲဒီ ၊ စရိုက်ရှိတဲ့မိန်းမလေးတစ်ယောက်
အကြောင်း . . ၊ ငါ, ပြောမှာပေါ့"

ဒေါက်တာ ဟန်စိန်က . .

"အင်း။ ဟုတ်ပါတယ်။ဘယ်သူ ၊ ဘယ်လို
ဆိုတာ၊ မင်း့ ခွဲခြားတတ်လောက်ပြီပဲ"

"ခွဲခြားတတ်တာ၊ တစ်ခုတည်းနဲ့ မြသီတာ

www.burmeseclassic.com



အကြောင်းကို၊ ငါ့ပြောမှာ မဟုတ်ဘူး။

သူ့ကို၊ ကယ်တင်ခဲ့ပါတယ်ဆိုတဲ့၊ နှစ်ပြ
နှစ်ခါ တိုက်ဆိုင်မှုကိုလည်း၊ တော်တန်ရုံတိုက်ဆိ
မဟုတ်ဘူး လို့လည်း၊ ငါ့ တွေးတယ်။

အခု ၊ သူ့ကို၊ တွေ့ ဆုံစကားပြောနေရ
မှာလည်း ၊ ကျက်သရေရှိလိုက်တာ . . လို့လည်း
ငါ့ ခံစားရတယ်။

ပြောမှု ဆိုမှု နေမှု ထိုင်မှုတွေကိုမြင်နေ
တာက, လည်း၊ တန်ဘိုးကြီးတဲ့၊ ရတနာတစ်ခုလို
အရောင်မရှိဘဲ၊ လင်းလက်နေသလိုမျိုး။ အဲ့ဒီ . .
အရောင်အသွေးကို၊ ငါ့ စိတ်က ၊ မြင်နေရတယ်

လူတစ်ယောက်ဟာ၊ အသက်ဘယ်လော
ကြီးကြီး၊ သူမမြင်ဘူးတဲ့ တန်ဘိုးထားစရာ၊ တစ်ခု
လေးစားစရာ ၊ တစ်ယောက်ယောက်ကို ၊ သေ
ပေါက်၊ မြင်တွေ့လိုက်ရတဲ့အခါ၊ ရင်ခုန်ကြည်
နေမိတာ။အသွေးအသားထဲက,လား။ သွေးကြော
ထဲက,လား။ ဟာဒယ . . လို့ ခေါ်တဲ့၊ နှလုံးသာ





ထဲက,လား ။ ဆရာဝန်ပညာနဲ့ပဲမင်း . . , ခံစား
သုံးသပ်ပေးစမ်းပါ"

ဒေါက်တာ ဟန်စိန်က . .

"မသုံးသပ်တော့ပါဘူး။ မြင်သာတဲ့၊ စိတ်
နှလုံးကို၊ ဘယ်မှန်ပြောင်းနဲ့မှ၊ ချဲ့ မကြည့်တော့
ပါဘူး"

"ငါ ကြည်နူးစိတ်က၊ ထ,ခုန်လို့လည်း၊ မသင့်။
ကာယကံရှင်ကို၊ ပြောပြရအောင်က,လည်း . . ၊
သူ နားမရှင်းရင်၊ ဒုက္ခ"

"ဒီတော့၊ မင်း ဘာလုပ်ချင်တာလဲ"

သီဟ,က၊ ခေါင်းရမ်းပြီး . .

"တန်ဘိုး ထားတဲ့၊ မိန်းကလေးတစ်ယောက်
ကို၊ အလှကြည့်နေရုံနဲ့လည်း . . ၊ မလုံလောက်ဘူး။
အလှပြင်ပေးရုံနဲ့လည်း၊ မပြည့်စုံဘူး။

ချစ်ခင် နှစ်သက်, ကြင်နာယုယ,နေချင်ရုံ
နဲ့လည်း၊ မပြည့်ဝ,ဘူး။

အကြီးကျယ်ဆုံး၊ မြင်သာအောင် ပြောရရင်၊



www.burmeseclassic.com

www.burmeseclassic.com



ပြည်တန်ပတ္တမြားကို၊ တော်တန်ရုံ ပဝါစ,နဲ့၊ ထု

လို့၊ မရနိုင်သလိုမျိုးပေါ့"

"ပြည်တန်ပတ္တမြားကို၊ ဘယ်လိုထားရလို့လဲ" ဟု၊ ဒေါက်

ဟန်စိန် မေး၏။ သီဟ,က . .

"ငါ့ ကြားဖူးတဲ့အတိုင်းပြောရရင်၊ ပြည်

ပတ္တမြားကို၊ ကန်တော့ပွဲပေးပြီး၊ ကလပ်ပေါ်တ

ထားတဲ့နေရာမှာ၊ တည်တယ် . . တဲ့။တန်ဘိုး

လွန်းတော့၊ မတင့်မတယ် ခံယူလို့၊ မရဘူးဆို

သဘောပေါ့ကွာ"

"ကောင်မ,လေး အပေါ်၊ မင်း, အဲဒီလော

တောင် ၊ တန်ဘိုး ထားလိုက်ပြီပေါ့ ။ ဟုတ်

သီဟ"

တအံ့တသြ အမေးစကား။

သီဟ,က၊ ခေါင်းညိတ်လျက် . .

"ပြောနေမိတဲ့၊ စကားဥပမာတွေ ထက်

တယ်ကွာ။ဒါပေမဲ့, အဲဒါကို၊ မြသီတာသိလို့၊

ပျော်ရွှင်ကြည်နူးပြီး၊ မက်မောလိမ့်မယ် မထင်နဲ့"





"ဘာဖြစ်လို့လဲ"

"ကိုယ်ပိုင် အရည်အသွေး ရှိတဲ့ မိန်းကလေး

တစ်ယောက်ဟာ၊ သူတစ်ပါးသတ်မှတ်တဲ့၊ တန်ဘိုး

သတ်မှတ်ချက်ကို ၊ ဘယ်တော့မှ ၊ အသိအမှတ်

မပြုဘူး။

အသိအမှတ် ပြုပေးရမယ်ဆိုရင်လည်း . . ၊

ဘယ်လိုမှ၊ မမက်မောဘူး။ အဲဒီ အငွေ့အသက်မျိုး၊

မြသီတာမှာ ရှိတယ်"

"ဟာ . . ။ ဒါလည်း ၊ မင်းစိတ်က၊ သိတာပဲလား" . . ဟု၊

ဒေါက်တာ ဟန်စိန်က၊ မယုံချင်စွာမေး၏။

"မြွေအလမ္ပာယ်ဆရာက ၊ မြွေရဲ့ ညို့တံ၊

ဘယ်မှာ ရှိသလဲဆိုတာ၊ သိသလိုပေါ့ကွာ။

အသက်,နှစ်ဆယ့်လေးနှစ်လောက်ကတည်း

က၊ ကွဲခဲ့တဲ့အသည်းမွမွကြီးနဲ့၊ မြွေတွေလိုက်ဖမ်းနေ

တာ၊ ဆယ်နှစ်ပဲကျော်ခဲ့ပြီ။

ဘယ်ဟာ တီကောင် ၊ ဘယ်ဟာ မြွေပွေး၊

ဘယ်ဟာ နဂါး ဆိုတာလောက်တော့သိပြီပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ၊ ဟန်စိန်က ..

"ဒါဆို၊ ငါ,မေးမယ်"

"မေး"

"မြသီတာက၊ နဂါးလား။ မြွေပွေး...

အဲ .. ၊ ရေမြွေလား။ တီကောင်လား"

"နဂါး .. ။ အမောက် , ထောင်မ...

.. နဂါး"

"အေးဝတ်ရည်က,ရော" .. ဟု ၊ ဒေါက်တာ ဟ...

ရုတ်တရက်မေးလိုက်၏ ။တမင်နောက်ပြောင်လိုက်မှန်း၊ သိ...

ကြောင့်၊သီဟ,က၊ စိတ်ဆိုးမည့်မျက်နှာထားကို၊ ပြင်လျက်၊ ပြ...

လိုက်ပြီး ..

"တီကောင်လည်း၊ မဟုတ်ဘူး။ မြွေလည်...

မဟုတ်ဘူး နဂါးလည်း၊ မဟုတ်ဘူး။ ရှူးပုံ့, ရှူး...

သီဟ,ဖြေလိုက်သည့်၊ သတ္တဝါအမည်ကြောင့်၊ ဒေါက်...

ဟန်စိန်က ၊ မျက်နှာနီရဲသည်အထိ၊ ရယ်မောလေသည်။ သီ...

မှာ၊ အရယ်တစ်ဝက်မျှ။

♥A♥





"ဘယ်သွားကြမလဲ" .. ဟု ၊ သိန်းမြင့်ဇော်မေးသည်။

မြသီတာက ...

"နင်နဲ့,ရဲမင်းခေါင်နဲ့ပဲ၊ သွားကြတော့။ ငါနဲ့,

နီနီဦးနဲ့၊ သွားစရာရှိတယ်"

"နင်တို့, အဲဒီလို၊ ခွဲခြားခွဲခြား ၊ မလုပ်နဲ့လေ။

ငါတို့ပါ၊ လိုက်မယ်။ ပြော .. ၊ နင်တို့, ဘယ်သွား

မှာလဲ"

နီနီဦးက၊ မြသီတာကို၊ လေသံတိုးဖြင့် ...

"နင်, ဘယ်သွားမလို့လဲ"

"ငါ .. ၊ကိုသီဟ,ကို၊ သတိရ,လို့။ သူ့ဆီသွားချင်တယ်။

...မေးပွဲ၊ ဖြေနိုင်တယ်လို့၊ သွားပြောချင်နေတယ်။အရမ်းသွားချင်

...တယ်"ဟု၊ တီးတိုး ပြန်ပြော၏။သိန်းမြင့်ဇော်တို့၊ မကြား။

နီနီဦးက ...

"နောက်နေ့မှ၊ သွားလို့ မရဘူးလား"

"မနက်ဖြန်၊ ငါ, အိမ်ပြန်တော့မှာ"

"ဟဲ့။ ဘာ ,တီးတိုးတီးတိုး လုပ်နေတာလဲ"ဟု၊ သိန်းမြင့်ဇော်

...မ်းမေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါ . . ၊ကိုသီဟ,ဆီ၊သွားမလို့၊နင်တို့ . . မလိုက်ခဲ့နဲ့။နီနီဦးလည်း ၊ မလိုက်ချင်နေခဲ့တော့ နေပူတယ်။ နင်တို့ကို၊ ရှင်းပြဖို့၊ အချိန်မ တော့ဘူး"

နီနီဦးပင်၊ အံ့ဩသွားပေ၏။သိန်းမြင့်ဇော်က . .

"နင် . . ၊ သွားကန်တော့ပြီးပြီဆို ။ အ ဘာသွားလုပ်မှာလဲ"

မြသီတာက . .

"နင်, စပ်စုတာလား သိန်းမြင့်ဇော်"

"စပ်စုတာတော့ မဟုတ်ဘူးလေဟာ။ အ နှစ်တွေတုန်းက,လည်း၊ ဒီလိုပဲ၊ စာမေးပွဲနောက်ဆုံး နေ့ ။ ပျော်ပျော်ပါးပါး ။ သွားကြ ,လာကြ၊ စားကြ သောက်ကြ။

အခုမှ၊ နင်က, အစီအစဉ်ဖျက်သလို၊ လုပ် တော့။နင့်မှာ၊ ဘာ, အရေးတကြီး ကိစ္စ၊ ရှိသလဲ သိချင်တာပေါ့"

"ကိုသီဟ,က၊ငါ့အတွက်၊အရေးကြီးတယ်ဟ





အဲဒါ, ကြောင့်၊ ကိုသီဟ,ဆီ၊ ငါ, သွားမလို့"

သိန်းမြင့်ဇော်၊ မျက်ခုံးတွန့်ကွေးလျက်၊ မြသီတာကို၊ မနပ် ကြည့်၏။ နီနီဦးက . .

"မြသီတာ၊ စကားကို၊ တဲ့တိုးကြီး၊ မပြောနဲ့ လေဟာ"

"ရှင်းပြဖို့ အချိန် မလုံလောက်ဘူး နီနီဦး။ အဲဒါကြောင့် ၊ မြန်မြန် သဘောပေါက်အောင် ၊ ပြောလိုက်တာ။

မသိစေချင်လို့ ၊ တိုးတိုး ပြောနေတာကို ၊ သိချင်လို့ ၊ လာမေးမှတော့၊ အမှန် အတိုင်းပြော လိုက်တာ၊ အချိန်ကုန်သက်သာတယ်"

သိန်းမြင့်ဇော်က . .

"ရတယ် မြသီတာ။နင့်ကို၊ ငါ,စိတ်မဆိုးဘူး။ နင်, ပြောတတ်သလို၊ ပြောတာပဲ။

ငါက,လည်း၊ ပြောတတ်သလို၊ ပြောလိုက် မယ်။လမ်းသရဲ ပေါက်စ,လေးတွေက၊ ငှက်ကြီးလို့ ခေါ်တဲ့၊ ကိုသီဟ,က၊ ငါ့, အစ်မ,နဲ့၊ တွေ့ကြိုက်ဖူးတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကို၊ နင် . . မေ့မပစ်ပါနဲ့"

မြသီတာ၊ မဲ့ကနဲ ပြုံးသည်။ "ရန်မဖြစ်ကြနဲ့"ဟု၊ ရဲမင်းခေ
ဝင်ပြော၏။ မဲ့ပြုံးလက်စ,ဖြင့်၊ မြသီတာက . .

"သတိပေးတာ၊ ကျေးဇူးတင်တယ်။ ဒါ
နင်, ပြောတာ ၊ နောက်ကျ သွားပြီ၊ သိန်းမြင့်ဇော်
ငါ . . , ကိုသီဟ,ကို ၊အရမ်း ချစ်နေပြီ
နင်လည်း၊ ကြားဖူးမှာပေါ့။ ချစ်မိပြီဆိုရင်၊ အတိ
ပစ္စုပ္ပန်, အနာဂတ်၊ ဘာကိုမှ၊ မသုံးသတ်ချင်
ဘူးလေ"

သိန်းမြင့်ဇော်၊ ချာကနဲ၊ လှည့်ထွက်သွားသည်။ ရဲမင်းခေ
က၊ မြသီတာနှင့်နီနီဦးကို၊ လက်ပြပြီး၊ သိန်းမြင့်ဇော် နောက်
လိုက်သွား၏။

"မြသီတာ . . ။ နင်, ဘယ်လို တွေ၊ ပြော
တာလဲ"

နီနီဦး၏ အမေး စကား။

မြသီတာက . .

"မိန်းကလေးချင်း၊ တီးတိုး ပြောရမယ့်ကိ





သူတို့,နှစ်ယောက်ရှိနေတော့၊ ဘယ်လို ပြောရမှန်း
မသိဘူး။ အဲဒါကြောင့်, ပြောချင်ရာပြောပစ်လိုက်
တာ။

ငါ , ကိုသီဟ,ကို၊ တကယ် သတိရနေတာ
နီနီဦး။ စာမေးပွဲ ဖြေနိုင်တဲ့ အကြောင်းလည်း . . ၊
တကယ် သွားပြောချင်တာ။ နင့်ကို ၊ ရှင်းပြသလို၊
ဒီနှစ်ကောင်ကို၊ ငါ, ဘယ်လိုလုပ်ရှင်းပြရမလဲ"

"သိန်းမြင့်ဇော် စိတ်ဆိုးသွားတာနော်။ နင့်
ကို၊ တော်တော် စိတ်ဆိုးသွားတာ"

မြသီတာက . . ,

"ကမ္ဘာ မီးလောင်နေတာ။ ဆီ မီးခွက်ထ,
တောက်တာလောက်ကို၊ လုံး၀, မခံစားဘူး"

"ဘာပြောတာလဲ" ဟု၊ နီနီဦး မေး၏။ "ကိုသီဟ,ကို၊
ချင်တဲ့စိတ်က၊ ကမ္ဘာမီးလောင်သလောက်ကို၊ ပြင်းထန်နေတယ်
. . လို့ ပြောတာဟဲ့"ဟု၊ ဆိုကာ၊ နီနီဦး၏လက်ကိုဆွဲပြီး၊ ကျောင်းရှေ့မှ
မ်းထွက်ခဲ့၏။ နေပြင်းလျက်ရှိသည်။

A



www.burmeseclassic.com

www.burmeseclassic.com



အမှားသုံးဖုန်းမှ ၊ ဆက်သွယ်သော်လည်း ၊ သီဟ,ထံသို့ မြသီတာ ဆက်သွယ်၍၊ မရ။

"အိမ်လိုက်သွားမလား" . . ဟု၊ နီနီဦး မေးသည်။မြသီတာ ခေါင်းခါ၏။

"ကိုသီဟ,ကို၊ ချစ်တယ်လို့ သိန်းမြင့်ဇော်ကို ပြောလိုက်တာ ။နင်, တကယ်ပြောလိုက်တာလား မြသီတာ"

မြသီတာ၊ မဖြေ။

"ငါ့ကို၊ ပြောပြလေဟာ"

မြသီတာက . . ,

"မီးခိုးငွေ့ အူထွက်နေတာကိုမြင်လျက်နဲ့ မီးလောင်နေသလားလို့ ၊ မမေးပါနဲ့တော့နီနီဦးရယ်"

"အသက်ကွာတယ်နော် မြသီတာ။ပြီးတော့ ခုနက၊ သိန်းမြင့်ဇော်ပြောတာကိုလည်း၊ မမေ့နဲ့ သူ့အစ်မ,နဲ့၊ ကြိုက်ခဲ့ဘူးတယ်ဆိုတဲ့စကား။ နင့်ကို ထိခိုက်နိုင်တယ်"

မြသီတာက . . ,





"ငါ့စာမေးပွဲပြီးတဲ့အချိန်မှာ၊ ငါ့ကိုသီဟ,ကို တွေ့ချင်တယ်။ အိမ်မပြန်ခင်၊ သွားနှုတ်ဆက်ချင်တယ်။

ငါသာမိန်းကလေးမဟုတ်ခဲ့ရင်၊ ည,မိုးချုပ်တဲ့အထိ၊ သူ့အိမ်ရှေ့မှာ၊ သွားထိုင်စောင့်နေချင်တယ်။အရမ်းကို၊ တွေ့ချင်နေတာလေ။

အဲဒီ့စိတ်၊ မှားသလားမှန်သလား၊ ငါ့မသိချင်ဘူး။ချစ်တဲ့ စိတ် . . လို့ ထင်ရင်လည်း၊ ဟုတ်နိုင်တာပဲ။ သတိရတဲ့စိတ်လို့၊ ပြောရင်လည်း၊ ဖြစ်တယ်။

သံယောဇဉ်ပေါ့လေ . . လို့လျှော့တွေးရင်လည်း၊ မမှားနိုင်ဘူး။ကျေးဇူးရှိဖူးသူမို့ လေးလေးစားစားနဲ့ကြည်ညိုချင်ရင်လည်း၊ ကြည်ညိုလို့ ရတယ်။

အဲဒါကို၊ ဘယ်လို ဝေဖန်ဝေဖန်။ငါ့မတုန်လှုပ်ဘူး။ဒါပေမဲ့ . . ၊ သတိရလို့လိုက်ရှာနေတာပါ ကိုသီဟ,ရယ် . . လို့တော့၊ ဘယ်ပြောပါ့မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သိန်းမြင့်ဇော်ကိုကျတော့၊ ဘာဖြစ်လို့ ပြောလိုက်တာလဲ"

. . ဟု၊ နီနီဦးက၊ အပြစ်တင်စွာမေး၏။

"နောင်တစ်ချိန်မှာ၊ တခြားတစ်မိန်းတွေထက်ပိုကဲ့ရဲ့မယ့်သူမို့၊ အကဲစမ်းလိုက်တာပါ။

ငါ့ထင်တဲ့အတိုင်းပဲ။ ကိုသီဟ့ရဲ့ ငယ်ကျွန်းငယ်နာ၊စရိုက်ဆိုးနာမည်ဆိုးလေးနဲ့ သူ့အစ်မနဲ့ကြိုက်ဖူးတဲ့ အကြောင်းကိုပဲ၊ သူ့ . . ပြောသွားနိုင်ရှာတယ်"

"နင့်အခုဘာလုပ်မှာလဲ။ မိုးချုပ်တော့မယ်"

"အိမ်ပြန်မယ်လေ။ မနက်ကျရင်၊ ကိုသီဟ့ဆီ၊ ဖုန်းဆက်ကြည့်ဦးမယ်။ မရရင်၊ ဒေါက်တာ့ဆီသွားပြီး၊ နှုတ်ဆက်စကားပါးခဲ့မယ်"

"ဒီည၊ ထပ်ပြီးမကြိုးစားတော့ဘူးပေါ့"

"ငါ့ ခုနက၊ ပြောပြီးပြီလေ။ ငါ့ ယောက်ျားလေးမဟုတ်ဘူး"

"'ဖြစ်ချင်တာကို ၊ ပြောပြသလောက်၊ နင့်မဆောင်ရွက်သလိုပဲ"





နီနီဦး၏ အစွပ်အစွဲ။

မြသီတာက . . "နင့်ကို . . ငါ ရင်ဖွင့်ပြောပြ ပြီးပြီလေ။ ဘာမှမဆောင်ရွက်နိုင်ရင်တောင်၊ ရင်ဖွင့်ခွင့်ရလို့ရင်ပေါ့သွားပြီ"ဟု၊ ဖြေဆည်လျက်ပြော၏။

"တကယ် သိစေချင်တဲ့၊ကိုသီဟ့ကို၊ ပြောပြနေတာမှ၊မဟုတ်ဘဲ"

နီနီဦးက၊ နားမလည်စွာ၊ ပြောပြန်သည်။

မြသီတာက . .

"ဘယ် ဝေဒနာဖြစ်ဖြစ်။ဘယ် စိတ် ၊ ဆန္ဒဖြစ်ဖြစ်၊ အကောင်အထည်ဖော် ဆောင်ရွက်ခွင့်၊ မရခင်မှာ . . ၊ ရင်ဖွင့်ပြောပြခွင့်လေး တစ်ခုက၊ ဝေဒနာသက်သာရာ့သက်သာကြောင်း အတွက်၊ အများကြီး၊ အထောက်အကူဖြစ်ပါတယ်ဟာ။

အခြေအနေကြောင့်၊ ဘာ့ ဆောင်ရွက်ခွင့်မှ၊ မရနိုင်သေးတဲ့၊ လူတိုင်းအတွက်၊ ရင်ဖွင့်ခွင့်လေး တစ်ခုက၊ ဆေးမ ရင်ပြင်ကျယ်ကြီးပဲဟ။နင်က . . ငါ့ရဲ့ဆေးမ့ရင်ပြင်ကျယ်ကြီးပေါ့။မဟုတ်ဘူးလား"

www.burmeseclassic.com



"နှင်း စိတ်သက်သာအောင်၊ တွေးတတ်တယ်နော်"ဟု

နီနီဦးတာ စိတ်မသက်သာစွာ၊ ပြော၏။ "အဲဒါ . . ဘဝ,ပေး၊ အတင်

ညောပေါ့"ဟု၊ မြသီတာ၊ ပြောပြလေသည်။

သတိရခြင်းက၊ စိတ်ကို၊ နွမ်းစေသည်။ သတိထားစိတ်က

ခြေလှမ်းတိုင်းကိုမူ၊ အလုံးစုံ၊ ခွင့်မပြု။

♥A♥ ♥A♥





ခဲ့။

"စာမေးပွဲနောက်ဆုံးနေ့၊ ငါ့, သူ့ကျောင်း

ကိုသွားတယ်ကွ။ လမ်းမှာ၊ အလုပ်ကိစ္စဖုန်းဝင်လာ

လို့၊ ပြန်လှည့်ရသေးတယ်"

"မင်း, အလုပ်ကိစ္စက၊ ပိုအရေးကြီးတယ်မဟုတ်လား"ဟု၊

ဒေါက်တာ ဟန်စိန်က၊ ပြုံးစစဖြင့်၊ ပြော၏။

"ရွှေဆိုင် တစ်ဆိုင်က ၊ အထည် ပစ္စည်း ၊

အရေးတကြီးလိုတာ။

ငါ့, အမြန်သွားပေးပြီး။ကျောင်းကို၊အမြန်

ပြန်သွားတာ။သိပ်နောက်မကျပါဘူး။

ဒါပေမဲ့ ၊ မတွေ့ခဲ့ဘူး။ စာမေးပွဲ ဖြေနိုင်

လား၊ ဘာလား။မေးမယ်ဆိုပြီး၊ သူ့အဒေါ်အိမ်ကို၊

သွားဖို့ ၊ စဉ်းစားသေးတယ်။ ငါ့, မသွားရဲဘူး"

ဒေါက်တာ၊ ဟန်စိန်က . .

"သူလည်း၊ မင်းဆီကိုဖုန်းဆက်တယ် . . တဲ့။

ဖုန်းလိုင်းက၊ မအားဖြစ်နေတယ် တဲ့။လှိုင်သာယာ

က၊ သူ့, အဖေအိမ်ကို၊ သွားမယ့်မနက်က၊ ငါ့ဆီ၊

www.burmeseclassic.com



ဝင်ပြောသွားတယ်"

"ငါ့ အိမ်ကို၊ ဘာလို့ လာမပြောတာလဲ"

"မင်းက၊ တစ်ယောက်တည်း၊ နေတဲ့ကော

လေကွာ။အိမ် အနောက်ဘက်က၊ အလုပ်ခန်း

ရှိတဲ့၊ပန်းတိန်ဆရာတွေက,လည်း၊ ယောကျ်ားတေ

တွေခြည်းပဲ လေကွာ။

အနည်းဆုံး ၊ အဖော်ခေါ်လာတယ်ဆို

တောင်၊ မင်း, အလုပ်သမားတွေက၊ ဟိုထင်, ဒီထ

မထင်ဘဲ နေပါ့မလား။ အဲဒါကို၊ မိန်းကလေး

ချင့်ချိန်မှာပေါ့"

"အခု၊ ငါ,သူ့ဆီသွားချင်လို့။ မင်း အား

အချိန်၊ အဖော် လိုက်ခဲ့ပေးစမ်းပါ"

"သီဟ ။ လူပျိုလှည့်ရမယ့်အရွယ်တွေ ..

မဟုတ်တော့ဘူးနော်"

"ခပ်နုပ်နုပ် စိတ်ခံစားမှုနဲ့၊ ငါ,သွားချင်တာ

မဟုတ်ပါဘူးကွာ။တစ်ဘဝ,လုံး၊ ပုံလောက်တဲ့ စိ

ထားနဲ့၊ ငါ,သွားချင်တာပါ။





မနေ့က၊ သူ ဖုန်းဆက်တယ်။ မုန့်ဟင်းခါး

ကျွေးချင်လို့ပါ . . တဲ့။

စာမေးပွဲနောက်ဆုံးနေ့က၊ငါ့ဆီကို၊ ညနေ

စောင်းအထိ၊ ဖုန်းဆက်တာလည်း၊ ပြောပြတယ်။

မင်းရဲ့, ဆေးခန်းမှာ ၊ ဝင်နှုတ်ဆက်ခဲ့တာလည်း၊

ပြောပြတယ်"

"မြသီတာက၊ မုန့်ဟင်းခါးက၊ ဘာလို့ကျွေးချင်တာတဲ့လဲ"

ဟု၊ဒေါက်တာ ဟန်စိန်မေးသည်။သီဟ,က၊သက်ပြင်းချပြီး . .

"သူ့ အိမ်ရှေ့မှာ၊ သူ့,မုန့်ဟင်းခါးရောင်းနေ

တယ် . . တဲ့"

"ဟာ ၊ ဟုတ်လား။ ကောင်းတယ်၊ကောင်း

တယ်။ ကျောင်းပြီးပြီးချင်း၊ အလုပ် တန်းလုပ်တာ၊

ဒါ, ချီးကျူးစရာပဲ"

"ဟန်စိန်။ မင်း, က၊ ဝမ်းသာ အားရကြီးပါ

လားကွာ။ ငါ,တန်ဘိုးထားတဲ့ မိန်းကလေး၊မုန့်ဟင်း

ခါးရောင်းနေတယ်ဆိုတာကို၊ မင်း,စိတ်မကောင်း

မဖြစ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ။ စိတ်မကောင်းဖြစ်စရာ . . ၊ ဘာရှိ
မိဘ, ပိုက်ဆံ၊ လက်ဖြန့်ပြီး၊ ဟိုမှာ . . အလုပ်သွား
လျှောက်လိုက်၊ ဒီမှာ၊ အလုပ် ရှာလိုက်နဲ့။

အိုက်တင်နဲ့ လုပ်လို့ရတဲ့ အလုပ်ပဲ၊ မျှော်
ကိုယ့်ကိုယ်ကို၊ ထင်တစ်လုံးနဲ့၊ အချိန်ဖြုန်းနေကြ
သူတွေထက်၊ အများကြီး ချီးကျူးစရာ၊ ကောင်း
ကီစွ။ ဘာ, စိတ်မကောင်းဖြစ်စရာရှိသလဲ။

အလှပြင် အလေလိုက်နေကြတဲ့ ၊ မင်းနဲ့
ရည်းစားဟောင်းဇတွေလို၊ ကြော့ကြော့လေးနေ
ချင်တာလား၊ မြသီတာကို၊ မင်းက"

သီဟ,က၊ မျက်နှာ နွမ်းစွာဖြင့် . . ,"အနည်းဆုံး၊ ရွှေထည်
ပစ္စည်းလေးတွေကို၊ ထိုင်ရောင်းစေချင်တာပေါ့ကွာ" ဟု၊ ပြောသည်

"အဲဒါက၊ မင်းရဲ့, စေတနာလေ။ အခု
ဘာသာ၊ လုပ်နေတာက၊ သူ့ဘ၀, ပေး ၊ အသိ
အဲဒါကို၊ မင်းက၊ လိုက်လိုက်လှဲလှဲ၊ ကြည်နူးဝမ်း
ပေးရမှာ။

ငါ, တန်ဘိုးထားတဲ့၊ ကောင်မ,လေးရဲ့,စိ





မာတ်က၊ တန်ဘိုးကြီးလိုက်တာ။သူတစ်ပါးကိုအလှ
ပြ,မှီခို,ချူငင် ချင်တဲ့၊ မိန်းမညံ့စိတ်မျိုး၊ မရှိပါလား
လို့၊ တွေးပြီး။ဂုဏ်ယူနေရမှာ။ သိကျွမ်းသူအားလုံး
ကိုလည်း၊ ပြောပြကြွားဝါနေရမှာကွ။

ဒါ . . ။ ကြွားစရာလားကွ . . လို့။ ပြောပြီး၊
ဟားတိုက်လှောင်ပြောင်နိုင်တဲ့၊ ခေတ်ကို၊ ရောက်
နေပြီနော . . သီဟ။ တန်ဘိုးထားပါတယ် ဆိုတဲ့၊
မင်း,ကိုယ်တိုင်က,မှ၊ ဂုဏ်မယူတတ်ရင်၊ တန်ဘိုး
မသိတဲ့သူတွေက၊ ဘယ်လိုလုပ်၊ ဂုဏ်ယူစရာ လို့၊
မြင်ပါတော့မလဲ"

"ငါ,နားလည်ပါတယ် ဟန်စိန်ရာ။မပင်ပန်း
စေချင်တာမျိုးပါ"

"သူ . . မုန့်ဟင်းခါးရောင်းတာ၊ မင်း, မြင်ရ
သေးလို့လား"

"သူ . . ဖုန်းထဲက၊ ပြောပြတာ"

"အကြားနဲ့တွင်၊ တော်တော် ထိခိုက်နေရ
တယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ထိခိုက်ရုံတွင် မဟုတ်ဘူး။ ငါ့အမေကိုပါ သတိရနေမိတယ်။ အမေ ဘယ်လောက်ပင်ပန်း တယ်ဆိုတာ၊ မင်းလည်း . . အမြင်၊ ငါလည်း . . အသိပဲ။

မုန့်ဟင်းခါး လို့၊ အသံကြားလိုက်ရတာနဲ့ ငါ့မှာ . . ၊ အဟောင်းတွေ ၊ အသစ်ဖြစ်ရတာပေါ့ ချက်ချင်းကို၊ ပြေးတားလိုက်ချင်တာ။ တားပိုင်ခွင့် မရှိဘူးလေ။

ကိုယ့်ကိုယ်ကို တန်ဘိုးမထားတတ်သူတွေ စိန်စီနေတာ၊ ငါ့ ဘာမှ မဝေဖန်လိုဘူး။

ဒါပေမဲ့ တန်ဘိုးလည်း . . သိ။ တန်ဘိုး လည်း . . ရှိ ။ ပြီးတော့၊ . . ငါ့ကိုယ်တိုင်၊တန်ဘိုး လည်း . . ထား ထားတဲ့၊ မိန်းကလေးတစ်ယောက် မုန့်ဟင်းခါးရောင်းနေပါတယ် . . ဆိုတာကိုတော့ ဂုဏ်ဘယ်လောက် ယူယူ၊ မမြင်ရက် မကြည့်ရက် တာတော့၊ အမှန်ပဲ။

အမေ ရောင်းနေတာကိုတောင်၊ သိတတ်ထဲ





အရွယ်မှာ၊ မမြင်ချင်တော့လို့ကျောင်းထွက်၊အလုပ် လုပ်မယ် ပြောမိသေးတယ်။အမေ ,ခေါင်းခေါက်ခဲ့ လို့၊ ငါ့ ဘွဲ့ရတာ"

"မင်းတစ်ယောက်တည်း၊ သွားလို့ ရရဲ့သားနဲ့၊ ဘာဖြစ်လို့၊ ငါ့ကို လာခေါ်နေတာလဲ"ဟု၊ ဒေါက်တာ ဟန်စိန်မေး၏။

"လမ်းဘေး အပုံထည်ရှိရာကို၊တစ်ယောက် တည်း . . သွား၊တစ်ယောက်တည်း . . ရွေး။အရွေး မှားလည်း၊ ကိစ္စမရှိဘူး။မကြိုက်ရင်၊ လွှင့်ပစ်လိုက် ရုံပဲ။

အထည်ကောင်း . . ., အဆင်ကောင်း . . ., ဆိုင်ကောင်းကို၊ သွားမှာဆိုတော့ . . ။သူငယ်ချင်း ကောင်းကိုပါ၊ အကောင်းစားကို၊ မြင်စေ တွေ့စေ သုံးသပ်စေချင်လို့၊ မင်းကိုခေါ်တာပါ"

"မင်းတော်တော်၊ ပြောတတ်တဲ့ကောင်ပဲ"ဟု၊ ဒေါက်တာ ဟန်စိန်၊ သဘောကျရယ်မောစွာ၊ ပြောသည်။ ပြီးနောက် . . .,

"မင်းကားနဲ့၊ ငါ့ဆေးခန်းကိုလာခေါ်"

"မင်းဆီကိုတော့၊ ငါ့ကားနဲ့လာမယ်။ဒါပေမဲ့၊



www.burmeseclassic.com

www.burmeseclassic.com



မြသီတာဆီကိုတော့၊ တခြားအစီအစဉ်နဲ့၊ သွား
မှာ"

"ဘာဖြစ်လို့လဲ"

"မြသီတာက ၊ တောင်းပန်တယ်။ သူ့ဆီ
ကိုယ်ပိုင်ကားနဲ့ ၊ မလာပါနဲ့တဲ့။

ဖြစ်နိုင်ရင်၊ ဘတ်(စ)ကားနဲ့လာစေချင်
တယ် . . တဲ့။ နောက်ဆုံး၊ အငှားကားနဲ့လာ
တောင်၊ သူ့ဆိုင်ရှေ့မှာ၊ မရပ်ပါနဲ့ . . တဲ့။ တော
တောင်းပန်ပန်နဲ့၊ ပြောတယ်"

"အလုပ်များတယ်၊အချိန်ကုန်သက်သာအောင်
ကိုယ့်ကားနဲ့ကိုယ်လာမယ်။ ဘာ . . ညာ။မင်း . .
ပြောပြပါလားကွ"

"ငါ့ ပြောချိန်မရလိုက်ဘူး။ မြသီတာ ပြော
သမျှ၊ နာခံပြီးသားဖြစ်နေတယ်"

"ကားနဲ့လာတော့၊ ဘာဖြစ်လို့တဲ့လဲ"

သီဟ,က၊ မြသီတာ ပြောပြခဲ့သော၊ စကားကို၊ ပြန်ပြော
သည်။





"သူနေတာ၊ ဆင်းရဲသားရပ်ကွက် . . တဲ့။
ကိုယ်ပိုင်ကားနဲ့ ၊ ကြော့ကြော့လေးလာလည်တဲ့၊
သူ့ကို၊ ကြည့်ပြီး၊ ဒီလို . . ကြွယ်ဝ, အောင်၊ ဘယ်လို
ဘယ်ပုံ၊ ရုန်းကန်ကြိုးစားခဲ့ရသလဲ . . လို့၊ အားကျ
စိတ်နဲ့၊ မတွေးဘဲ။

ဒီလိုလူကို ၊ အနားလာအောင် ၊ ဘယ်လို၊
ဘယ်ပုံများ၊ ဖြို့ငင်ထားသလဲ . . လို့ညာဏ်နည်းတဲ့၊
အတွေးနဲ့၊ ဝေဖန်နိုင်သူတွေ၊ ရှိတတ်လို့၊ အားကျ
စိတ်မလွဲမှားအောင်၊ မထင်မပေါ်၊ လာစေချင်တာ
ပါ . . တဲ့"

"သူ့ဝန်းကျင်ကိုပါ၊ သူ . . ထိခိုက်မှာ၊ စိုးရိမ်တတ်တာပဲ"ဟု၊
ဒေါက်တာ၊ ဟန်စိန် ထောပနာ ပြု၏။"ဒါဆိုလည်း၊ ကားငှားစီးပြီး၊
ခပ်ဝေးဝေးက၊ ဆင်းလျှောက်ကြတာပေါ့" . . ဟု၊ ပြောသည်။

❤A❤

မွန်းမတည့်မီ၊ လှိုင်သာယာသို့၊ ရောက်၏။မြသီတာ၊ဆိုင်
သိမ်းပြီးချိန်နှင့်ကြုံသည်။သီဟ,နှင့်ဒေါက်တာ ဟန်စိန်ကို၊အပူလျှော့စေ၊
နှုတ်ဟင်းခါး၊ အနည်းငယ်နှင့်သာ၊ မြသီတာ၊ ဧည့်ခံနိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုတို့က၊ မနက်စောစော၊ ထွက်ခဲ့တာ မဟုတ်ဘူး"

"ဒီကောင် ၊ ဆေးခန်းပိတ်တာ ၊ စောင့်နေရလို့" . . ဒေါက်တာ ဟန်စိန်ကို၊ မေးဆတ်ပြလျက်၊ သီဟ,ပြောပြ၏။

မြသီတာက . .

"အိမ်တိုင်ယာရောက် ၊ လာပို့ချင်ပါတယ်။ တော်တော်ဝေး . . လို့၊ လာစားဖို့ပဲ၊ ဖိတ်မိတယ်။ လာစားတော့လည်း၊ မုန့်က, နည်းနည်းပဲ၊ ရှိတော့တယ်။အာနားလိုက်တာ"

ဒေါက်တာ ဟန်စိန်က . .

"အားနာမနေပါနဲ့တော့။ဒီ,မုန့်ဟင်းခါး စားဖို့၊ မီးခွက်ဈေးအထိ၊ ကားငှားစီးလာပြီး၊ မီးခွက်ဈေးက,နေ၊ ဒီကို၊ လမ်းလျှောက်လာရတာ"

စကားအဆုံးတွင်၊ မြသီတာက၊ သီဟ,ကို၊ အားနာစဖွယ် ကြည့်သည်။ပြီးမှ . .

"လမ်းကြမ်းကြမ်းတွေဆီကို၊ ကားလှလှလေးတွေ၊ လာလည်ရင်။ဖုံတသောသော. . ရွှံ့တပေပေ





ဖြစ်မှာလည်း၊ စိုးတယ်။

ဆရာ့ကိုရော. .၊ အစ်ကို့ကိုရော. . ၊ အားနာစရာအပြင်၊ မရှိသေးသလိုပါ ၊ ဖြစ်သွားပြီထင်တယ်"

သီဟ,၏ ပန်းကန်ထဲသို့၊ နံနံပင်တွေ ထည့်ပေးရင်း၊ ပြောရင်း ဒေါက်တာ ဟန်စိန်၏ ပန်းကန်ထဲသို့ ၊ ထည့်မည်အပြုတွင်၊ ဒေါက်တာ ဟန်စိန် လက်ကာသဖြင့်၊ မူလ, ပန်းကန်ထဲသို့ မြသီတာ၊ ပြန်ထည့်ထားလိုက်သည်။

"အပြန်ကျရင်၊ မီးခွက်ဈေး အထိ၊ ကျွန်မ, လိုက်ပို့ပေးပါ့မယ်။

ပြီးတော့ . .။ နောက်တစ်ခါ ၊ လာလည်ရင်လည်း ၊ အစ်ကိုတို့ အဆင်ပြေသလိုပဲ၊ လာကြပါ။နေပူထဲမှာ၊ ခြေးတွေ သန်တွေနဲ့၊ အချောအလှ၊ တွေ၊ ပျက်ကုန်ပြီ"

မြသီတာ၏ ရယ်ဖွယ် စကားအဆုံးတွင်၊ သီဟ,က . .

"မြသီတာ . . ညီမ။ အစ်ကိုက၊ တော်ဝင်မိသားစုက၊ ဆင်းသက်လာတဲ့သူမဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုလည်း၊ မှုန့်ဟင်းခါးသည်ရဲ့, သား ပဲ။ အစ်ကို့, အစ်မ, အရင်းခေါက်ခေါက်၊ဒီ . . အနောက်လမ်းထဲမှာ၊ အခု ထိ၊ နေနေတုန်းပါ

ဆင်းရဲတဲ့, ရပ်ကွက်ထဲ ။ အစ်ကို, ကိုယ် တိုင်လည်း၊ ထည်ထည်ဝါဝါ မလာချင်ပါဘူး။ ကိုယ် တစ်ယောက်တည်း ကြွယ်ဝပြီး၊ ကိုယ့် ဘဝ, တူ နွမ်းပါးနေတာကို၊ ကိုယ်ပိုင်ကားပေါ် က,နေ၊ ဘ လို . . ၊ မျက်လုံးနဲ့မှ၊ မကြည့်ရက်ပါဘူး။

အဲဒါကြောင့်။ ဘယ်တော့လာလာ။လူ . . အများစုနဲ့အတူ ၊ တိုးတိုး ဝှေဝှေပဲ ၊ လာပါ့မယ် နောက်ထပ် တစ်ခါ၊ အလည် လာခွင့်ပြုတာကို လည်း ၊ အစ်ကို၊ သိပ်,ကျေးဇူးတင်ပါတယ်"

"ကျွန်မ,က၊ ဈေးရောင်းနေရလို့၊လာ,မလည်နိုင်တာနော်" . . ဟု၊ တောင်းပန်စကားဆို၏။

A

မြသီတာက၊ သူ့ ဖခင်နှင့်လည်းကောင်း၊သူ့ဖ,ခင်၏ဇနီးနှင့် လည်းကောင်း၊ မိတ်ဆက်ပေးသည်။ငယ်စဉ်က၊ ဤလမ်းမ,ပေါ်တွင်





င်၊ ကူညီဖူးခဲ့ကြသူများဟု၊ သိရသည့်အခါ၊ ဖ,ခင် ဦးမြခက်မှာ၊ ၍၊ အံ့သြနေလေ၏။

ထို့ အပြင်၊ မကြာမီက၊ ကားဖြင့် ထိခိုက်ခါနီးတွင်၊သီဟ, င်ရောက် ကူညီခဲ့သည့်ဖြစ်စဉ်ကို၊ ထပ်မံပြောပြသည့်အခါတွင် သည်း၊ အံ့သြစကားဆိုကြ၏။

ဆယ်နှစ်ကျော်ကြာမှ၊ထပ်မံကြုံဆုံမှုဖြစ်စဉ်ကို၊မြသီတာ ၊ ဖ,ခင် မြင်သာအောင်၊ တစ်ဖွဲ့တစ်နွဲ့ ပြောပြ၏။ သီဟ,၏၊ လက်တိန် ဆွဲကြိုးလေး အကြောင်းကိုတော့၊ ချန်လှပ်ထားခဲ့သည်။

A

အစ်မ,ဖြစ်သူ၊ ဖြူဖြူနှင်း၏အိမ် . . သို့ ဒေါက်တာ ဟန်စိန် နှင့်အတူ၊ သီဟ, ဝင်ရောက်လည်ပတ်သေးသည်။မြသီတာ ဆိုသော၊ တောင်မ,လေးထံသို့၊ လာလည်ခြင်းဖြစ်ကြောင်း၊ သီဟ,ပြောပြ၏။ "လမ်းကြုံဝင်လာတာပေါ့လေ" . . ဟု၊ အစ်မ,ဖြစ်သူ၊ ကြည်စယ်၏။ င်ပွန်းဖြစ်သူ၊ ခရီးသွားနေကြောင်း၊ ဖြူဖြူနှင်း ပြောပြသည်။

"နင်, အိမ်ထောင်မပြုသေးဘူးလား"ဟု၊ သီဟ,ကို၊ ဖြူနှင်း ၊ မေး၏။ "အခုမှ၊ လူပျိုလှည့်နေတုန်း"ဟု၊ ဒေါက်တာ ဟန်စိန် ဝင်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



မြသီတာ အကြောင်းကို၊ ခရာစေ့တွင်းချ ၊ ပြောပြဖြင်
လေ၏။

♥A♥

မြသီတာက၊ မီးခွက်ဈေး အထိလိုက်ပို့မည် ပြောသည်။
ဒေါက်တာ ဟန်စိန်က၊ ဆိုက္ကားဖြင့်သွားနှင့်ပြီး၊ သီဟ,နှင့်မြသီတာတ
လမ်းလျှောက်ကြသည်။မွန်းလွဲနေက၊ ပြင်းလျက်ရှိသေး၏။

"အိမ်မှာ၊ နေရတာ ။ သိပ်မပျော်ဘူးလေ။
အဒေါ် အိမ်ကျတော့လည်း . . ၊သိပ်မန္တေးထွေး
အပြင်၊ ရေရှည်လည်း၊ မနေချင်ဘူး။
ပျော်ပျော်မပျော်ပျော်အိမ်မှာ၊ နေရင်း . . .
အလုပ်လုပ်ဖို့ ၊ စဉ်းစားပြီး၊ မုန့်ဟင်းခါးရောင်း
ဖြစ်တာ။ ဘယ်နှယ့်လဲ . . ။ စားလို့ , ကောင်းတယ်
မဟုတ်လား"

သီဟ,က၊ ခေါင်းညိတ်ပြီး . .

"တခြားအလုပ် လုပ်ပါလား"

"ကျွန်မ,ရမယ့်ဘွဲ့က၊ ဆရာဝန်ဘွဲ့,အင်ဂျင်
နီယာဘွဲ့၊ မဟုတ်တော့။တခြားအလုပ်, လုပ်ရင်





သူများခိုင်းတာ၊ လုပ်ရမှာ။ သူများစေရာသွားရမှာ။
အလုပ်ရဖို့တောင်၊ ဘာလက်မှတ် ညာလက်
မှတ်ရှိရဲ့လား။သူများက၊ မေးမှာလေ။

အခု . . ,ကျွန်မ,အလုပ်က ၊ ဘာစားမလဲ,
အကြော် ထည့်မလား , ပြုပ်သီးမှုန့် ,ထည့်မလား,
ငါးဖယ်နဲ့လား။ဆိုင်မှာ စားမှာလား,ပါဆယ်လား။
သူများကို၊ မေးရတာ။

မရောင်းချင်တဲ့နေ့ ။ ဆိုင်ပိတ်လိုက်ရုံပဲ ။
ကျွန်မ,မှာ ၊ ဘာပညာတွေရှိပါတယ်ရှင် . . လို့ ၊
ဘယ်သူ့ကိုမှ၊ တင်ပြစရာ မလိုဘူးလေ"

ပြုံးပြုံးရွှင်ရွှင် ပြောနေသော်လည်း၊ သီဟ, မရွှင်ပြုံး။

"မုန့်ဟင်းခါးရောင်းတာထက်ပိုပြီး ၊ သင့်
လျော်တဲ့၊ အလုပ်မျိုး၊ မရှိတော့ဘူးလား"

သီဟ,၏ ဦးခေါင်းထက်သို့၊ ထီးမိုးပေးရင်း ၊ မြသီတာက,

"အမေ။ ပြောဖူးတယ်။ ဈေးရောင်းတဲ့မိဘ,
ရဲ့, သားသမီးဖြစ်ခဲ့ရပါလား ဆိုတာကို၊ မရှက်ပါ
နဲ့ . . တဲ့။



www.burmeseclassic.com

www.burmeseclassic.com



လာဘ်စားတဲ့ . . သူ။ အလေးခိုးတဲ့ . . သူ
သူတစ်ပါးကို၊ မငဲ့မညှာဘဲ၊ စီးပွားရှာတတ်တဲ့သူနဲ့
သားသမီးဖြစ်နေရင်သာ၊ ရှက်ပါ၊ကြောက်ပါ . .
တဲ့"

"မိဘဆက် ပိုတိုးတက်တဲ့ သားသမီးဖြစ်အောင်လုပ်ဖို့ ကိုရော၊ မစဉ်းစားဘူးလား မြသီတာ"ဟု၊ မျက်နှာထား တင်းမာ သီဟ မေး၏။ မြသီတာက၊ ရယ်လျက် . . .

"အစ်ကို၊ ကျွန်မ,ကို ၊ စိတ်ဆိုးနေတာများ လား"

"ပတ္တမြားကို၊ လက်နှီးစုပ်နဲ့ထုတ်နေသလို အစ်ကိုခံစားနေရတယ် မြသီတာ။ စိတ်ဆိုးနေတာ မဟုတ်ဘူး"

"အစ်ကို့စကားကို၊ ကျွန်မ,နားမလည်းဘူး အစ်ကို"

"နားမ လည်ချင်ယောင် ဆောင်နေတယ် . . လို့ပဲ။ အစ်ကို၊ ယူဆတယ်။

ဖြစ်ချင်တဲ့ . . ဆန္ဒ၊ ပြောချင်တဲ့ . . စကား





ကို၊ တိုက်ရိုက်ပဲ၊ ပြောတော့မယ်"

မြသီတာက၊ ထီးကိုင်လက်လေးကို၊ တိမ်းဖယ်လျက်မျက်ခုံး သားတွန့်ကာ၊ သီဟ,ကို၊ ငဲ့ကြည့်သည်။

"အစ်ကို့၊ အလုပ်မှာ။ညီမ,ဝင်လုပ်ပါ။ဝင်ပြီး, ဦးစီးပေးပါ။ မတတ်သေးဘူး,မသိသေးဘူး ဆိုတဲ့ စကားနဲ့လည်း၊ မငြင်းပါနဲ့။

သူစိမ်း အမျိုးသားတစ်ယောက်ဆီက၊ ဘာ, အခွင့်အရေးမှ၊ မယူဘူး . . ဆိုတဲ့၊ စကားနဲ့လည်း၊ စေတနာကို၊ မစော်ကားပါနဲ့"

မြသီတာက၊ ပြုံးလျက် . .

"ကျွန်မ . . ၊ ဘာအကူအညီမှ ၊ မလိုပါဘူး။ လက်ရှိအခြေအနေကို၊ ကျွန်မ, တင်းတိမ်ပါတယ် အစ်ကို"

နေရောင်ပြင်းထဲတွင်၊ သီဟ,ခြေစုံရပ်၏။မြသီတာက . . ၊ ပြင်စွာ၊ ရပ်နေသူကို၊ အေးဆေးစွာ ထီးမိုးပေးသည်။သီဟ,က၊ သွားလာနေသော၊ ကားများကို၊ ကြည့်သည်။ဘေးဘီတွင်၊ လူသူ ရှင်းကို၊ စောင့်သည်။ ပြီးနောက်၊ မြသီတာ၏ ထီးကိုင်လက်ကို၊



www.burmeseclassic.com

www.burmeseclassic.com



ထီးနှင့်ရောချ၍၊ ဖိကိုင်လျက် . .

"ရည်းစားဦး အပါအဝင်၊ မိန်းကလေး . .
တော်တော်များများကို၊ ငါ့ချစ်တယ်လို့၊ ပြောဘူး
တယ် . . မြသီတာ။

အခု . . ၊ ငါ့ အသက်အရွယ်နဲ့၊ နင့်အသက်
အရွယ်ကြားမှာ။ငါ၊ တစ်ခါမှ မခံစားဘူးတဲ့၊ ခံစား
မျိုး၊ ငါ့ခံစားနေရတယ်"

"အစ်ကို"

မြသီတာက၊ မျက်လုံးတွင်မျက်ရည်ဝေ့လျက်၊ သီဟ,ဖိကိုင်
ထားသောလက်ကို၊ အားအနည်းငယ်မျှဖြင့်၊ ရုန်းဖယ်ကြည့်သည်
မရ။ သီဟ,၏ စကားသံ၊ မာထန်သည်ကို၊ သူကြောက်နေမိခြင်း
ဖြစ်သည်။သူ့ကို၊ ဆူပြောနေသည်ဟု၊ ခံစားရ၏။

"တခြားသူတွေကို၊ ပြောခဲ့ဖူးတဲ့၊ ချစ်တယ်
ဆိုတဲ့စကားထက်။ ပိုပြီးပြင်းထန်တဲ့၊ပိုပြီးထိရောက်
တဲ့စကားကို၊ ငါ့ပြောတတ်ချင်တယ်။

အခုလို၊ နင့်ပင်ပင်ပန်းပန်း၊ လုပ်ကိုင်နေ
တာကို၊ ငါ၊ မမြင်ချင်ဘူး။ မသိချင်ဘူး။





မကြွားချင်ဘူး။

အားလုံးကို၊ ငါ့ချစ်ခဲ့ပါတယ်လို့၊နင့်,ထင်နေ
ခဲ့ရင်၊ အဲဒီအားလုံးထက်ပိုတဲ့၊ စိတ်နဲ့၊ နင့်ကို၊ ငါ့၊
ချစ်တယ် မြသီတာ"

ရေတံခွန်,ပင်လယ်လှိုင်းလုံး,မိုးထစ်ချုန်း သကဲ့သို့၊ သီဟ,
သတိလက်လွှတ်၊ ပြောဆိုပွင့်အံမိလေပြီ။

"အစ်ကို၊ လမ်းမ,ပေါ်မှာ။ကျွန်မ,ကို၊ အော်
မပြောပါနဲ့"

မျက်နှာ ရှုံ့လျက်၊ တောင်းပန်သည့်၊ မြသီတာ၏ အသံနုနု
က၊ သီဟ,၏ သတိလွှတ်မှုကို၊ ရပ်တန့်စေသည်။

ဆုတ်ကိုင်ထားမိသော၊ မြသီတာ၏ လက်ကို၊ ဖြေလျှော့
ပေးလိုက်သည်။ မည်သည့် နှုတ်စကားမျှ မထွက်ဖြစ်တော့။ချွေးတွေ,
ပြန်နေသည်ဟု၊ ကိုယ့်ကိုယ်ကို၊ သိလိုက်၏။

♥A♥ ♥A♥



www.burmeseclassic.com

www.burmeseclassic.com



၁၄။ **ပုဏ္ဏက**

မခို့တရို့,
တစ်ခါမှ၊ မပွင့်ဖူးဘူး။
နေပြင်းပြင်းထဲမှာမှ
ချေးစက်နဲ့, ရဲရဲပွင့်၊
မိုးခဲထဲမှာမှ
ပြာမှုန်နဲ့, ရဲရဲရင့်။

ချစ်တာထက် ၊ ပိုချစ်တဲ့အကြောင်း . .
ဘယ်လို . . စာလုံးပေါင်းမလဲ။
ဝေခွဲရ ခက်နေရင်
ရက်ရက်စက်စက်မုန်းလိုက်ပါ။
ပြုံးပြုံးကြီး
ငါ . . ,ငိုနေမယ် . . ။ ။

A

သီဟ,တစ်ညလုံး၊ အိပ်၍မရ။ သူငယ်ချင်း၊ ဒေါက်တာဟန်စိန်ကိုပင်၊ မြသီတာအား၊ ပြုမူပြောဆိုခဲ့သည့်၊ အကြောင်းရပ်ကို





ရင်,မဖွင့်ဖြစ်တော့။

မြသီတာသည်လည်း . . ၊ ညဘက်, လုပ်ကိုင်ဆောင်ရွက်နေသမျှ အားလုံး၊ အလွဲလွဲအချော်ချော်။ ငှက်ပျောအူး လှီးနေရင်းမှ၊ ကြက်သွန်ခွာချင်ခွာနေမိသည်။ကြက်သွန်ခွာနေရင်းမှ၊ ပြုတ်ပြီးသားငါးပြုတ်အိုးကို၊ မီးဖိုပေါ်ပြန်တင်မိလေသည်။

ဆေးပြီးသား ပန်းကန် ခွက်ယောက်တွေ . . ကိုလည်း ၊ ထပ်ခါထပ်ခါ ဆေးနေမိပြန်၏။ သီဟ, အပေါ်၊ ရင်ခုန်ခြင်းထက်၊ ပိုမိုသော၊ သတိတရ စိတ်များဖြင့်၊ မြင်ယောင်နေလေသည်။

အတွေးမဆုံး
ရှေးရိုးလွမ်းနာ၊ ပန်းပမာသင်း၊
နာရင်းမြတ်နိုး၊ စိုးမိုးညတာ . .
မကြာခဏ၊ လာ . . လာလှန့်နှိုး၊
ရင်မှာစိုးထိတ်၊ တဒိပ်ဒိပ်နဲ့,
စိတ်လက်မကြည်၊အအိပ်ခက်ပြီလေ . .
နှိပ်စက်သည်လည်း ၊,မထင်မိ . . ။ ။

ကြားဖူးနာဝ,ရှိခဲ့သော၊ ကဗျာအတိုအစ,တွေကိုပင်၊ စိတ်မှ၊ ရေရွတ်မိချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



♥A♥

အလုပ်ကိစ္စများကို၊ မနက်ခုနစ်နာရီလောက်ကတည်းက ဖုန်းဖြင့်ဆောင်ရွက်ခဲ့ပြီး၊ မြသီတာ ရှိရာ၊ လှိုင်သာယာသို့၊ သီဟ ဘတ်(စ)ကားဖြင့်သွားသည်။

မုန့်ဟင်းခါးဆိုင်အတွင်းသို့၊ လူရှင်းမှ၊ ဝင်ထိုင်လေသည်။ သီဟ,ကိုတွေ့လျှင်တွေ့ချင်း၊ မြသီတာမှာ၊ အံ့ဩဝမ်းသာ၊ ဖြစ်ရ၏။

"အစ်ကို၊ ဘာဖြစ်လို့၊ အစောကြီးလာတာ လဲ"

"ညက၊ အိပ်လို့၊ မရလို့"ဟု၊ မုန့်ဟင်းခါးပန်းကန်ထဲမှ မုန့်တွေကို၊ မွှေနှောက်ရင်း၊ သီဟ,ပြော၏။"ကျွန်မ,လည်း အတူတူပဲ"ဟု၊ မြသီတာ၊ စိတ်ထဲမှသာ၊ ပြောသည်။

"အခု၊ မြသီတာကို၊ အစ်ကို၊ တွေ့ချင်လို့ . . လာတာ"

"အစ်ကိုရယ် . . ။ဝေးလိုက်တာ . . ။ လမ်းထိပ်က၊ ကုန်စုံဆိုင်မှာ . . ၊ ဖုန်းရှိတယ်။ ညကျရင် အစ်ကို့ဆီကို၊ ညီမ,ဖုန်းဆက်ပါ့မယ်"





"ညတိုင်း ဆက်မှာလား"

မြသီတာ၊ ရှက်စနိုး ခေါင်းညိတ်၏။မုန့်ဟင်းခါး ဝယ်သူ အစ်ယောက်၊ ဆိုင်ခုံအနီးသို့၊ ဝင်လာ၏။"ပါဆယ်"ဟု၊ ပြောသည်။ မြသီတာက၊ ကျွမ်းကျင်သပ်ယပ်စွာ၊ ထုပ်ပိုးပေးလိုက်၏။

ဝယ်သူ၊ ထွက်သွားသည့်အခါကျမှ၊ သီဟ,က . .

"အစ်ကို့ကို၊ စိတ်ဆိုးနေလား"

မြသီတာက၊ ပြုံးလျက် . .

"စိတ်မဆိုးလို့၊ ဖုန်းဆက်မယ် ပြောတာပေါ့ အစ်ကိုရဲ့။ပြီးတော့၊ အစ်ကိုလာရတာ၊ ပင်ပန်းမှာ၊ စိုးလို့။ဖုန်းဆက်မယ်ပြောတာ"

"မလာစေချင်လို့ ၊ အနုနည်းနဲ့ ၊ တားတာ မဟုတ်ဘူးလား"

"ပင်ပန်းမှာ၊ စိုးတာပါ ။ မလာစေချင်တာ၊ မဟုတ်ပါဘူး ။ အစ်ကို့,ကားနဲ့ ၊ လာမှာကိုတော့၊ ကြောက်တယ်။

ဘတ်(စ)ကားနဲ့၊ လာရလို့၊ ပင်ပန်းတာကို လည်း၊ သိတယ် ။ ကားငှားစီးပြန်ရင်လည်း . . ၊



www.burmeseclassic.com

www.burmeseclassic.com



အသွားအပြန် ၊ ကား၊ခ,က ၊ ကျွန်မ, တစ်မနက်
အမြတ်ငွေလောက်ရှိမယ်။ နှမြောစရာ"

တွက်ချက်ပြောပြ နှမြောနေလေသော၊ မြသီတာကို၊ ကြည့်လျက်၊ သီဟ, သဘောကျနေမိသည်။

"ရတယ်။ အစ်ကို၊ ဘတ်(စ)ကားပဲ၊စီးလာမှာ
ပါ။ မပင်ပန်းပါဘူး"

"နေ့တိုင်းတော့ . . ၊ မလာနဲ့လေ။ အစ်ကို
အဲဒီလို ၊ နေ့တိုင်းလာမှာစိုးလို့ ၊ ဖုန်းဆက်မယ်
ပြောတာလေ"

"အဖေ ဆူမှာ၊ စိုးလို့လား"ဟု၊ သီဟ,မေး၏။

"ဆူမှာ ပြောမှာ စိုးလို့, တစ်ခုတည်း၊ မဟုတ်
ပါဘူး။ အစ်ကို ပင်ပန်းမှာလည်း၊ စိုးတယ်လေ
အဖေတို့က၊ သံချိသံကွေးလုပ်တာ။ မနက်
ခုနစ်နာရီဆို၊ သွားကြပြီ။အစ်ကို့ကို၊ အဖေသိတာပဲ
မဆူလောက်ပါဘူး . . ။အဆူခံရမယ့် ၊ အရွယ်
မဟုတ်တာ"

သီဟ,က၊ ဝန်းကျင်ကို၊ ဝေ့ကြည့်ပြီးမှ . .





"အစ်ကို၊ပြောခဲ့တဲ့၊ ချစ်တယ်ဆိုတဲ့စကား
ကို၊ မြသီတာ၊ တကယ်သိနားလည်တယ်ဆိုရင် . . ၊
အစ်ကို့ကို၊ ပြန်ချစ်ပါလား၊ မြသီတာ"

မြသီတာက၊ မုန့်ဟင်းခါး ဟင်းရည်အိုးကို၊ တစ်ချက်မွှေသည်။ ထို့နောက် . . ၊ မုန့်ဖတ်တွေကို၊ လက်ဖြင့်, အနည်းငယ်ဖွ၏။ ပြီးမှ ၊ မျက်နှာနုဖြင့်၊ တောင်းပန်ဟန်ကိုးကာ ၊ သီဟ,ကို၊ သွတွေကြည့်ရင်း၊ မရဲတရဲ၊ ပြောလိုက်သည်။

"ကိုယ့်ခြေထောက်ပေါ်၊ ကိုယ်ရပ်ပြီး။ကိုယ့်
ဝင်ငွေ ကိုယ်ရှာနေတာကို၊ အစ်ကို, မဟန့်တား
ဘူးဆိုရင်၊ အစ်ကို့ကို၊ ညီမ, ချစ်ပါတယ်"

ပြောပြီး၊ ခေါင်းငုံ့၏။ ပြီးနောက်၊ မလိုအပ်ဘဲ၊ ဟင်းရည်အိုးကို၊ မွှေနေတော့သည်။ တုံ့ပြန်ချစ်စကားကို၊ ကြားရသည်နှင့်၊ သီဟ,၏၊ ချွေးဆို့ဆို့များ၊ ခြောက်ခန်းသွားပြီး၊ လှိုင်သာယာ တစ်မြို့လုံးရှိ၊ သပ္ပများ၊ အေးစက်ချမ်းစိမ့်သွားသည်ဟု၊ ခံစားရလေ၏။

မွှေနေမိသော၊ မုန့်ဟင်းခါးကို၊ ယခုမှ၊ တစ်ဇွန်းခပ်စားသည်။ပြီးနောက်၊ မျက်နှာလွှဲဖယ်၊ မျက်ဝန်းနွယ်ကို၊ မြတ်နိုးစွာကြည့်ရင်း . .



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို၊ ဒီကို ၊ ဘတ်(စ)ကားနဲ့လာရတာ မြသီတာ၊ ပင်ပန်းတယ်လို့၊ ထင်နေတယ် မဟုတ်လား"

မြသီတာ၊ ခေါင်းညိတ်၏။သီဟ,ဘက်သို့မျက်နှာမမူသေး

"အစ်ကို၊ ပင်ပန်းရင်။ မြသီတာ၊ ဘယ်လို ခံစားရသလဲ"

"စိတ်မကောင်းဘူးပေါ့"

"မြသီတာ ၊ ပင်ပန်းနေရင်ရော။ အစ်ကို ဘယ်လို၊ ခံစားရမလဲ။ ပျော်လိုက်တာ . . ဆိုပြီး ထ,က နေရမလား။သူ့ သဘောနဲ့၊ သူ . . ပဲ၊ ဆိုပြီး မမြင်ချင်ယောင်၊ ဆောင် ထားရမလား"

မြသီတာ၊ မဖြေ။ ငုံ၍သာ၊ ကြည့်နေသည်။

"ချစ်တယ် လို့ ပြောလိုက်တာ။ တစ်ယောက်နဲ့၊ တစ်ယောက်။ဒုက္ခမျှဖို့။သုခ,ဝေဖို့။တစ်ယောက်နဲ့တစ်ယောက်၊ အားပေးဖို့။ ကူညီဖို့။

ဒါကို၊ အလွဲသုံးစားလုပ်ချင်သူတွေက,တော့ တစ်ယောက်ရှိတာကို၊ တခြားတစ်ယောက်က၊ ရ





သဘောက်ယူတတ်ကြတာပဲ။

အဲဒီအထဲမှာ၊ တကယ့်ချစ်သူတွေ၊ မပါဘူး ညီမ။ ညီမ, အစ်ကို့ကို၊ တကယ်ချစ်တယ်ဆိုရင်၊ အစ်ကို၊ စီမံတာကို၊ လက်ခံပါ"

"ကျွန်မ, ကိုယ့်ဘာသာ ၊ ကြိုးစားပါရစေ အစ်ကို . . ။ မုန့်ဟင်းခါး ရောင်းတာ ၊ ယာယီပါ။ တခြား ၊ အရောင်းအဝယ်တွေလည်း . . ၊ ကျွန်မ, လုပ်ရဦးမှာပါ"

"ရွှေ ,ရောင်းသလောက် ၊ အဆင်ပြေပါ့မလား၊ မြသီတာရယ်"

"ဒါတော့, ဒါပေါ့ အစ်ကိုရယ်။ ဟင်းရွက် ကန်စွန်းရွက်တောင်၊ စုံအောင်၊မရောင်းတတ်ဘဲနဲ့၊ ရွှေဆိုင်ပေါ်တက်ထိုင်ချင်တဲ့၊ လောဘ,မျိုး။ ကျွန်မ, မှာ၊ မရှိသေးလို့ပါ။

မိန်းမသားတိုင်းက ၊ ယောကျ်ားတိုင်းကို ၊ အားမကိုးချင်ကြပါဘူး။ ချစ်တဲ့ သူအပေါ်မှာပဲ၊ အားကိုးချင်ကြတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ၊ ကျွန်မ,က၊ ကိုယ့်ကိုယ်ကိုပဲ၊ ခို
အားကိုးချင်လို့ပါ။ ဒီလို ပြောလို့၊ အစ်ကို၊ စိတ်
ဆိုးပါနဲ့။စေတနာ,မေတ္တာကို၊စော်ကားတယ်လည်း
မထင်ပါနဲ့"

"ခြသေ့်လိုအားမျိုးရှိလျက်နဲ့၊ ကြွက်ထိုင်ခေါင်း
နေသလိုမျိုး၊ မဖြစ်စေချင်တာပါ မြသီတာ"

သီဟ,၏ ပမာပေး စကားကြောင့် ၊ မြသီတာ ၊ ပြုံးသော
သည်။သီဟ, စကားဆက်ပြန်၏။

"ဘာပဲ ဖြစ်ဖြစ်လေ။ အစ်ကို့ကို၊ ပြန်ချစ်တဲ့
အတွက်၊ အစ်ကို . . ၊ အစိုင်းအခဲ, မသိလောက်
အောင်ပျော်ပါတယ်။အဲဒီ့အတွက်လည်း၊ ညီမ,ကို
ကျေးဇူးတင်ပါတယ်။

ညီမ, ပင်ပန်းနေသမျှ၊ အစ်ကို, သိပ် . .
စိတ်ဆင်းရဲနေရတယ် ဆိုတာကို၊ မုန့်ဟင်းခါးအိုး
မွှေနေတိုင်း၊ ညီမ, သိပေးပါ။ ငှက်ပျောအူ လှီးနေ
တိုင်း၊ တွေးပေးပါ။ ငါးပြုတ်နေတိုင်း၊ စဉ်းစားပေး
ပါ"





"အစ်ကိုရယ် . . "

"လက်ထပ်ပါရစေတော့လို့၊ အစ်ကိုပြောရင်
လည်း၊ ကိုယ်ခွန်ကိုယ့်အားနဲ့၊ စုဦးဆောင်းဦးမယ်
လို့။ညီမ, ပြောဦးမှာပါပဲ။

ဒီလို မိန်းကလေးမျိုးကို၊ ချစ်သူဖြစ်ခွင့်ရတဲ့
အတွက်၊ အစ်ကို , ဂုဏ်လည်း . . ယူပါတယ်။
သာခုလည်း၊ ခေါ်ပါတယ် ။ ဒါပေမဲ့ ညီမ,ရယ်။
ချစ်သူအချင်းချင်း၊ မာန ထားနေသလိုမျိုးတော့၊
မဖြစ်စေချင်ဘူး"

"မာန မဟုတ်ပါဘူးအစ်ကိုရယ် . . ။ ကျွန်မ,
တန်ဘိုး၊ ဘယ်လောက်ရှိသလဲ . . လို့၊ ကိုယ့်ကိုယ်
ကို၊ သိချင်လို့ပါ"

သီဟ,က . .

"လမ်းခင်းတဲ့ ၊ ကျောက်တုံး ကျောက်ခဲ ၊
ကျောက်မွဲပဲ ဖြစ်နေပါစေ ။ တန်ဘိုးသိတဲ့သူက၊
တန်ဘိုးထားပြီးသားပါ။

စိန်တုံး,ရွှေတုံးကြီးပဲ၊ ဖြစ်နေပါစေ။ ခေါ်ပြ



www.burmeseclassic.com

www.burmeseclassic.com



တိုက်လို့ ရလာတဲ့ တန်ဘိုးမျိုးဆိုရင်တော့ ပေး
တဲ့သူနဲ့ မသိချင်ယောင်ဆောင်တတ်တဲ့သူတွေက
တန်ဘိုးထားပြီး ၊ သိတဲ့သူက၊ မစင်ရှောင်သလို
ရှောင်ကြဉ်တာပါပဲ။

ညီမ,ရဲ့,တန်ဘိုးကို၊ ညီမ,ချစ်တယ်ဆိုတဲ့
အစ်ကို သိတယ် လေ . .။ တခြား ဘယ်သူ, သိဖို့
လိုသေးလို့လဲ။ ညီမ,လည်း၊ အစ်ကို့ အကြောင်းကို
သိထား ကြားထားမှာပါ။

ဘယ်လို မျှော်နှာထားက ၊ မက်မောတတ်
တယ်၊ ဘယ်လို အမူအရာက၊အခွင့်အရေးယူတတ်
တယ် . . ဆိုတာ၊ အစ်ကို, ခန့်မှန်းနိုင်ပါတယ်။

ချစ်တဲ့သူက ၊ တန်ဘိုး ထားပါတယ် . . ဆိုမှ
တော့၊ အတူလက်တွဲရုံပဲ၊ ရှိတော့တာပေါ့။မဟုတ်
ဘူးလား"

"ဟုတ်ပါတယ် အစ်ကို။ ချစ်တဲ့သူအတွက်
ရော . . ၊လူ့ဝန်းကျင်အတွက်ရော၊ ကျွန်မ, တန်ဘိုး
ရှိချင်ပါတယ်"





"အင်း . . ။ အဲဒါ,ဟုတ်တယ်။ အစ်ကို,
လည်း၊ကိုယ့်အတွက်ကိုယ်လုပ်နေရတာနဲ့၊လူ့ဝန်း
ကျင်အတွက်၊ ဘာမှ၊ မလုပ်ရသေးဘူး။နှစ်ယောက်
လက်တွဲပြီး၊လုပ်ကြတာပေါ့နော်"

မြသီတာ၊ ခေါင်းညိတ်၏။

"ဒါဆို၊ အစ်ကို၊ ပြန်တော့မယ်။ညကျရင်,
ဖုန်းဆက်နော်။ ကျန်တဲ့စကားတွေကို၊ ဖုန်းထဲက,ပဲ၊
ပြောတော့မယ်"

"ကုန်အောင်စားလေ" . . ဟု၊ မြသီတာ၊ ပြော၏။"ဝ,သွား
ပြီ" ဟု၊ သီဟ,ပြောသည်။

"မရဘူး။ ကုန်အောင်စား"

သီဟ, ခေါင်းညိတ်သည်။ မြသီတာက၊ ဟင်းရည် ပူပူလေး၊
ခပ်ထည့်ပေးသည်။ ရန့်မွှေးနေ၏။

+

မြသီတာက၊ ညစဉ် ဖုန်းဆက်သည်။ သီဟ,က၊ အလုပ်ပါး
ချိန်တိုင်း၊ မနက်စောစောအလျက်၊ မြသီတာ၏ မုန့်ဟင်းခါးဆိုင်သို့
သွား၏။



www.burmeseclassic.com

www.burmeseclassic.com



လ,ပြည့်နေ့တွင်၊ မြသီတာ ဈေးအရောင်းနားသည့်

ထို့နေ့တွင်၊ သီဟ,က၊ ချစ်သူမြသီတာကို၊ ရွှေတိဂုံ စေတီသို့ လိုက်

၏။ကိုယ်ပိုင်ကား၊ အငှားကားတို့ဖြင့်၊ လိုက်ပို့ခွင့်မရ။

"ဇိမ်ခံဖို့ ကားဝယ်စီးကြတာမဟုတ်ပါ

ညီမ,ရယ်။ အချိန်ကုန်သက်သာအောင်။လူ , သ

သာအောင်။ ခရီးမဖင့်အောင်၊ ဝယ်စီးကြတာ

အစ်ကိုဆိုရင်၊ ဝယ်စီးနေတဲ့ကားနဲ့၊ တစ်

ဇိမ်ခံဖို့၊ အချိန်မရခဲ့ပါဘူး။အထည်ပစ္စည်း၊ အ

ပေါ်လိုပြီဆိုတာနဲ့၊ လိုတယ်ဆိုတဲ့နေရာကို၊ အ

မောင်းသွားရတာ။

အခုလည်း ၊ ဘတ်(စ)ကားစီးလာရ

ရောက်ချင်တဲ့နေရာကို ၊ အချိန်အကြာကြီး

ရောက်တာပေါ့။

အခုဆိုရင်၊ အချိန်ဆိုတာကို၊ အစ်ကို

နှမျောတတ်နေပြီ။ မတိုးတက်ခင်တုန်းက၊ အ

တိုင်း၊ငွေရှာခဲ့ရတော့၊ငွေကို,အချိန်နာရီနဲ့၊ လဲ

နေရတယ်လို့၊ သိခဲ့ရတယ်။





အသင့်အတင့်, တိုးတက်နေတဲ့ ၊ အခုအခါ

မှာလည်း၊ အချိန်တိုင်း၊ တန်ဘိုး ရှိတယ်ဆိုတာ၊

သိထားတော့၊ အချိန်နာရီတွေကို၊ ငွေနဲ့ပြန်ဝယ်

နေရတယ်လို့၊ ခံစားရတယ်"

"အချိန်ကို၊ ငွေနဲ့, ပြန်ဝယ်နေရတယ် . . ။

ဟုတ်လား"

သီဟ, ခေါင်းညိတ်ပြေ၏။

"ညီမ,နားမလည်ဘူး။ရှင်းပြ"

"အချိန်တိုင်း၊ ငွေလိုချင်တဲ့အတွက်။ အချိန်

တိုင်း အလုပ်,လုပ်နေတာကို၊ ငွေကို, အချိန်နဲ့, လဲ

တယ်လို့၊ ခေါ်တယ်"

မြသီတာ၊ နားရှင်းသဖြင့် ခေါင်းညိတ်၏။

"နောက် . . ,နာရီဝက်လောက်မှာ ၊ ငွေ ,

နှစ်သောင်းလောက်ရမယ့်၊ အကျိုးအမြတ်တစ်ခု

အတွက်၊ တစ်နေရာကို၊ အရောက်သွားဖို့, ရှိတယ်

ဆိုပါတော့။

ဒီမှာလည်း၊ အလုပ်ကမပြီးပြတ်သေး၊ဟိုကို



www.burmeseclassic.com

www.burmeseclassic.com



လည်း၊ သွားဖို့ အချိန်နီးနေပြီဆိုရင်၊ အဲ့ဒီ့နေရာကို ဘတ်(စ)ကားလိုဟာမျိုးနဲ့ သွားဖို့ မဖြစ်နိုင်တော့ဘူး။

အဲဒီအခါ၊ အငှားကားနဲ့ ဖြစ်ဖြစ်၊ ကိုယ်ပိုင်ကားနဲ့၊ ဖြစ်ဖြစ်၊ သင့်တင့်တဲ့ ငွေကြေးကို၊ အကုန်ခံပြီး . . ၊ အချိန်မီ၊ အရောက်သွားလိုက်ရတာမျိုး အဲဒါကို ကျတော့ ၊ အချိန်ကို၊ ငွေနဲ့ လဲတယ်လို့ ခေါ်တယ်။ ရှင်းပြီလား"

မြသီတာ"ဟုတ်ကဲ့"သည်။

"အချိန်ရဲ့တန်ဘိုးကို၊ အစ်ကို၊သိနေပြီဖြစ်တဲ့အတွက်။ မလိုအပ်ဘဲ၊ အချိန်ပိုကုန်တာမျိုး ညီမကို၊ အစ်ကို၊ မဖြစ်စေချင်ဘူးလေ။

အချိန်ကုန်သက်သာတဲ့ ၊ ကိုယ်ပိုင်ကား အစ်ကို့မှာရှိနေတာပဲ။ ဘာအားနာစရာလိုသေးလို့ ဘာ့ကိုထည့်ထွက်နေရမှာလဲ"

"ကိုယ်ပိုင်ကားမစီးချင်တဲ့သူ ၊ မရှိပါဘူး . . အစ်ကို၊ ညီမလည်း၊ စီးချင်တာပါပဲ"





"အဲဒါဆိုလည်း၊ အစ်ကို့ကားကို၊ ဘာဖြစ်လို့ မစီးတာလဲ"

မြသီတာက၊ ပြုံးလျက် . .

"မြသီတာရဲ့ငွေနဲ့၊ ဝယ်ထားတာမှ မဟုတ်တာ။အဆင်သင့်၊ တက်ထိုင်နိုင်တဲ့၊ စိတ်စွမ်းအား၊ မြသီတာမှာ၊ မရှိဘူး အစ်ကို"

"ဒါဆို။ လက်ထပ်ပြီးရင်ရော၊ အစ်ကို့ကားကို၊ မစီးဘူးလား"

ခေါင်းခါပြပြီး . .

"အစ်ကို့လောက် မကြွယ်ဝသေးဘဲနဲ့ ၊ မြသီတာ၊ အစ်ကို့ကို၊ လက်မထပ်သေးဘူး"

"မာန ကြီးလိုက်တာ၊ မြသီတာရယ်"

"အစ်ကိုကလည်း၊ မာနကြီးတာ မဟုတ်ပါဘူးဆို။

ဆွေးမျိုးသားချင်းထဲက၊ပဲဖြစ်ဖြစ်၊ အိမ်နီးနားချင်းထဲက၊ပဲဖြစ်ဖြစ်၊ အပေါင်းအသင်း သူငယ်ချင်းထဲက၊ပဲဖြစ်ဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



မုန့်ဟင်းခါးသည်လေးက၊ ပန်းတိမ်ဖို ,
ပိုင်ရှင်ကို၊အရ,ချိုင်နိုင်တယ် . . ဆိုတဲ့။ အမြင်မျိုး
အထင်မျိုး,ငယ်ရွယ်သူတွေ . . အားကျနေတာမျိုး
လုံး၀ . . ,အဖြစ်မခံနိုင်တာပါ။

ဝေဖန်တာကို ၊ မခံနိုင်တာ၊ မဟုတ်ဘူး
အစ်ကို ။ ကိုယ်ပိုင် အရည်အသွေး၊ ရှိအောင် မကြိုး
ပမ်းဘဲ၊ ဒီအစ်မ,ကြီးလိုမျိုး၊ အရ,ချိုင်နိုင်အောင်
လုပ်ဦးမှပဲ . . လို့၊ ငယ်ရွယ်သူတွေ၊ တလွဲ အားကျ
တဲ့မျိုးကို၊ အဖြစ်မခံချင်တာပါ"

"အတွေးခေါင်လွန်းတယ် မြသီတာ။လူဆို
တာ၊ ကိုယ်လုပ်ချင်တာ , လုပ်သင့်တာကို၊ လုပ်ရ
မယ့်အချိန်အခါမှာ၊ လုပ်ကို၊ လုပ်ရမှာပဲ။

ပြည်တည်, ရင်း, မှည့်နေတဲ့အနာကို၊ခွဲဖို့
အချိန်တန်နေပါလျက်၊ ဓားမရှိလို့, အရက်ပြန် မရှိ
သေးလို့ . . ,ဆိုပြီး ။ ရှိလာအောင် ၊ အချိန်ပေး
ဆောင်ရွက်နေမယ့်အစား။ ဓားမရှိလည်း၊ ရေနွေး
နဲ့ပြုတ်ထားတဲ့၊ နှီးပြားနဲ့၊ခွဲမယ်။အရက်ပြန်,ပိုးသတ်





ဆေးမရှိလည်း၊ ရေနွေးပူပူနဲ့၊ အနာကိုဆေးရမယ်။
ဆပ်ပြာနဲ့၊ ဆေးမယ်။ ဒါဆို , အချိန်မနှောင်းတော့
ဘူးပေါ့။

ပြီးတော့ . . ။ လူတွေအားလုံးဟာ၊ ကိုယ့်
အလုပ်နဲ့ကိုယ်၊ ရှုပ်နေကြတာပါ။ မြသီတာ၊ဘာ,
လုပ်နေသလဲ ဆိုတာ၊ တကူးတက, စောင့်ကြည့်
မနေကြပါဘူး"

"အစ်ကိုပြောတာ၊ ဟုတ်မှာပါ။ ဒါပေမဲ့ . . ,
မြသီတာ၊ ကိုယ့်အလုပ်နဲ့ကိုယ်၊ ကြိုးစားချင်သေး
တယ်"

"ဘယ်လောက်အထိ၊ ကြိုးစားချင်တာလဲ"ဟု၊ သီဟ,မေး
သဲ၊ မြသီတာက . .

"အစ်ကို့လောက် ၊ ကြွယ်၀,တဲ့အထိပေါ့။
မုန့်ဟင်းခါးရောင်းပြီး၊ စကားကြီးစကားကျယ်ပြော
တယ် မထင်နဲ့နော်။ မြသီတာမှာ ၊ လုပ်စရာတွေ
. . အများကြီးပဲ"

"အချိန် ဘယ်လောက်ကြာမှာလဲ . . လို့ ၊



www.burmeseclassic.com

www.burmeseclassic.com



အစ်ကို ၊ မေးတာ"

"နှစ်နှစ်။ အလွန်ဆုံး ၊ သုံးနှစ်"

သီဟ, ပြုံးလျက် . .

"အစ်ကိုက၊ အဖိုးကြီးဖြစ်တော့မှာနော်"

"အဲဒီလောက် ၊ မကြာပါဘူး အစ်ကိုရဲ၊ အစ်ကို၊ အဖိုးကြီးဖြစ်တော့လည်း၊ ညီမ,က၊ အစ်ကို ရဲ့, လက်ဆွဲတော်၊ တောင်ဝှေးလေးပေါ့"

"မိန်းကလေးတစ်ယောက်က၊ သူချစ်တဲ့သူကို လက်ထပ်ဖို့၊ သုံးနှစ်သုံးမိုး၊ အလုပ်ကြိုးစားမယ်ဆို တာ။ မြန်မာ နိုင်ငံမှာ၊ ဒါ . . ပထမဆုံး၊ ဖြစ်မယ် ထင်တယ်"

မြသီတာက၊ ရယ်မောကာ . .

"မိန်းကလေးအတွက်၊ သုံးနှစ်သုံးမိုး၊ ကြိုး ပမ်းခဲ့ကြတဲ့၊ ရှေးခေတ် မြန်မာ အမျိုးသားများအား လုံးကို၊ ဂုဏ်ပြုသောအားဖြင့်ပေါ့ အစ်ကိုရယ်"

တူယှဉ်ရယ်မော နေမိကြသည်။

"သူများဆီက၊ဖုန်းဆက်ရတာ။အဆင်မပြေ





မှာစိုးတယ်။ ရော့ . . , ဒီဖုန်းတစ်လုံး ယူထား"

သီဟ,ပေးသော၊ လက်ကိုင်ဖုန်းငယ်ကို၊ ငုံ့ကြည့်ကာ၊ နှုတ် ခမ်းတွန့်လျက်၊ မြသီတာက . .

"ညီမ, စိတ်ဆိုးတာ၊ အစ်ကိုမြင်ဖူးချင်ပြီထင် တယ်။ငါ့, ကိုကိုက၊ ဟမ်းဖုန်းဝယ်ပေးထားတာ ဆို ပြီး၊ ရွယ်တူတွေကြားမှာ၊ အရှက်မရှိ၊ လိုက်ကြွား တတ်တဲ့၊စကဒ်တိုတို ကောင်မ,လေးတွေနဲ့။ဟောဒီ, မုန့်ဟင်းခါးသည်နဲ့။ ရော့ . . ပစ်လိုက်ပြီလား"

သီဟ,က၊ ဖုန်းကို၊ ကမန်းကတန်း ပြန်သိမ်းလိုက်သည်။

"ကဲကဲ . . ။ ကျွန်တော် မှားသွားပါတယ်။ ကျွန်တော်လည်း . . ၊ စိတ်ဆိုးချင်ပါတယ်။ဒါပေမဲ့, မဆိုးတော့ပါဘူး။ပေါက်ကရ စကားတွေနဲ့တော့ ၊ မပစ်ပေါက်ပါနဲ့တော့"

မြသီတာ၊ ဘာမှ ပြန်မပြောဘဲ၊ သီဟ,၏ ပခုံးတွင်၊ မှီနွဲ့ သည်။ သီဟ,က . .

"လက်မထပ်ရသေးခင်၊ ကျွန်တော်, ဒီ . . နှမတော်လေးဆီကို၊ လာရင်၊ ဘတ်(စ)ကားနဲ့ပဲ၊



www.burmeseclassic.com

www.burmeseclassic.com



လာပါမယ်။

နှမတော်လေးက,လည်း၊ ရွှေကိုယ်တော်ကို သနားရင်၊ အချိန် သိပ်မဆွဲ ပါနဲ့ လို့၊ တောင်းပန်ပါတယ် . . နော်"

"ဟုတ်"

♥A♥ ♥A♥

၁၅။





ဆက်သွယ်သော ဖုန်းနံပါတ်၊ ပြောင်းနေသည်ဟု၊ သိ၏။ "ဘယ်က, ဆက်တာလဲ"ဟု၊ သီဟ, မေးသည်။ "အိမ်က, ဆက်တာ"ဟု၊ မြသီတာ၊ ဖြေ၏။ "မနက် အစ်ကိုလာခဲ့မယ်နော်"ဟု၊ သီဟ, ပြောသောအခါ၊ မြသီတာက . . "မနက်, အိမ်မှာ၊ မရှိဘူးအစ်ကို။ နောက်နေ့မှ . . လာ"ဟု၊ ပြောသဖြင့်၊ သီဟ, ဘဝင်မကျ။

♥A♥

"အစ်ကို့ကို၊ စိတ်မဆိုးရင်။ တစ်ခုမေးချင်တယ်"

"မေးလေ အစ်ကို။ ဘာမေးမှာလဲ"

"ဒီဖုန်း။ ဘယ်က,ရတာလဲ။ အစ်ကို ပေးတဲ့ ဖုန်းကျတော့၊ မယူဘဲနဲ့"

"ဘယ်သူပေးတာလဲ . . လို့။ မေးချင်တာလားအစ်ကို"

"သူများပေးတာ၊ မြသီတာ အလကားမယူတတ်ဘူး . . လို့။ အစ်ကို၊ သိထားပါတယ်"

"ကိုယ်ပိုင်ဖုန်းပါ အစ်ကို" . . ဟု ၊ မြသီတာ ၊ ဖြေ၏။ ဘယ်က,ရတာလဲ၊ ဘယ်လိုရတာလဲ ဟု၊ သီဟ,မမေးဖြစ်တော့ချေ။

www.burmeseclassic.com



"ပိုက်ဆံရှိရင်။ ညီမ, အတွက်၊ အစ်ကိုနဲ့ ဆက်သွယ်ဖို့ရော၊ အလုပ်ကိစ္စ အတွက်ရော ၊ ဖုန်း တစ်လုံး ဝယ်မယ်လို့၊ ရည်ရွယ်ထားတာ၊ ကြာပြီ"

သီဟ,က၊ မယုံသင်္ကာစွာ၊ မေးမြန်းသလို၊ မဖြစ်ရအောင် စကားလုံးကို၊ လွန်စွာ ရွေးချယ်နေရ၏။

"မနေ့က၊ ဘယ်သွားလို့လဲ။ ပြီးတော့ . . . ဆိုင် မထွက်တာ၊ ခဏခဏ"

"စံပြ ငါးဈေးသွားတာ။ မနက် အစောကြီး ထ,သွားရတာ"

"ဘာကိစ္စ၊ သွားတာလဲ"

"အလုပ်ကိစ္စ"

ထို့ထက်ပိုမမေးသင့်တော့ကြောင်း၊ သီဟ, သတိကပ်၏။

"အစ်ကို၊ လိုက်ပို့ဖို့, မလိုဘူးလား မြသီတာ" မြသီတာ ၊ ခေါင်းခါသည်။

♥A♥

တစ်နှစ်မျှ ကြာသောအခါ၊ မြသီတာ၏, အလုပ်ဆိုသည်ကို သီဟ, သိခွင့်ရလာသည်။သိလျှင်သိချင်း၊သီဟ,မှာ၊ဝမ်းသာသလိုလို ဝမ်းမသာ သလိုလို၊ ဖြစ်ရ၏။

"ငါးလုပ်ငန်းနဲ့၊ စီးပွားဖြစ်တာကို၊ အစ်ကို သိပါတယ်။ဝမ်းလည်းသာ,ဂုဏ်လည်း၊ယူပါတယ်။ ဒါပေမဲ့, အ,ကုသိုလ်များနေမလားလို့ပါ"

"အစ,အဦးတော့ ။ ငါးပွဲစားပေါ့ အစ်ကို ရယ်။ နောက်တော့ , ငါးလုပ်ငန်းပိုင်ရှင်ပေါ့။ အရပ်ထဲဈေးထဲမှာ . . ၊ ငါးလေး အကောင် နှစ်ဆယ်လောက်ကို၊ ချိန်ခွင်နဲ့ ထိုင်ရောင်းနေရ ရင်။ လူတွေက၊ ငါးစိမ်းသည် . . လို့, ခေါ်ကြမှာ။ အခုတော့၊ အဲဒီလိုမခေါ်ကြဘူး။ ငါးပွဲစား . . တဲ့။ငါးလုပ်ငန်းပိုင်ရှင် . . တဲ့။ဘယ်လိုခေါ် ခေါ် ပါ။ ငါးရောင်းတာက၊ ငါးရောင်းတာငါပဲ။

ဘာဝယ်ဦးမလဲရှင်ဆိုတာနဲ့။What can i help you . ဆိုတာနဲ့တော့၊ကွာတာပေါ့။ကျွန်မ,က၊ ပြည်ပ,နဲ့၊ ဆက်သွယ်ပြီးလုပ်နေတာ၊ အစ်ကိုရဲ့"

သီဟ,ငြိမ်သက်လျက်သာ ၊ နားထောင်နေ၏။

"ဒါပေမဲ့။ အစ်ကို သိပ်မနှစ်သက်ရင် . . ၊

www.burmeseclassic.com



ညီမ, သတ်မှတ်ထားတဲ့၊ အတိုင်းအတာရောက်တဲ့ အခါ၊ မလုပ်တော့ပါဘူး။ နော် . . အစ်ကို။

လောလောဆယ်တော့။ မုန့်ဟင်းခါးရောင်းတာကိုရော ၊ ငါးရောင်းတာကိုရော ။ စားကုန်သောက်ကုန်၊ ဖြန့်ဖြူးရေးလုပ်ငန်း . . လို့ပဲ၊ နှလုံးသွင်းပြီး၊ လုပ်ပါရစေဦး အစ်ကိုရယ်"

သီဟ,က . .

"အစ်ကို ၊ ဘယ်လိုမှ ၊ မဝေဖန်ရက်ပါဘူး ညီမ,ရယ်။

ဘာပဲလုပ်လုပ်။ ဘယ်အလုပ်ပဲ၊ လုပ်လုပ် အ,ကုသိုလ်၊ အနည်းဆုံး ဖြစ်စေချင်တာပါ"

"ဟုတ်ကဲ့ပါ အစ်ကို"ဟု၊ မြသီတာ၊ ရိုသေစွာ ပြောသည်။

+

"ကားမောင်းသင်တန်းတက်နေတယ်"။"(က. ည. န)မှာ ရောက်နေတယ်"။"အလုပ်ကိစ္စ စကားပြောနေလို့၊ နောက်ပြီးတော့မှ ပြန်ဆက်လိုက်မယ်နော် အစ်ကို". . ဆိုတာမျိုးတွေဖြင့်၊ မြသီတာ ဖုန်းဆက်သည့်၊ အခါတိုင်း၊ သီဟ, မကြာခဏ၊ ကြုံနေရပေသည်။





စိတ် ထိခိုက်သော်လည်း၊ စိတ်မဆိုးရက်။

မယုံသင်္ကာစိတ်ဝင်လာချင်သည်။ သို့သော် . . ၊ ယုံကြည်စိတ်ဖြင့်သာ၊ သံသယ ကို၊ ဖယ်ရှားပစ်ခဲ့၏။ အရွယ်အားဖြင့်လည်းကောင်း ၊ အသိဉာဏ်အားဖြင့်လည်းကောင်း ၊ အတွေ့အကြုံအားဖြင့်လည်းကောင်း၊ နုနယ်ငယ်ရွယ်သူကို၊ ချစ်ခင်နှစ်သက်မိသူ၏၊ စိတ်မချ,တတ်သော၊ စိုးရိမ်စိတ်ကိုပင်၊ အခါမလပ်၊ သတိကပ် ဖယ်ခွာရပေသည်။

မည်သို့ပင်ဖြစ်စေ၊ ညပိုင်းရောက်လျှင်တော့၊ ချစ်သူ၏, အသံလေးကိုကြားခွင့်ရစမြဲ။စကားသံချိုချိုလေးကို၊ မျှိုချမတတ် နားထောင်ရစမြဲ။

သဝန်ကြောင်သူ,အူတိုသူ,သံသယနှောသူ . . ဟု၊ထင်သွားမှာ စိုးသော၊ မည့်သည့်စကားကိုမျှ၊ မပြောမိအောင်၊ ငုံနေရသည်။သီဟ, ၏ နှုတ်မှ၊ မကြာခဏ၊ တတွတ်တွတ် ပြောနေဖြစ်သည့်၊ စကားက, တော့၊"လက်ထပ်ချင်ပြီ၊ ညီမ,ရယ်"ဟု၊ ဖြစ်ပြီး၊ မြသီတာ၏၊တုံ့ပြန်စကားက,တော့၊"ခဏလေး၊ စောင့်ပါဦး အစ်ကိုရယ်"ဟု၊ ဖြစ်သည်။

♥A♥

ထိုနေ့ညသည်၊ သီဟ,နှင့်မြသီတာ၊ နောက်ဆုံးစကားပြော



www.burmeseclassic.com

www.burmeseclassic.com



ခွင့်ရသည့် . . ည။နှစ်ဦးသားအကြည်နူးဆုံး . . ည။ မြသီတာ
စကားသံများက,လည်း၊ အပျော်အမောတို့ ၊ နှောဝင်နေသကဲ့
သီဟ,၏ စကားသံသည်လည်း၊ အပျော် ဒီရေများ၊ စီဆင်းရစ်
နေသော . . ည။

"ကားအဟောင်းလေးတစ်စီး၊ ဝယ်လိုက်
အစ်ကို"

"ဟုတ်လား။ မဝယ်ခင်၊ လိုက်ကြည့်
တောင်၊ အစ်ကို့ကို၊ မခေါ်ဘူးလား ညီမ,ရယ်"

"စိတ်မဆိုးနဲ့ ။ အစ်ကို့ကို၊ ကြိုမပြော
ဝယ်ပြီးမှ၊ ကြွားချင်လို့။ တမင်၊ မပြောတာ"

"အင်း . . ။ ဟုတ်ပါပြီ၊ ဟုတ်ပါပြီ ။ ဒါ
မြသီတာက၊ ကားတွေဘာတွေ ပိုင်သွားပြီဆိုတော့
အစ်ကို လက်ထပ်လို့၊ ရပြီပေါ့"

မြသီတာက၊ ရယ်လျက် . .

"ဟုတ်တယ်။ အစ်ကို့ကို၊အဲဒီကားနဲ့ ၊ တ
တောင်းမယ်"

ကိုယ်စီ . . ရည်တူ ရယ်မောဖြစ်ကြ၏။





"မနက်ဖြန် ၊ ကျွန်မ်, ဘယ်မှ ၊ မသွားဘူး
အစ်ကို။ အစ်ကို့ကို၊ အိမ်က၊ စောင့်နေမယ်။ အစ်ကို၊
အားရဲ့လား။ ကားလည်း၊ ပြချင်လို့။ အစ်ကို့ကို
လည်း၊ တွေ့ချင်လို့။

ပြီးတော့ ။ လက်ထပ်ဖို့ ဘာဘာ ညာညာ
တွေ၊ တိုင်ပင်ကြမယ်လေ။ အစ်ကို၊ မလာချင်ရင်၊
ညီမ,လာခဲ့ရမလား"

"ဘာနဲ့လာမှာလဲ"

"ကိုယ့်ကားနဲ့ကိုယ် လာမှာပေါ့"

ကြွားဝါသံကို၊ တမင်ပြုကာ၊ မြသီတာ ပြောသည်။
သီဟ,က၊ စိုးရိမ်တကြီးဖြင့် . .

"မလာနဲ့ , မလာနဲ့။ အစ်ကိုပဲ ၊ လာခဲ့မယ်။
ကားတွေ . . အရမ်းရှုပ်တယ်။ မောင်းတတ်စ,မှာ။
တစ်ယောက်တည်း၊ မမောင်းနဲ့ဦး"

"အစ်ကိုလာရင်၊ ဘတ်(စ)ကားစီးမလာနဲ့
တော့လေ"

"အမလေး။ ကားဝယ်ပြီးပြီ ဆိုတာနဲ့။ ဘဝင်မြင့်နေပြီပြီ"



www.burmeseclassic.com

www.burmeseclassic.com



. . ဟု၊ သီဟ, စကားနှာ ထိုးသည်။

"အစ်ကို၊ ပင်ပန်းမှာစိုးလို့လေ"

"တစ်နှစ်ခွဲလောက်၊ ပင်ပန်းပြီးပြီပဲ။ မထူ တော့ဘူး။ ဘတ်(စ)ကားနဲ့ပဲ၊ လာမယ်။ ကားရှင်းတဲ့လမ်း၊ တစ်လမ်းလမ်းမှာ၊ ညီမ, မောင်းတဲ့ကားကို၊ စီးမယ်။ဖိမ်ခံမယ်လေ"

"ဟုတ်ကဲ့ အစ်ကို။ ဪ . . ၊ ပြောဖို့ကျန်သေးတယ်"

"ပြော"

"အဖေ့ကို၊ ပြောလိုက်ပြီနော်။ ကျွန်မ နဲ့ အစ်ကို့ အကြောင်း"

"ဟာ . . ."

"ဘာဖြစ်လို့လဲ အစ်ကို"

" အခုမှ ၊ ပြောရသလား လို့။ အပြစ်တင်တာပါ"

"အာ။ အစ်ကို၊ တော်တော် နောက်တာပဲ"

"ဖခင်က၊ ဘာပြောသေးလဲ"





"အသက်နှစ်ကြိမ်တောင်၊ကယ်ခဲ့ဖူးတဲ့သူနဲ့။ ဘဝကို၊ လုံခြုံဖို့ ကိစ္စ။စိတ်မချ စရာမရှိပါဘူး တဲ့"

"နောက်တစ်ကြိမ် ကယ်ရဦးမယ်လို့၊ ပြောလိုက်"

သီဟ,၏ ကျီစယ်စကား။ မြသီတာ နားမရှင်း။

"ဘာကို၊ ကယ်ရဦးမှာလဲ အစ်ကိုရဲ့"

"မနက်ဖြန်၊ ညီမ, မောင်းမယ့်ကားကို၊ အစ်ကို လိုက်စီးမှာလေ။ လမ်းဘေးထိုးဆင်းသွားရင်၊အစ်ကိုက၊ မဆင်းအောင်၊ ဘေးက, နေ၊ ကယ်ရဦးမှာပေါ့။ဟားဟား"

"အာ . . ၊ အစ်ကိုက,လည်း။ ပေါက်ကရပြောတယ်။ ဒီက, လန့်သွားတာပဲ"

"ဆောရီး"ဟု၊ ပြောပြီး၊ သီဟ,က . .

"မနက်ဖြန်၊ အစ်ကို နည်းနည်း နောက်ကျမယ်နော်။ ဟန်စိန့်ဆီဝင်ပြီးမှ၊ လာမှာမို့"

"ဆရာ့ကို ၊ ခေါ်ခဲ့မလို့လား ။ အစ်ကို ၊ တစ်ယောက်တည်း . . ၊ လာမှာမဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



လား"

"အစ်ကို တစ်ယောက်တည်း ၊ လာမှာပါ

ခဏ,ဝင်စရာရှိလို့"

"ပြီးရော။ သိပ်နောက်ကျနေရင်၊ ကားငှား

လာပေါ့နော် အစ်ကို"

"ရပါတယ်။ ဘတ်(စ)နဲ့ပဲလာမယ်။ အရမ်း

နောက်မကျပါဘူး"

ဖုန်းမချခင်တွင်၊ နှုတ်ဆက်ပန်းပွင့်တို့၊ အသံလှိုင်းထက်၌ ကျဲပက် လွင့်ပျံ့သွားသေး၏။

♥A♥

"သက်သေနေရာမှာ၊ မင်း, လက်မှတ်ထိုး

ပေးရုံပါ"

ဒေါက်တာ ဟန်စိန်က၊ စာရွက်စာတမ်းများပေါ်တွင် လက်မှတ်ထိုးပေးပြီးနောက် . . "မင်း အစ်မ,ကိုရော၊ ပြောပြီး ပြီလား" ဟု၊ မေး၏။

"ပြောပြီးပြီ။သဘောတူတယ်။မကန့်ကွက်ဘူး

အခု , ငါ့အစ်မ,ဆီအရင်ဝင်မှာ။ပြီးတော့





မှ၊ အသည်းလေးဆီ သွားမှာ"

"အသည်းလေးတာ၊ မကောင်းဘူး။ အဲဒါ,

အသည်းကြီးနေလို့၊ လေးတာ"

ဒေါက်တာ ဟန်စိန်က၊ ရယ်စရာ ပြော၏။ပြီးမှ . .

"မြသီတာ၊ သိရင်။ မင်းကို, စိတ်ဆိုးနေဦး

မယ်နော်"

"ချစ်လို့၊ ဆောင်ရွက်တဲ့ကိစ္စပဲကွာ။ စိတ်ဆိုး

လည်း၊ ချော့လိုက်ရုံပေါ့။ ငါ, အရမ်းချစ်တာ၊ သူ,

အသိဆုံးပါ"

"မင်းနဲ့၊ ပတ်သက်ပြီး . . ၊ မြသီတာကို၊ သူ့,

သူငယ်ချင်းတွေက၊ ဘာမှ, မဝေဖန်ကြဘူးလား"

"အားလုံးနဲ့။ မတွေ့ဖြစ်တာ၊ ကြာပြီ . . တဲ့။

ဝေဖန်တာတွေနဲ့၊ ပတ်သက်လို့။ မြသီတာ၊ ပြောဖူး

တာ၊ တစ်ခု၊ ရှိတယ်"

"ဘာလဲ"

"ချစ်ခြင်းရဲ့ . . , အသံတော်သည်၊ အခြား

တစ်ပါးသောအသံအားလုံးကို ၊ ဖုန်းလွှမ်းနိုင်ပေ



www.burmeseclassic.com

www.burmeseclassic.com



၏ . . တဲ့"

"မင်းနဲ့ ချစ်ကြိုက်နေပြီ ဆိုမှတော့။ အဲဒီသို ပေါက်ကရ လေးတွေလည်း၊ ပြောတတ်ရတော့မှာ ပေါ့ကွာ။ ဟားဟားဟား"

"အချစ်၏ ဒဿနကို၊ လှောင်ပြောင်သော ကြောင့်၊ သင်သည်, ရာသက်ပန်၊ မိန်းမလှလေးမှာ အကြား၌၊ နေထိုင်ခွင့်ရပါလျက်၊ ချစ်ခွင့်မရပါဘဲ သား။ ဟားဟား"

"ဟေ့ကောင်။ မရတာမဟုတ်ဘူးကွ။ မ ချင်တာကွ။ သွားသွား။ သွားတော့။နောက်ကျ လိမ့်မယ်"

သီဟ, ဆက်လက် နောက်ပြောင်မည် စိုးသဖြင့်၊ဒေါက်တာ ဟန်စိန်က၊ နှင်ထုတ်လေသည်။

"သွားပြီ"ဟု၊ ပြောကာ၊ သီဟက၊ စာရွက်ခေါက်တွေကို ကျောပိုးအိပ်ထဲသို့ ထည့်၏။ ဒေါက်တာ ဟန်စိန်က၊လက်မှနာရီကို ကြည့်ကာ . .

"ဟေ့ကောင်။ ကားငှားသွားလိုက်တော့





ဘတ်(စ)ကား စီးမနေနဲ့။နောက်ကျနေဦးမယ်"

သီဟ,က . .

"သူ . . အိမ်မှာ၊ တစ်နေကုန်ရှိမှာ။ရတယ်။ ဘတ်(စ)ကားနဲ့ပဲ ၊ သွားမယ် ။ ဘတ်(စ)ကားက၊ ငါ့ရဲ့, အချစ်သင်္ကေတ,ကွ"

"သွားပါတော့ ၊ သီဟ,ရယ်။ မင်း,ချစ်တာ တွေကြားရတာ၊ ငါ . . ,သွား ကျိမ်းလွန်းလို့ပါ"

သီဟ,က၊လှမ်းစ ခြေလှမ်းကို၊ ရပ်ရင်း . .

"ဘတ်(စ)ကားစီးတာ၊ ဒီနေ့ နောက်ဆုံးကွ။ နောက်နေ့တွေမှာ၊ အချစ်ကားပဲ။စီးတော့မှာဟဲဟဲ"

"မင်းဘာသာ၊ အချစ်ကားပဲ စီးစီး။ နိဗ္ဗာန်ရထားပဲ စီးစီး။ ငါ့ကို၊ သွားကျိမ်းအောင် လာလာ မလုပ်ပါနဲ့"ဟု၊ ဒေါက်တာ ဟန်စိန် ပြောလိုက်လေ၏။ သီဟ,က၊ ရယ်မောလက်ပြ သွားလေသည်။

တစ်ဘဝ,စာ၊ နှုတ်ဆက်သွားခြင်းဟု၊ ဒေါက်တာဟန်စိန်၊ ကြိုမသိလိုက်။

♥A♥ ♥A♥

၁၆။

www.burmeseclassic.com



"တီ . . .။ တီ . . ."

ဝင်လာသည့် ၊ ဖုန်းနံပါတ်သည် ၊ သီဟ,၏ ဖုန်းနံပါတ် မဟုတ်။ လုပ်ငန်းကိုင်ငန်း၊ ဆောင်ရွက်နေကျ၊ဖုန်းနံပါတ်များထဲက လည်း၊မဟုတ်။ဒေါက်တာ,ဟန်စိန်၏၊ဖုန်းနံပါတ်များလားဟု တွေးလိုက်သည်။ထို အတွေးဖြင့်သာ၊ ဖုန်းကို၊ နားထောင်လိုက်၏။

"ဟလို"

"ဟလို၊ မြသီတာလား။ဆရာပါ၊ ဒေါက်တာ ... ပြီးမှ . . .,

ဟန်စိန်ပါ"

"သြော်။ ဟုတ်ကဲ့၊ ပြောပါ ဆရာ"

"မြသီတာ၊ သေသေချာချာနားထောင်ပါ"

"ရှင် . .။ ဟုတ်ကဲ့"

"သီဟ,ရဲ့ ၊ အစ်မ ဖြူဖြူနှင်းရဲ့, အိမ်ကို သိတယ် မဟုတ်လား"

"ဟုတ်ကဲ့။ သိပါတယ် ဆရာ"

"အခု။ မြသီတာရဲ့, ဖုန်းကို၊ ဖြူဖြူနှင်းကို သွားပေး ပေးပါလား။ ဆရာ သူ့ကို၊ ပြောစရာရှိလို့"

မြသီတာ၏ စိတ်ထဲတွင်၊ ထင့်ကနဲ ဖြစ်သွားသည်။





"ဆရာ။ ဘာကိစ္စများလဲ။ ကျွန်မ, သိခွင့်ရ မလား။ကိုသီဟ,နဲ့များ၊ ပတ်သက်နေမလားဟင်။ ပတ်သက်နေတာ ဆိုရင်၊ ကျွန်မ,လည်း၊ သိပါရစေ။ ကျွန်မ, ကိုသီဟ,ကို၊ မနက်ကတည်းက၊စောင့်နေ တာပါ။ အခုထိမလာသေးလို့"

ဒေါက်တာ ဟန်စိန်၊ ချင့်ချိန် စဉ်းစားနေဟန်တူ၏။

"မြသီတာ နှလုံးအား၊ နည်းတတ်တယ်လေ။ သူတို့၊ မောင်နှမ, ကိစ္စလို့၊ သဘောထားပြီး။သူ့ အစ်မ,ကိုပဲ၊ ပြောဖို့, ဆရာ ဆုံးဖြတ်ထားလို့ပါ။

သူ့ အစ်မ,က၊ တစ်ဆင့်။ မြသီတာကို၊ ပြောပြမှာပါ။ မြသီတာကို၊ တိုက်ရိုက် မပြောချင်လို့ပါ"

"ကျွန်မ, ကျန်းမာရေး ကောင်းနေပါပြီ ဆရာ။ အလုပ်တွေ . . အများကြီးတောင်၊ ကျွန်မ, လုပ်ကိုင်နေပါပြီ။

ကိုသီဟ,နဲ့၊ ပတ်သက်တဲ့ကိစ္စ။ကျွန်မ,လည်း၊ သိသင့်တဲ့ကိစ္စဆိုရင်။ ကျွန်မ, သိပါရစေ ဆရာ။

ကျွန်မ,စိတ်ထဲမှာ၊ လေးနေလို့ပါ။ ကိုသီဟ,



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုဖြစ်နေပြီ . . လို့၊ ဖုန်းကိုင်ကိုင်ချင်း၊ကျွန်မ သိနေတယ် ဆရာ။

ကျွန်မ။ စိတ်နိုင်ပါတယ် ဆရာ။ အရင်ဆုံး သိခွင့်၊ ကျွန်မ,မှာ၊ ရှိတယ် ဆိုရင်၊ ကျွန်မ, အရင် သိပါရစေ။ အဲဒီ့ အခွင့် အရေး၊ ကျွန်မ,မှာ၊ မရှိဘူး ဆိုရင်၊ မဖြူဖြူနှင်းဆီကို၊ ကျွန်မ . . , ဖုန်း ယူသွား ပေးပါ့မယ်"

ပြောလျက်၊ ကျမျက်ရည်ကို၊ ထိန်း၏။ ငိုသံမပြု။

"အဲဒီ့ အဓိပ္ပါယ်နဲ့မဟုတ်ဘူးလေ၊ မြသီတာ နှလုံး အားနည်း တတ်တယ်လို့ . . ၊ သိထားတဲ့ မြသီတာကို၊ အ,မင်္ဂလာ သတင်း၊ မပြောချင်ဘူး လေ"

"အစ်ကို၊ တစ်ခုခု ဖြစ်နေပြီ ဆိုတာ။ ကျွန် သိနေပြီပဲ ဆရာရယ်။ ကျွန်မ, သတိကြီးကြီးနဲ့ နား ထောင်ပါ့မယ်။

မဖြူဖြူနှင်းကိုလည်း၊ ကျွန်မ, အကြောင်း ကြားပေးပါ့မယ်"





ဒေါက်တာ ဟန်စိန်၊ အသေအချာ စဉ်းစားပြီးမှ . . ,

"မြသီတာ၊ ကိုယ်တိုင် ကားမောင်းမလာ ပါနဲ့နော်။ ဒရိုက်ဘာ ရှာလို့ရရင်၊ ဒရိုက်ဘာကို၊ မောင်းခိုင်းပါ"

"ဟုတ်ကဲ့ပါ ဆရာ . . ။ ကျွန်မ, ကားရှိတာ၊ ဆရာ့ကို၊ အစ်ကို ပြောပြပြီးပြီလား"

"အင်း။ ပြောပြပြီးပြီ"

"ဆရာ့ဆီ၊ ဝင်ပြီးမှ၊ လာမယ်လို့တော့။ မနေ့ က၊ မှာသွားပါတယ်။ အခုထိတော့၊ မရောက်သေး ဘူး ဆရာ"

"ဟုတ်တယ်၊ဆရာ့ဆီကို၊ ဝင်ပြီးမှ၊ အဲဒီကို၊ သူ . . လာတာပါ။အငှားကားနဲ့၊ သွားဖို့၊ မှာလိုက် သေးတယ်။သူ နားမထောင်ဘူး"

သတင်းပြောသူက,လည်း၊ နားထောင်သူ၏ စိတ်,အထိ အခိုက်၊ နည်းပါးစေလိုသဖြင့်၊ ဝေ့ကာဝိုက်ကာ၊ ပြောနေရသည်။ နားထောင်သူက,လည်း၊ ကြားရမည့် သတင်းစကား၊ ပြင်းထန် တော့မည်ကို၊ သိနေသဖြင့်၊ စိတ်ကို လျှော့, စကားကိုဖော့ကာ၊



www.burmeseclassic.com

www.burmeseclassic.com



အဆင်သင့်ပြင်ထားရလေ၏။

"ဆရာ။ အခု, ဘယ်က၊ ဆက်တာလဲရှင်"

"ရန်ကုန် ဆေးရုံကြီးက၊ ဆက်တာပါ"

"ကျွန်မ။ အဲဒီကို လာရမှာလား"

မျက်ရည်များ၊ စီးကျနေသော်လည်း၊ ရှိုက်သံမထွက်အောင် ထိန်းရ၏။ရှိုက်သံထွက်မိပါက၊ သတင်းအမှန်ကို၊ ကြားရလိမ့်မည် မဟုတ်။

"ဟုတ်တယ်။ အရေးပေါ်ဌာနကိုလာရမှာ။ ဒီမှာ၊ လူနာ။ အရမ်းများတယ်။ဖြူဖြူနှင်းကိုတော့ ဝင်ခေါ်ခဲ့နော်။ ကားကို၊ ကိုယ်တိုင်၊ မောင်း မလာ ပါနဲ့"

"ဟုတ်ကဲ့။ စိတ်ချပါ ဆရာ။ ကျွန်မ,တို့ . . ရောက်ရင်။ ကိုသီဟ,နဲ့။ စကားပြောခွင့်၊ရနိုင်သေး လားဆရာ"

ဒေါက်တာ ဟန်စိန်၊ ချက်ချင်း မဖြေ။

စကားလုံး၊ ရွေးချယ်ပြီးမှ . . ,

" ဘတ်(စ)ကား နှစ်စီး၊ မျက်နှာချင်းဆိုင်





အရှိန် ပြင်းပြင်းနဲ့, တိုက်မိတာ ဆိုတော့၊ အဖိတ် အစင်တော်တော်များတယ်"

"သေသူ၊ များတယ်". . ဟု၊ မပြော။ ဖိတ်သည် စင်သည် . . ဟု၊ စကားနုနုကိုသာ၊ ဒေါက်တာ ဟန်စိန် သုံးနှုန်းလေသည်။

မြသီတာက,လည်း . . ၊ ရင်လှိုင်းထန်နေပြီ၊ ဖြစ်သည့်တိုင်၊ စကားနုအပေါ်၊ လေသံပျော့ဖြင့်သာ၊ မေးမြန်းလိုက်လေ၏။

"အဖိတ် အစင်ထဲမှာ၊ ကိုသီဟ,ပါသွားတာ လားဆရာ"

ဒေါက်တာ ဟန်စိန်က၊ အဖိတ်အစင်ထဲတွင်၊ သီဟ,ပါဝင် ပါသည်ဟု၊ တိုက်ရိုက်မပြော။

"စကားတစ်ခွန်းနှစ်ခွန်းတော့၊ မှာသွားပါ သေးတယ်"

အောက်နှုတ်ခမ်းကို၊ ဖိကိုက်လျက်၊ မြသီတာ ကြိတ်၍၊ ငို သည်။ပါးလှပ်စွာ၊ အငိုထိန်းရင်း . .

"ကျွန်မ,ကို၊ ဘာမှာသွားသေးလဲဆရာ"

"အကုသိုလ် . . ၊ အနည်းဆုံး အလုပ်နဲ့ပဲ၊ စီးပွား ရှာဖို့၊ မှာသွားတယ်မြသီတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ, မဖြူဖြူနှင်းကို၊ ခေါ်ပြီး၊ အမြန်ဆုံး
လာခဲ့ပါ့မယ်ဆရာ"

"ကောင်းပါပြီ မြသီတာ။ စိတ်ကို ထိန်းပါ
နော်"

"ဟုတ်ကဲ့ပါဆရာ။ကျွန်မ,ထိန်းထားပါ့မယ်"

နောက်ဆုံးစကားပြောပြီးပါမှ၊ အော်ဟစ် ငိုကြွေးဖြစ်သော
သည်။ ဒေါက်တာ ဟန်စိန်သည်လည်း . . ၊ ဖုန်း ပိတ်လိုက်ပြီး
မျက်ရည်တွေ၊ ကျလာ၏။

♥A♥

သီဟ,၏ အလောင်းကို ၊ ခဏ္ဍာသာ ကြည့်ခွင့်ရသည်။

"မြသီတာကြောင့် ၊ အခုလို ၊ အဖြစ်ဆိုးတော့
လား အစ်ကိုရယ်။အစ်ကို့ကို၊ ညီမ, ဘာကျေးဇူး
မဆပ်ရသေးဘူးလေ။

ကျေးဇူး ဆပ်ခွင့်တောင်၊ ပေးမသွားဘူးလား
အစ်ကို။ကျွန်မ,ကို၊ ဆုံးမ, စရာ၊ မရှိတော့ဘူးလား
အစ်ကိုရယ်"

ဖြူဖြူနှင်းက၊ မြသီတာ၏ ပခုံးလေးကို၊ ဖွဖွကိုင်ကာ . .





ဖြေသိမ့်လေသည်။သူ ကိုယ်တိုင်လည်း၊ မျက်ရည် သုတ်လျက် . . ၊
မောင်ဖြစ်သူ၏ မျက်နှာကို၊ ငုံ့ကြည့်နေရှာ၏။

+

သီဟ,၏ စျာပနကို၊ ဂုဏ်သွင်းသဂြိုဟ်သည်။ စျာပန အခမ်း
အနားသို့ ၊ သီဟ,ကို၊ ငှက်ကြီး ဟုသာ၊ သိထားကြသော၊ လူငယ်
သူငယ်ချင်းတွေ၊ များစွာ လာကြ၏။

နီနီဦး၊သိန်းမြင့်ဇော်နှင့်ရဲမင်းခေါင်တို့လည်း၊ ရောက်လာ
ကြသည်။

+

သီဟ,ကိုရည်စူးသော၊ ရက်လည် ဆွမ်း၊ လ,လည်ဆွမ်းများ၊
လှူဒါန်းပြီးသောအခါ . . ၊ ဒေါက်တာ ဟန်စိန်နှင့် ဖြူဖြူနှင်းတို့,
နှစ်ယောက်၊ မြသီတာ၏ အိမ်သို့၊ ရောက်လာကြသည်။

စာရွက်စာတန်းများကိုကြည့်ကာ၊ငိုလျက်,မြသီတာက . . ,

"ကျွန်မ, လက်မခံပါရစေနဲ့ ရှင် ။ အစ်ကို့,
ကျေးဇူးကိုတောင် ၊ ကျွန်မ, မဆပ်ရသေးပါဘူး။
ဒါတွေကို၊ ကျွန်မ, လက်မခံပါရစေနဲ့။

ကျွန်မ, အစ်ကို့ဆီက ၊ ဘာမှ, မမက်မော



www.burmeseclassic.com

www.burmeseclassic.com



တာ။အစ်ကိုအသိဆုံးပါ။အစ်ကို၊အသက်ရှင်လျှက် ကျွန်မ,ကို၊ ဒါတွေ . . ၊ လာပေးရင်လည်း၊ ကျွန်မ လက်ခံမှာ၊ မဟုတ်ပါဘူး”

ဒေါက်တာ ဟန်စိန်က . .

“မဆုံးခင်မနက်ပိုင်းကမှ၊ ဆရာ့ကို၊သူ . . သက်သေအဖြစ်လက်မှတ်ထိုးခိုင်းသွားတာ။

အိမ်ရော . . ၊ လုပ်ငန်းရော . . ၊ ပိုင်ဆိုင်သမျှရော . . ၊ လက်ထပ်ပြီးတာနဲ့ ၊ မြသီတာကို အကုန်လွှဲပေးမှာ . . တဲ့။

အစ်မ,ဖြစ်သူကိုပါ ၊ လက်မှတ်ထိုးခိုင်းဖို့ စာရွက်စာတန်းတွေ . . ၊ သူ့ ကျောပိုးအိပ်ထဲ ထည့်ယူသွားတာ။

သူ . . , ဘာစိတ်ကူးနဲ့ ဘယ်လို စီစဉ်တာလဲတော့၊ ဆရာ မသိဘူး။ ဒီက . . ဖြူဖြူနှင်းက ဆရာ့ကို၊ ပြောပြတယ် ။ သီဟ,က၊ ပြောဖူးတယ် . . တဲ့။

သူ့ဘဝ,မှာ၊ မြသီတာ ကို၊ မေတ္တာအရှိဆုံး





စေတနာ အရှိဆုံးပဲ . . တဲ့ ။ သူ့မှာ . . ပိုင်ဆိုင်သမျှ၊ မြသီတာကို ပေးမယ်ဆိုရင်၊ အစ်မ, စိတ်ဆိုးမလား . . လို့၊ မေးဖူးတယ် . . တဲ့။

ဖြူဖြူနှင်းက,လည်း . . ၊ ကိုယ်ချစ်တဲ့ , မိန်းကလေးကို၊ ကိုယ့်ရှိတာ ကိုယ်ပေးတာ။စိတ်ဆိုးစရာမှ မဟုတ်တာ . . လို့၊ ပြောဖြစ်တယ် . . တဲ့။

အဲဒီ့ စကားကြားရတော့မှ၊ ဒီ . . ,စာရွက်စာတန်းကိစ္စကို၊ ဆရာ အသိပေးဖြစ်တာပါ”

ဖြူဖြူနှင်းက . .

“ဟုတ်ပါတယ် ညီမ,လေးရယ်။ မောင်လေး ချမ်းသာအောင်၊ အစ်မ, သိပ်မလုပ်ပေးနိုင်ခဲ့ဘူး။

ဒါကြောင့်, သူ့ဆန္ဒကို၊ အစ်မ, လိုက်လျောချင်တယ်။ ရွှေနေ ရွှေရုပ်နဲ့၊ ဆောင်ရွက်ခဲ့တာ၊ မဟုတ်ပေမဲ့။ သူ့ဆန္ဒကို၊ အစ်မ,တို့ . . ၊ သိနေပြီပဲ။

အစ်မ,ကိုယ်တိုင်လည်း၊ ညီမ,လေး အပေါ်မှာ . . ၊ စေတနာရှိပြီးသားမို့ ၊ အရာ အားလုံးကို၊ ညီမ,လေး လက်ခံပေးပါ။ မဖြစ်မနေ လက်ခံပါ”



www.burmeseclassic.com

www.burmeseclassic.com



မြသီတာ၊ ခေါင်းခါ၏။ ပြီးနောက် . . ,

"ကျွန်မ, အစ်ကို့ မေတ္တာကိုပဲ၊ မက်မောပါ တယ်ရှင်"

"အစ်မ,သိပါတယ် ညီမ,လေးရယ်။ ပဋ္ဌည် ပစ္စယ . . လို့၊ သဘောမထားပဲ။ သေသူရဲ့, ဆန္ဒ ညီမ,လေးချစ်တဲ့၊ ကိုသီဟ,ရဲ့ . . ဆန္ဒလို့၊ နှလုံး သွင်းပေးပါလားညီမ,လေးရယ်"

မြသီတာ၊ ငိုလျက်သာ၊ ခေါင်းခါနေမြဲ။

"အစ်မ , တောင်းပန်ပါတယ် ။ အစ်မ မောင်လေးရဲ့, ဆန္ဒကို၊ အစ်မ,ပြည့်ပြည့်ဝဝ,မလိုက် လျှောဘူးခဲ့လို့ပါ။ အစ်မ,ကို၊ ကူညီပါ။ လိုအပ်တဲ့ ဥပဒေ ကိစ္စ တွေလည်း၊ ဆောင်ရွက် ပြီးပါပြီ နော် . . ညီမ,လေး"

ပြောပြီး၊ ဖြူဖြူနွှင်း ငိုလေသည်။ မြသီတာက . .

"အစ်ကို ကိုယ်တိုင်၊ ဒီ စကားတွေ ၊ ပြော ပြောနေရင်တောင်၊ ကျွန်မ, စိတ်ဆိုးမိမှာ၊ အစ်ကို အစ်ကိုနဲ့၊ ချစ်ခဲ့ကြိုက်ခဲ့လို့၊ ကျွန်မ, ဘာ





မနစ်နာပါဘူး။ နစ်နာခဲ့ရင်တောင်၊ အဲဒီ့ နစ်နာမှု ကို၊ ကျွန်မ, မြတ်မြတ်နိုးနိုး သိမ်းထားမှာပါ"

ဒေါက်တာ ဟန်စိန်က . . ,

"မဟုတ်ဘူး မြသီတာ။ မဟုတ်ဘူး။ အဲဒီလို မဟုတ်ဘူး။ မြသီတာ၊ နစ်နာခဲ့တယ် ထင်ပြီး ဒီလို စိုးစဉ်နေတာ၊ မဟုတ်ဘူး။

သီဟ,ရဲ့, တကယ့်ဆန္ဒ။သီဟ, တကယ်စိုးစဉ် ခဲ့တဲ့ ကိစ္စကို၊ အကောင် အထည်၊ ဖော်ဖို့ပါ"

"ဟုတ်ပါတယ် ညီမ,လေးရယ် . . ။ တစ်မျိုး မတွေးပါနဲ့"

မြသီတာက . .

"ကျွန်မ, အကောင်းဆုံး၊ အကြံပေးချင်တာ က,တော့။အဲဒါတွေကို၊ ပရဟိတ, အသင်းအဖွဲ့တွေ မှာ၊ အစ်ကို့ အတွက်ရည်စူးပြီး၊ လှူဒါန်းပေးလိုက်ပါ လားဟင်။

ဘာဖြစ်လို့လဲ ဆိုတော့၊ လူ့ဝန်းကျင်အတွက် သူ . . , ဘာမှ၊ မလုပ်ရသေးဘူး . . လို့ အစ်ကို,



www.burmeseclassic.com

www.burmeseclassic.com



ပြောဖူးတယ်"

ဖြူဖြူနှင်းက . .

"ဟုတ်ပြီ၊ဟုတ်ပြီ။အစ်မ, သဘောပေါက်ပြီ။ ညီမ,လေး၊ ပြောတာကို၊ အစ်မ, လက်ခံတယ်။

ညီမ,လေးက,လည်း . . ၊အစ်မ,ပြောတာကို လက်ခံပေး ။ဘာ အကြောင်းပြချက်နဲ့မှ၊မငြင်းနဲ့ တော့"

"ပြောပါ အစ်မ"

"ဒီ . . စာရွက်စာတန်းထဲက, အတိုင်း။ အားလုံးကို၊ ညီမ,လေး . . လက်ခံယူ။ ပြီးတာနဲ့ ညီမ,လေး လှူချင်တဲ့နေရာ၊ မောင်လေး လှူချင် မယ် ထင်တဲ့ နေရာတွေမှာ။ ညီမ,လေး၊ သွားလှူ အစ်မ,တို့ . . ၊ နောက်က,နေ၊ သာဓု လိုက်ခေါ် မယ်လေ"

မြသီတာ၊ မငြင်းသာတော့ချေ။"ဟာ၊ အဲဒါ, အကောင်း မြတ်ဆုံးပေါ့" . . ဟု၊ ဒေါက်တာဟန်စိန် ဝင်ပြော၏။

မြသီတာ၊ ခေါင်းညိတ်လိုက်ရလေတော့သည်။





\+

သီဟ,၏ ပန်းတိမ် လုပ်ငန်းမှ၊ ဝန်ထမ်းများကို ၊ ဘဝ, ဆက်လက်ရပ်တည်နိုင်စေလောက်သည့် ၊ ငွေကြေးထောက်ပံ့မှုကို၊ မြသီတာ ဆောင်ရွက်ပေးခဲ့သည်။

သီဟ,၏ ပိုင်ဆိုင်သမျှ အားလုံးကို၊ ငွေကြေးအသွင်ပြောင်း ပြီး၊ သီဟ,၏ အမည်နာမ,ဖြင့်၊ သံဃာတော်များအတွက်၊ ပရိယတ္တိ စာသင်တိုက် တစ်တိုက်ဆောက်လုပ်လှူဒါန်းခဲ့သည်။

သီဟ,၏ နေအိမ်ကို၊ သီဟ,၏ အမည်ဖြင့်ပင်၊ ရပ်ကွက် စာကြည့်တိုက်အဖြစ်၊ ပေးအပ်လှူဒါန်းခဲ့သည်။ အခြားသော . . ၊ ပရဟိတ အသင်းအဖွဲ့များသို့လည်း၊ လှူဒါန်းမှုများ၊ ပြုခဲ့သေး၏။

သီဟ,၏ မည်သည့်ပိုင်ဆိုင်မှုကိုမျှ၊ မြသီတာ မယူဆောင် မသုံးစွဲခဲ့။ချစ်သူ သီဟ,၏ အလိုဆန္ဒနှင့် အညီ၊ စီးပွားရေးလုပ်ငန်း ကိုလည်း၊ ပြောင်းလဲပစ်ခဲ့လေသည်။

လှူဒါန်းမှု အစုစုတို့, အတွက်၊ အမျှဝေ, သာဓု ခေါ်စဉ် တိုင်း၊ မျက်ရည်မကျအောင်၊ လွန်စွာ ထိန်းသိမ်းခဲ့ရသည်။

\+

အနည်းငယ်မျှသာ ခံယူနွေးထွေးခွင့်၊ ရရှိခဲ့သည့် ချစ်သူ၏



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာရင်ငွေ့အား၊ တရွေ့ရွေ့ ကုန်လွန်ခဲ့သော၊ အချိန်တိုင်းတွင် မပျောက်မပျက်စွာ၊ ရင်၌ ၊ သိမ်းထားတည်မြဲစေခဲ့၏။

မည်သူတွေ . . ၊ ကောင်းချီးထောပနာ၊ ပြုသည်ဖြစ်စေ မပြုသည် ဖြစ်စေ၊ မိမိ နှစ်သက်မြတ်နိုးနေခဲ့သူ ၊ အပေါ်၊ မိမိ တစ်ကိုယ်စာ၊ စောင့်စည်း ,တွယ်တာ ,ချစ်မက် နေရခြင်းသည်ပင် လျှင်၊ တန်ဘိုးထားခြင်း၏ အသွင်အပြင်ဟု၊ သဘောမှတ်ပိုက်ခဲ့လေ သည်။

အကောင်အထည်, ဒြပ်ဝတ္ထု ၊ ရှိမြင်နေပါမှ၊မြတ်နိုးတတ် ခြင်းသည်၊ တန်ဘိုးထားသည် မမည်။မရှိမမြင်သော်ငြား၊ သတိရ ခြင်း နှလုံးသားဖြင့်၊ ရင်တံခါးမှာ၊ အထင်အရှားရှိနေခြင်းသည်သာ မြတ်နိုးတန်ဘိုးထားခြင်း၊ စစ်စစ်ဖြစ်သည်ဟု၊ မြသီတာ၊ ထာဝစဉ် မှတ်ပိုက်ထားလေသည်။

♥A♥ ♥A♥





၁၇။

အသက်သတ်လွတ် ထမင်းဆိုင်၏ ဘုရားကျောင်းဆောင် အောက် တည့်တည့်တွင်၊ ခန်းနားစွာ ချိတ်ဆွဲထားသော ၊ သီဟ၏, ဓာတ်ပုံကို၊ သီဟ,နှင့်ရွယ်တူခန့်ရှိမည့်၊ အမျိုးသမီးတစ်ယောက်က၊ သေသေချာချာ စူးစူးစိုက်စိုက်၊ ငေးကြည့်နေသည်ကို၊ မြသီတာ , လှမ်းတွေ့လိုက်သည်။

အံဆွဲထဲမှ၊ အနီရောင်ကတ္တီပါဘူးလေးကို၊ ထုတ်ယူသော၊ထို



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီး၏ အနီးသို့ သွားပြီး၊ သူနှင့် အတူ၊ သီဟ၏ ဓာတ်ပုံကို ကြည့်နေလိုက်သည်။

ပြီးမှ . .

"ထမင်း သုံးဆောင်ရတာ ၊ အဆင်ပြေရဲ့လား မမ"

"ဪ။ပြေပါတယ် ညီမ။သက်သတ်လွတ်ဆိုင်က ၊ လ,သာဘက်မှာ . . နှစ်ဆိုင်။ လမ်းမတော် ဘက်မှာ၊ တစ်ဆိုင်။ ဒါပဲသိတာ။

ရွှေဂုံတိုင်နားက ၊ ဆိုင်တစ်ဆိုင်က ၊ ဘယ်ရောက်သွားသလဲ မသိဘူး။

ဒီမှာ . . ၊ သက်သတ်လွတ်ဆိုင်ရှိမှန်းမသိဘူး။ ကလေးတွေ . . ပြောလို့ မနေ့က,မှ၊ သိတာ"

"အစ်မ,က၊ အမြဲတမ်း စားတာလား"

"ဟင့်အင်း။ အမျိုးသားက၊ သက်သတ်လွတ်စားတော့။ တစ်ခါတစ်ရံ သူနဲ့၊ လိုက်စားဖြစ်တာပါ"

"လိုအပ်တာရှိရင်၊ အကြံပေးပါနော်. . မမ"

"အင်း။ ပြည့်စုံပါတယ်။ဒါနဲ့, ညီမ,လေးက၊





ဆိုင်ပိုင်ရှင်လား"

"ဟုတ်ပါတယ် မမ"

"ဒီဓာတ်ပုံက၊ ဘယ်သူ့ဓာတ်ပုံလဲဟင်"

"ကျွန်မ,ရဲ့၊ ကျေးဇူးရှင် အစ်ကိုပါ"

"ဪ . .။ သူ့,နာမည်က ၊ ဘယ်သူလဲဟင်"

"ကိုသီဟ,ပါ . . မမ"

"ဪ . ."

"မမ နာမည်၊ မအေးဝတ်ရည်လားရှင်"

"အို။ ညီမ,က၊ မမကိုသိလို့လား။ အဲ . . ၊ သိထားတာလား"

ပြုံးလျက်မေးသည်။ မြသီတာက,လည်း၊ ပြုံးလျက် . . ,

"ဟုတ်ကဲ့ မမ။အခုမှ၊ခန့်မှန်းပြီး၊သိတာပါ"

"သူ . . ၊ ပြောပြထားတယ် ထင်တယ်"

မြသီတာ ၊ ခေါင်းညိတ်၏။

"ကိုသီဟ, ဆုံးသွားတာ၊ ကြာပြီ မမရဲ့"

"ဟယ် . . ဟုတ်လား"

www.burmeseclassic.com



ပြုံးဟန်ပျက်လျက်၊ နွမ်းဟန်သက်သည်။မြသီတာက

ဆုံပါးပုံကိုပါ၊ အကျဉ်းမျှ ပြောပြပြီးသော အခါ . . ,

"အင်း . . ။ ဖြစ်မှ ဖြစ်ရလေ။ သူက, သိပ်

စိတ်ထားကောင်းတာ။ သတ္တိလည်း၊ ရှိတယ်။

ကလေးကလား စကားပြောရရင်၊ မမက

သတ္တိနည်းခဲ့သူ ဆိုပါတော့ . . ။ခင်ပွန်းဖြစ်သူကို

တောင်၊ တစ်ခါတစ်ရံ၊ သူ့, အကြောင်း ပြောဖြစ်

တယ်"

မြသီတာက၊အနီရောင်၊ကတ္တီပါ၊ဘူးလေးကို၊ အေးဝတ်ရည်

၏ လက်ထဲသို့ ထည့်လိုက်၏။အေးဝတ်ရည်က၊ဘူးကိုဖွင့်ကြည့်လိုက်

သော အခါ၊ သီဟ,၏၊ ပလက်တီနမ် ဆွဲကြိုးလေးကို၊ တွေ့သည်။

သူ့ . . ,ပေးအပ်ခဲ့သည့် . . ကြိုး။

"အတင်းအကြပ်ပေးတယ်လို့၊ မထင်ပါနဲ့

မမ။

မမရဲ့, မိသားစုမှာ၊ ဘာပြဿနာမှ၊ မဖြစ်

လောက်ဘူးဆိုရင်၊ ဒါကို၊ လက်ခံ ပေးပါ မမ။

အစ်ကိုက ၊ ဒါကို, ပြန်ပေးပေးပါ . . လို့





တော့။ မှာမသွားပါဘူး။ ဒါပေမဲ့, ဒီဆွဲကြိုးလေးကို၊

သူ သိမ်းထားရင်၊ ကံ တစ်ခုခုကို၊ စိတ်က, ကျူးလွန်

နေမိသလို၊ ဖြစ်မှာ စိုးတယ် ထင်ပါရဲ့။

ကျွန်မ, ဆီမှာ ၊ အပ်ထားခဲ့တယ်မမရယ်။

စိတ်မဆိုးဘူးဆိုရင်၊ ဘာ အခက် အခဲမှ၊ မရှိဘူး

ဆိုရင်၊ လက်ခံပေးပါ ရှင်"

အေးဝတ်ရည် သက်ပြင်းချ၏။ကတ္တီပါ ဘူးလေးကို၊

ပြန်ပိတ်လိုက်ရင်း၊ ခေတ္တစဉ်းစားပြီးမှ . .

"ခင်ပွန်းကို၊ သေသေချာချာ ပြောပြပြီး၊

မမရဲ့, သားကြီးကို၊ ဝတ်ထားပေးလိုက်ပါ့မယ်"

"ဟယ် . . ။ ကျေးဇူးတင်လိုက်တာ မမရယ်။

ကျေးဇူး အရမ်းတင်ပါတယ်။ နောက်လည်း၊ လာ

လည်ပါဦးနော်"

အေးဝတ်ရည်၊ ခေါင်းညိတ်သည်။ပြီးမှ . .

"ကဲ . . ၊ မမကို၊ ခွင့်ပြုပါဦး"

"ဟုတ်ကဲ့ . . ၊ ဟုတ်ကဲ့ . . မမ"

"ညီမ, အတွက်လည်း၊ မမ။ စိတ်မကောင်း



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ပါဘူးကွယ်"

စကားသံ တုံရင်လျက်၊ မျက်ရည် တစ်ဝေ့ ဝေ့သွားသည်။ မျက်ဝန်းကို၊ ပုတ်ခတ်ကာ . .

"ကိုသီဟ,က၊ ညီမ,ရဲ့၊ ကျေးဇူးရှင် . . လို့ သိရတဲ့အတွက်တော့၊ မမ, ဝမ်းသာပါတယ်ကွယ်။

ကျေးဇူး ဆိုတာ၊ သိတတ်မှ၊ သိနိုင်တဲ့ အရာပါ။ မမ,က၊ သူ့ ကျေးဇူးကို၊ သိလည်း မသိခဲ့ဘူး သိဖို့လည်း၊ မကြိုးစားခဲ့မိဘူး"

"ဟုတ်ပါတယ် မမ။ အစ်ကိုကြောင့်၊ ရခဲ့တဲ့ အသိတရားတွေ၊ ဘဝ,ရဲ့,ရုန်းကန်မှုတွေ ။ကျွန်မှာ၊အများကြီးပါပဲ။

မမျှော်လင့်တဲ့အချိန်မှာ၊ မျှော်လင့်မထားတာတွေလည်း၊ အချိန်မရွေးဖြစ်တတ်တယ်ဆိုတဲ့ သံဝေဂ , တရားကိုလည်း . . ၊ အစ်ကိုက၊ကျေးဇူး သွားသလိုပါပဲ . . မမ"

အေးဝတ်ရည်က . . ,

"ချစ်သူနဲ့၊ ကွေကွင်းရခြင်းသည် . . ဒုက္ခ





မချစ်မနှစ်သက်သူနဲ့၊ ပေါင်းဖော်ရခြင်းသည် . . ဒုက္ခ၊ဆိုတာကိုလည်း၊သူ ,ပြောပြသွားချင်မှာပါပဲ"

သီဟ,၏ ဓာတ်ပုံကို၊ မော်ကြည့်လျက်၊ တီးတိုး ဆို၏။ မြသီတာ၊ ခေါင်းညိတ်သည်။

"ပြန်ပြီ ညီမ,ရယ်။ နောက်မှ၊ လာလည်မယ် နော်"

"ဟုတ်ကဲ့ မမ"

အေးဝတ်ရည်က၊ ကားထဲသို့၊ ရောက်သောအခါ၊ အေးအမှတ်အသားပါသည့်၊ ဆွဲပြားလေးကို၊ ထုတ်ကြည့်၏။ သက်ပြင်းမောသာ၊ မှုတ်ထုတ်လိုက်သည်။ အပူငွေ့၊ မပါ။

A

မြသီတာက၊သီဟ,၏ ဓာတ်ပုံကို၊ မော့်ကြည့်ရင်း၊မျက်ရည် ဝေ့လာသည် ။ ဆိုင်ဝန်ထမ်း အချို့၏ ၊ စကားသံကြားမှ ၊ မျက်တောင်များကို၊ပုတ်ခတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုရယ် . . "ဟု၊ ရင်ထဲမှ၊ ခေါ်မြည်တမ်းတ,လိုက်စဉ်၊ ပါးပြင်ထက်သို့၊ မျက်ရည်တစ်စက်၊ ဆင်းသက်လာလေသည်၊ ဖယ်သုတ်လိုက်သည့်တိုင်၊ စီးဆင်းရာသည်၊ထင်ကျန်လျက်ရှိသေး၏။ ထာဝစဉ် ရစ်ခွေနေမည့်၊ ပုံသဏ္ဌာန် . . . ။ ။

♥A♥ ♥A♥ ♥A♥

လေးစားခင်မင်လျက်,

မောင်လှမျိုး (ချင်းချောင်းခြံ)

2009.Oct.1

3:15(a.m)

mhm.ccc@gmail.com

BURMESE CLASSIC .com



www.burmeseclassic.com